# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်　　၂၀၁၆ ခုနှစ်၊ မတ် ၁၈ ရက်၊ သောကြာနေ့၊　　အတွဲ [၅၅]၊ အမှတ် [၁၇၀]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)



# အထက်ဆည်တော်ကြီးရေလှောင်တမံဖော်ဆောင် ဒေသတွင်းရေကြီးနစ်မြုပ်မှုမှ ကာကွယ် ဓာတ်အား ၆၄ မဂ္ဂါဝပ်ထုတ်လွှတ်နိုင်မည်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆည်တော်ကြီးရေလှောင်တမံ ကြည့်ရှုစစ်ဆေး

**နေပြည်တော်　မတ်　၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဆည်ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆည်တော်ကြီး ရေလှောင်တမံနှင့် ရေပိုလွှဲဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)






**ဂုဏ်ရည်ဆေးတိုက်**

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဓက (တနယ်ဖင်း) ၀၅၄/၀၇၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြေအသုံးချမှုမှန်ကန်မှ တိုးတက်မည်

နိုင်ငံတော်အနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံထားမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့်မြေအမျိုးအစားဖြစ်စေ မှန်ကန်စွာ အသုံးချနိုင်မှသာ အကျိုးဖြစ်ထွန်းမှုများ ရရှိမည်ဖြစ်ပါသည်။ လယ်ယာမြေများကို စိုက်ပျိုးရန်အတွက်သာ အကျိုးရှိစွာအသုံးချနိုင်မှသာ လယ်ယာထုတ်ကုန်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါသည်။

မြေအသုံးချရေးကော်မရှင် ပေါ်ပေါက်လာပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အမှုတွဲပေါင်း ၁၇၇၁၈ တွဲရှိခဲ့ရာ ၁၃၅၉၆ တွဲကို စိစစ်ဖြေရှင်းနိုင်ခဲ့ပြီး အမှုတွဲ ၄၁၂၂ တွဲမှာ စိစစ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရပါသည်။ လယ်ယာမြေများနှင့် အခြားမြေများ၊ အမှုကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် မြေယာများကို သက်ဆိုင်ရာက လုံးဝ စွန့်လွှတ်သည်များရှိသလို လျော်ကြေးပေး ညှိနှိုင်းဆောင်ရွက်ခြင်းများလည်းရှိပါသည်။ ဤသို့ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စွန့်လွှတ်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေလယ်မြေဧကများ ပြန်လည်တိုးပွားလာမည် ဖြစ်ပါသည်။ လယ်ယာမြေများ ပြန်လည်စွန့်လွှတ်ပေးခြင်းသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားတစ်ခုတည်း မဟုတ်ပေ။ လယ်ယာကဏ္ဍထုတ်ကုန်စီးပွား မြင့်မားတိုးတက်လာရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မလိုလားအပ်ဘဲ လယ်ယာမြေများကို နှစ်ကာလကြာရှည်စွာ သိမ်းဆည်းထားခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေနိုင်ပါသည်။

ဤသို့ နိုင်ငံတော်အနေဖြင့် လယ်ယာမြေနှင့် အခြားမြေများပြန်လည်စွန့်လွှတ်ကာ ပြည်သူများနစ်နာမှုများ မရှိအောင် ဆောင်ရွက်နေသကဲ့သို့ တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပိုင်လယ်ယာမြေများကို အကျိုးရှိမှန်ကန်စွာ အသုံးချနိုင်ရေးသည် အလွန်ပင်အရေးကြီးပါသည်။ စိုက်ပျိုးရေးအတွက် စွန့်လွှတ်လိုက်သော လယ်ယာမြေများကို စိုက်ပျိုးရေးအတွက် ထိရောက်စွာ အသုံးချနိုင်မှသာ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း အချို့သောမြို့ပြများတွင် လယ်ယာမြေများကို လူနေရန်အတွက် လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများအတွက်လည်းကောင်း ချဲ့ထွင်လာမှုများကြောင့် စိုက်ပျိုးရန်လယ်ယာမြေများ လျော့နည်းကျဆင်းလာလျက်ရှိပါသည်။

သို့ဖြစ်၍ သိမ်းဆည်းလယ်မြေများကို ပြည်သူများနစ်နာမှုမရှိစေရေး ပြန်လည်စွန့်လွှတ်ပေးနေသကဲ့သို့ တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပိုင်လယ်ယာများကို အကျိုးရှိရှိ မှန်ကန်စွာ အသုံးချခြင်းဖြင့် လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှု မြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ပန်တိုင်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**ဆီဆိုင် မတ် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ပန်တိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကိုမတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်တိုင်းကျေးရွာတွင် အိမ်ထောင်စု ၇၅ စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၂ ခုအား နေ့ချင်းပြီး အခမဲ့ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒရှင်းလင်း

**ထားဝယ် မတ် ၁၇**



တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒရှင်းလင်းပွဲအခမ်းအနားကို မတ် ၁၆ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒသည် ကလေးများနှင့် မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သန္ဓေသားဘဝမှ ရှစ်နှစ်အရွယ်အထိ ကလေးများ၏ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကာကွယ်စောင့်ရှောက်ရေးတို့ကို မြန်မာနိုင်ငံအစိုးရက အလေးထား ဦးစားပေးထားပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ငါးနှစ်မဟာဗျူဟာ အစီအစဉ်များမှာ လာမည့် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း မူဝါဒကို အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းလမ်းညွှန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး မူဝါဒဆိုင်ရာ အခြေခံသဘောတရားမူဘောင်များကို ရှင်းလင်းပြောကြားသွားကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

## စာရေးဆရာအသင်း အမှုဆောင် ရွေးချယ်

**ဟင်္သာတ မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်ရွေးချယ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မတ်လဒုတိယပတ်က ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး (မင်းခန့်ဟိန်း)က မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ပြီး အလုပ်အမှုဆောင်အဖွဲ့ကိုရွေးချယ်ရာ ဥက္ကဋ္ဌ ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း)၊ အတွင်းရေးမှူး ဒေါ်ခင်စောဝင်း(ခင်ရှင်စော)၊ ဘဏ္ဍာရေးမှူး ဦးကြည်အေး (ပျဉ်းမကုန်း-ကိုကြေး)၊ အဖွဲ့ဝင် ဦးဇော်လင်း(လင်းထက်-အင်းတော်ကြီး)၊ အဖွဲ့ဝင် ဦးတင်ထွဋ်(ထွဋ်ထွဋ်ဦးမောင်-ဟင်္သာတ)တို့အား ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

**အေးထွန်း(ဟင်္သာတ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀/၉၄၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၉.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၆.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၀၁ |
| တရုတ် | တစ်ယွမ် | ၁၈၇.၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၃၃ |

ခင်ရတနာ-စုစည်းသည်။

# ဒေသတွင်းရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်မည့်အပြင် နိုင်ငံတော်အတွက် အဓိက လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ၆၄ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်ခြင်း၊ မန္တလေးမြို့ သောက်သုံးရေဖူလုံစေခြင်း၊ ဆည်တော်ကြီးရေလှောင်တမံ ရေကူအားဖြည့်ပေးနိုင်ခြင်းနှင့် ဒေသတွင်း စိမ်းလန်းစိုပြည်စေခြင်း စသည့် နိုင်ငံတော်၏ရေရှည် အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားစေနိုင်မည်

*** ရှေ့ဖုံးမှ**

ဒေသတွင်းရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၆၄ မဂ္ဂါဝပ်ထုတ်လွှတ်ပေးနိုင်ခြင်း၊ မန္တလေးမြို့ သောက်သုံးရေဖူလုံစေခြင်းနှင့် ဆည်တော်ကြီးရေလှောင်တမံ ရေကူအားဖြည့်ပေးနိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေမည့် အထက်ဆည်တော်ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အယ်နီညို အကျိုးသက်ရောက်နိုင်မှုအခြေအနေများကို ကြိုတင်တွက်ဆပြီး ဆည်ရေပေးဝေမှုလုပ်ငန်းကို စီမံဆောင်ရွက်ထားရန်နှင့် အထက်ဆည်တော်ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည်ဖြင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေလှောင်တမံရှုရပ်မှ ဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တမံပေါ်မှ ရေပိုလွှဲနှင့်ရေအားလျှပ်စစ်စက်ရုံတို့ကိုလည်းကောင်း ကြည့်ရှုသည်။

ဆည်တော်ကြီးရေလှောင်တမံကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ချောင်းမကြီးအတွင်းသို့ စီးဝင်သည့်ရေများကို သိုလှောင်ထိန်းသိမ်းပြီး မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် မန္တလေးဒေသတစ်ဝိုက်ရှိ ဆည်ရေသောက်ဧရိယာဧက ၁၂၇၀၀၀ ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ရန်၊ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၃၄ သန်းခန့်ထုတ်လွှတ်နိုင်ရန်၊ မန္တလေးမြို့ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရန်၊ ဒေသတွင်း စိမ်းလန်းစိုပြည်ပြီး ရာသီဥတု ကောင်းမွန်မျှတလာစေရန်နှင့် ရာသီမရွေး စိုက်ပျိုးရေအလုံအလောက်ပေးဝေနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၁၉၈၇ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်တမံအမျိုးအစားမှာ မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့်တမံဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၆၃၀၀၀ အနက် လက်ရှိတွင် ဧကပေ ၃၃၄၂၈၀ သိုလှောင်ထားရှိသည်။ ယင်းဆည် မှ စိုက်ပျိုးမြေဧက ၉၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ၁၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးတပ်ဆင်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆည်တော်ကြီး ရေလှောင်တမံတွင် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ သိုလှောင်နိုင်သဖြင့် ပိုလျှံစီးဝင်သောရေများကို ထပ်မံထိန်းသိမ်းသိုလှောင်နိုင်ရန်၊ ရေအားလျှပ်စစ် ပိုမိုထုတ်လွှတ်နိုင်ရန်နှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အထက်ဆည်တော်ကြီး ရေလှောင်တမံ စီမံကိန်းကို လက်ရှိဆည်တော်ကြီး ရေလှောင်တမံ၏ အထက်ဘက် ၃၃ မိုင်အကွာတွင် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေး ခွင့်ပြုချက်အရ ၂၀၀၆ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာငွေကြေးကန့်သတ်ချက်အရ ၂၀၀၉ ခုနှစ်တွင် ခေတ္တရပ်နားထားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ဆည်တော်ကြီးတမံရေပိုလွှဲနှင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေကို တွေ့ရစဉ်။

အထက်ဆည်တော်ကြီး ရေလှောင်တမံကို ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်း ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်မည့်အပြင် နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ၆၄ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်ခြင်း၊ မန္တလေးမြို့သောက်သုံးရေဖူလုံစေခြင်း၊ ဆည်တော်ကြီးရေလှောင်တမံ ရေကူအားဖြည့်ပေးနိုင်ခြင်းနှင့် ဒေသတွင်းစိမ်းလန်းစိုပြည်စေခြင်း စသည့် နိုင်ငံတော်၏ရေရှည် အမျိုးသားရေးအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားစေနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဆည်တော်ကြီးရေလှောင်တမံမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



ဆည်တော်ကြီးရေလှောင်တမံ၏ ရေအားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစခန်းကို တွေ့ရစဉ်။

# မိသားစုထံသို့ သတင်းစကားပေးပို့နေသည့် ဂျပန်စာနယ်ဇင်းသမားတစ်ဦး၏ ဗီဒီယိုဖိုင်ထွက်ပေါ်

**တိုကျို မတ် ၁၇**

ပျောက်ဆုံးနေသော ဂျပန်သတင်းထောက်တစ်ဦးက ၎င်း၏နိုင်ငံနှင့် မိသားစုထံသို့ သတင်းစကားတစ်ခု ပေးပို့ဖတ်ကြားနေသည့်ပုံကို ကြာသပတေးနေ့က ဗီဒီယိုပြကွက်တစ်ခု၌ ဆီးရီးယားရှိ အယ်ခိုင်ဒါဆက်စပ်အဖွဲ့က ဖော်ပြခဲ့ကြောင်း သိရသည်။

"ဟယ်လို ကျွန်တော် ဂျန်ပေ ရာဆူဒါပါ။ ဒီနေ့ မတ် ၁၆ ရက် ကျွန်တော့်ရဲ့မွေးနေ့ပါ" ဟု ယင်းဂျပန်နိုင်ငံသား ပြောကြားနေသော ဗီဒီယိုပြကွက်တစ်ခု ဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ တင်ခဲ့ကြောင်း သိရသည်။

အဖြူရောင်နံရံရှေ့ရှိ စားပွဲ၌ထိုင်နေသော လူတစ်ဦးက ၎င်း၏မိသားစုနှင့် ခွဲခွာနေရသည့်အတွက် လွမ်းနေကြောင်းပြောခဲ့သည်။ ၎င်းသည် အနက်ရောင်ဆွယ်တာနှင့် လည်စည်းကို ဝတ်ဆင်ထားပြီး အင်္ဂလိပ်ဘာသာဖြင့်စိတ်လှုပ်ရှားစွာ ပြောကြားခြင်းဖြစ်ကြောင်း တစ်မိနစ်စာ ဗီဒီယိုတွင် တွေ့ရသည်။

ဇွန်လက ရာဆူဒါသည် ဆီးရီးယားဘက်မှ တူရကီနိုင်ငံသို့ ဝင်ရောက်စဉ် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။ ယင်းဗီဒီယိုဖိုင်တင်ခဲ့သောသူနှင့် ဖုန်းအဆက်အသွယ်ရခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြပြီး အဆိုပါပုဂ္ဂိုလ်သည် ရာဆူဒါလွှတ်စေလိုက်သောသူထံမှ ယင်းဖိုင်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါဗီဒီယိုဖိုင်၌ တွေ့ရသောသူသည် ရာဆူဒါဖြစ်နိုင်ကြောင်း ဝန်ကြီးအဖွဲ့အကြီးအကဲ ရိုရှီဟီဒါဆူဂါကပြောသည်။ ဂျပန်နိုင်ငံသားများ၏ လုံခြုံရေးသည် အရေးကြီးတာဝန်များထဲမှ တစ်ခုပင်ဖြစ်ကြောင်း၊ ဖြစ်နိုင်ခြေရှိသည့် သတင်းအချက်အလက်များစုဆောင်းပြီး တုံ့ပြန်သွားမည်ဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အသေးစိတ်အချက်များကိုမူ ချပြခြင်းမရှိပေ။ ငွေညှစ်တောင်းဆိုမှုများပြုလုပ်ခဲ့လျှင် အစိုးရအနေနှင့် လက်ခံလိမ့်မည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**(ရိုက်တာ)**



ဂျပန်အလွတ်တန်းသတင်းထောက် ရာဆူဒါ(ဝဲပုံ)နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ နိုဘူတာကာ ဝါတာနာဘေးတို့ကို ၂၀၀၄ ခုနှစ်က တိုကျို၌ပြုလုပ်သော တွေ့ဆုံပွဲတစ်ခုတွင် တွေ့ရစဉ်။

# အမေရိကန်သမ္မတဖြစ်လာနိုင်သည့် ဒေါ်နယ်ထရန့်ပ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက စုစည်းလျက်ရှိ

**တိုကျို မတ် ၁၇**

ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနက နောင်အမေရိကန်သမ္မတဖြစ်လာနိုင်သည့် ရီပတ်ဘလစ်ကန် အမတ်လောင်း ဒေါ်နယ်ထရန့်ပ်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို စုစည်းနေကြောင်း သိရသည်။

ဒေါ်နယ်ထရန့်ပ် အနေဖြင့် အကယ်၍ အမေရိကန်သမ္မတဖြစ်လာပါက မည်သူ့ကို နိုင်ငံခြားရေးဝန်ကြီးခန့်အပ်မည်၊ အခြားအရေးကြီးရာထူးများကို မည်သူ့ကို အပ်နှင်းမည်၊ မည်သည့်မူဝါဒကို ကျင့်သုံးမည်နည်းဆိုသည့် အချက်များနှင့်ပတ်သက်ပြီး အချက်အလက်များကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် စုစည်းနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတဖြစ်ရန် ရေပန်းစားနေသော ရီပတ်ဘလစ်ကန် အမတ်လောင်း ဒေါ်နယ်ထရန့်ပ်သည်လည်း ပြည်နယ်အတော်များများကို မဲဆွယ်စည်းရုံးနိုင်ခဲ့သလို ဒီမိုကရက်တစ်အမတ်လောင်း ဟီလာရီကလင်တန်ကလည်း ပြည်နယ်အတော်များများတွင် အလားအလာကောင်းလျက်ရှိသည်။

ဒေါ်နယ်ထရန့်ပ်က အမေရိကန်မဟာမိတ်ဖြစ်သော ဂျပန်နိုင်ငံအပေါ် သဘောထား တင်းမာလျက်ရှိပြီး ဂျပန်-အမေရိကန် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်သည် တရားမျှမရှိကြောင်း ပြောခဲ့သည်။

ဂျပန်နိုင်ငံ ခေါင်းဆောင်ပိုင်းတာဝန်ရှိသူများက ဒေါ်နယ်ထရန့်ပ်၏ သမ္မတနေရာယှဉ်ပြိုင်မှုက ဂျပန်နိုင်ငံဆက်ဆံရေးနှင့် ကမ္ဘာ့စီးပွားရေးအပေါ် ဂယက်ရိုက်မည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ဟီလာရီကလင်တန်နှင့် သက်ဆိုင်သော သတင်းအချက်အလက်သိရှိမှုထက်နှိုင်းယှဉ်လျှင် ဒေါ်နယ်ထရန့်ပ်နှင့် ပတ်သက်သော သတင်းအချက်အလက်သိရှိမှု နည်းပါးသေးကြောင်း ဂျပန်တာဝန်ရှိသူများက ဝန်ခံပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**




# မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှု ထပ်မံပြုလုပ်ရန် အိုဘားမားညွှန်ကြား

**ဝါရှင်တန် မတ် ၁၇**

မကြာသေးမီက ပြုလုပ်သော နျူကလီးယားစမ်းသပ်မှုများအတွက် မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှု အသစ်ပြုလုပ်ရန် အမိန့်ညွှန်ကြားမှုတစ်ခုကို အမေရိကန်သမ္မတ ဘားရတ်အိုဘားမား လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ဗုဒ္ဓဟူးနေ့က အတည်ပြုချက်ရယူခဲ့သော အဆိုပါ အမိန့်ညွှန်ကြားလွှာတွင် မြောက်ကိုရီးယားအပေါ် ယခုလအစောပိုင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို အမေရိကန်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုသည်။

မြောက်ကိုရီးယားအစိုးရ လုံခြုံရေးဌာန နှစ်ခုနှင့် အဖွဲ့အစည်း ၁၅ ခုကို အဓိကထားပြီး အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ဆွေးနွေးပွဲတစ်ရပ်၌ ဘဏ္ဍာရေးဌာနက စီစဉ်ခဲ့သည်။

အဆိုပါအဖွဲ့အစည်းများထဲတွင် အလုပ်သမားပါတီ၏ ဝါဒဖြန့်ချိရေးဌာနအပါအဝင် ဘဏ္ဍာရေးဌာန၊ မြောက်ကိုရီးယားစက်ဘက်ဆိုင်ရာနှင့် ပတ်သက်ဆက်နွှယ်သည့် ကုန်သွယ်ရေးကုမ္ပဏီတစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

အမေရိကန် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့သည် နိုင်ငံတကာ လူမှုအဖွဲ့အစည်းများ၊ မိတ်ဖက်များနှင့် ပူးပေါင်း၍ မြောက်ကိုရီးယားက ၎င်း၏တရားမဝင် ပြုလုပ်နေသော နျူကလီးယားအစီအစဉ်များကို စွန့်လွှတ်ရန် ဖိအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# လိုဏ်ခေါင်းအတွင်း ယာဉ်များစုပြုံတိုက်မိပြီး မီးလောင်မှုဖြစ်ပွားရာမှ နှစ်ဦးသေဆုံး

**တိုကျို မတ် ၁၇**

ဂျပန်နိုင်ငံအနောက်ဘက် ဟီရိုရှီးမားစီရင်စု အဝေးပြေးလမ်းပေါ်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခုတွင် ယာဉ် ၁၂ စီး စုပြုံဆင့်တိုက်မှုဖြစ်ပွားပြီး မီးတောက်လောင်ခြင်းကြောင့် လူနှစ်ဦးသေဆုံးသွားကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြ သည်။

ယင်းမတော်တဆမှုမှာ ကြာသတေးနေ့နံနက် ၇ နာရီခွဲတွင် ဟီဂါရှိဟီရိုရှီးမားမြို့ ဆန်ညိုအဝေးပြေးလမ်းပေါ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်ငါးစီး မီးလောင်သွားကြောင်း သိရသည်။

လူနှစ်ဦး အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး အခြား ၆၈ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း ၇၀ နှင့် ခရီးသည်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့က ပြောသည်။

အဝေးပြေး နှစ်လမ်းသွားပေါ်တွင်ရှိသော ဥမင်လိုဏ်ခေါင်းသည် ၈၄၀ မီတာရှည်ကြောင်း သိရသည်။ မတော်တဆမှုမှာ လိုဏ်ခေါင်းထိပ်မှ ၆၀၀ မီတာအကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနဦးတိုက်မိမှုဖြစ်ပွားပြီးနောက် မော်တော်ယာဉ်များ လိုဏ်ခေါင်းတွင်း စုပြုံသွားပြီး အများအပြား မီးစွဲလောင်သွားကြောင်း တာဝန်ရှိသူများက ပြောသည်။

လိုဏ်ခေါင်းတွင်းပိတ်မိနေနိုင်သော လူများကို မီးသတ်သမားများနှင့် ရဲများက ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

လိုဏ်ခေါင်းအတွင်း မီးလောင်မှုဖြစ်ပွားပါက သတ်မှတ်အပူချိန်ထက်ကျော်လွန်သည့်အခါ ရေဖျန်းသည့်စနစ်ကို တပ်ဆင်ထားခြင်းမရှိကြောင်း လိုဏ်ခေါင်းအော်ပရေတာက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ဆီးရီးယားရှိ ကာ့ဒ်စစ်သွေးကြွများက ဖက်ဒရယ်စနစ်အုပ်ချုပ်ရေးရရှိရန် လုပ်ဆောင်နေ

**ဂျီနီဗာ မတ် ၁၇**

ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်စစ်သွေးကြွများ ထိန်းချုပ်ခံဒေသကို ဖက်ဒရယ်စနစ်ဖြင့် အုပ်ချုပ်ရန် ကြာသပတေးနေ့၌ ကြေညာဖွယ်ရှိရာ ငါးနှစ်ကျော်ကြာစစ်ပွဲ အဆုံးသတ်ရေးအတွက် ပြုလုပ်သော ဂျီနီဗာဆွေးနွေးပွဲသည် ပိုမိုရှုပ်ထွေးဖွယ်ရာရှိနိုင်ကြောင်း ဆိုသည်။

ရုရှားက ဆီးရီးယားရှိ စစ်လေယာဉ်များကို ပြန်လည်ခေါ်ယူပြီးနောက်တွင် လူသားချင်းစာနာရေးအကူအညီများ အလက်ပိုမြောက်ပိုင်းပြည်နယ်များသို့ ထပ်မံရောက်ရှိခဲ့ကြောင်း၊ ကုလသမဂ္ဂကြားဝင်ဖျန်ဖြေရေးသမား စတက်ဖန်ဒီမစ္စတူရာက တိုက်ခိုက်မှုများ အဆုံးသတ်ရန် မော်စကိုက အရေးပါသောကြောင့် ရုရှားတပ်မတော်နှင့် အကြံပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့သော် အပစ်ရပ်စဲရေး ရက်သတ္တနှစ်ပတ်ကျော် ကြာခဲ့သော်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားရှိ အာဆတ်ထောက်ခံသော ၎င်း၏တပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ဆောင်ရေး ဆုံးဖြတ်ချက်မှာ ဂျီနီဗာဆွေးနွေးပွဲတွင် မတင်မကျ ဖြစ်နေသေးသည်။

ကာ့ဒ်စစ်သွေးကြွများသည် အပစ်ရပ်စဲရေးချိုးဖောက်မှု ၁၀ ခုကို ထပ်မံပြုလုပ်ခဲ့သည်ဟု ဗုဒ္ဓဟူးနေ့က ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ တင်ပြခဲ့ကြောင်း၊ ၎င်းတို့သည် ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်ဦးဆောင်သည့် ဒေသသုံးခုကို ပေါင်းစည်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဖက်ဒရယ်စနစ်ကို ထူထောင်ရန် အစီအစဉ်ရှိလိမ့်မည်ဖြစ်ကြောင်းကိုလည်း သိရသည်။

ကာ့ဒ်ထိန်းချုပ်ခံမြို့ ရာမီလီယံ၌ ကျင်းပသည့် ဆွေးနွေးပွဲတစ်ရပ်မှ အစီအစဉ်သစ်ကို ကြာသပတေးနေ့တွင် ကြေညာလိုက်ခြင်းသည် အိမ်နီးချင်းနိုင်ငံ တူရကီကို သတိပေးမှုတစ်ခုဖြစ်စေခဲ့သည်။

ဆီးရီး ယား၌ ခွဲထွက်ရေးသမား ကာ့ဒ်စစ်သွေးကြွများ တိုးပွားလာခြင်းကို တူရကီက စိုးရိမ်လျက်ရှိသည်။

"ဆီးရီးယားရဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ဒေသပေါင်းစည်းရေးဟာ ကျွန်တော်တို့အတွက် အခြေခံအကျဆုံးအချက်ပါ။ ဒီလိုမဟုတ်ဘဲ တစ်ဖက်သတ်ဆုံးဖြတ်ချက်တွေနဲ့တော့ အလုပ်ဖြစ်မှာ မဟုတ်ဘူး" ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောသည်။

**(ရိုက်တာ)**



ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသော ဂျီနီဗာဆွေးနွေးပွဲ၌ စေ့စပ်ညှိနှိုင်း ဆွေးနွေးနေကြသူများကို တွေ့ရစဉ်။


# တပ်မတော်နှစ်ရပ်ကြားဆက်ဆံရေး၊ နိုင်ငံတကာအခြေအနေများ အမြင်ချင်းဖလှယ်

**နေပြည်တော် မတ် ၁၇**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian Ludwing Weber Lortsch အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေး အခြေအနေများ၊ နိုင်ငံတကာအခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြပြီး ဂျာမနီနိုင်ငံသံအမတ်ကြီးနှင့်အတူ ပထမအတွင်းဝန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ယာဉ်ဖြတ်သန်းခကို သတ်မှတ်ထားသည့်နှုန်းထားထက် ပိုကောက်ခံပါက ကောက်ခံသည့် လမ်း၊ တံတားဂိတ်များအား အရေးယူမည်

**မော်လမြိုင် မတ် ၁၇**

ယာဉ်ဖြတ်သန်းခကို သတ်မှတ်ထားသည့်နှုန်းထားထက် ပိုကောက်ခံပါက ကောက်ခံသည့် လမ်း၊ တံတားဂိတ်များအား ထုတ်ပြန်ထားသည့်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်း၊ တံတားဂိတ်များ လေလံလုပ်ကိုင်ခွင့်ပေးအပ်ပွဲတွင် မွန်ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောကြားသည်။

မော်လမြိုင်မြို့ မောင်ငံရပ်ကွက် တောင်ရိုးတန်းလမ်းရှိ မွန်ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာနရုံး၌ မတ် ၁၆ ရက် နံနက် ၁၀ နာရီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်း၊ တံတားဂိတ်များ လေလံလုပ်ကိုင်ခွင့်ပေးအပ်ပွဲတွင် လမ်းအသုံးပြုကောက်ခံရေးဂိတ် နှစ်ခု၊ တံတားအသုံးပြုခကောက်ခံရေးဂိတ် ငါးခုရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရန်ကုန်-မြိတ်လမ်း၊ သံဖြူဇရပ်-ရေး မိုင် ၅၆ မိုင် ၂ ဖာလုံ သတ်မှတ်လေလံတန်ဖိုးငွေကျပ် ၂၄၃ ဒသမ ၇၂ သိန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ တွင် သတ်မှတ်လေလံတန်ဖိုးငွေကျပ် သိန်း ၃၅၀ ဖြစ်ကြောင်း၊ ရေး-သံဖြူဇရပ် ၅၆ မိုင် ၂ ဖာလုံ၊ ရေး/ရေးနယ်စပ် ၁၉ မိုင် ၄ ဖာလုံနှင့် ရေးနယ်စပ်မှ ရေး ၁၉ မိုင် ၄ ဖာလုံတို့ကို ၂၀၁၅-၂၀၁၆ သတ်မှတ်လေလံတန်ဖိုး ငွေကျပ် ၄၄၅ ဒသမ ၄၅ သိန်းဖြစ်ပြီး ယခုနှစ် ၂၀၁၆-၂၀၁၇ သတ်မှတ်လေလံတန်ဖိုး ငွေကျပ် သိန်း ၅၆၀ ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း**

# (၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

စီဘူး မတ် ၁၇

**(၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ် လာပူလာပူမြို့၌ မတ် ၁၅ မှ ၁၇ ရက်အထိကျင်းပလျက်ရှိရာ (၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ကျင်းပသည်။**

အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ် လာပူလာပူမြို့တော်ဝန် Ms. Paz C Radaza က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှု အဆိုအကများနှင့် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းဝေးများ၏ဥက္ကဋ္ဌဖြစ်သူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အမှာစကားပြောကြားပြီး (၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Mr. Herminio B. Coloma ထံ ဥက္ကဋ္ဌ တာဝန်များ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Mr. Herminio B. Coloma က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် (၁၃) ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးရလဒ်များကိုအတည်ပြုပြီး အာဆီယံဆက်သွယ်ရေးဆိုင်ရာ မဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်စေရန်ဆောင်ရွက်မည့်အစီအစဉ်များ၊ အာဆီယံပြန်ကြားရေးနှင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ အဓိကမဟာဗျူဟာ (၄) ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ဆက်လက်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအလိုက် မီဒီယာဖွံ့ဖြိုးမှုအား လေ့လာ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ၊ မီဒီယာဆိုင်ရာ လုပ်ငန်းများနှင့် သင်တန်းအစီအစဉ်ဆိုင်ရာပူးပေါင်းစီစဉ်ဆောင်ရွက်မှုများ၊ အာဆီယံနိုင်ငံများ၏ မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးမှုများ၊ ၂၀၁၇ ခုနှစ်တွင်ပြည့်မြောက်မည့် အာဆီယံစတင်ထူထောင်ခြင်း နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအလိုက် ကျင်းပဆောင်ရွက်မည့် အစီအစဉ်များ၊ အာဆီယံပြည်သူများအနေဖြင့် အာဆီယံ၏အခန်းကဏ္ဍကို ပိုမိုသိသာထင်ရှားစေရန် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာသော ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအပြီးတွင် (၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ဆက်လက်၍ (၄) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ ဒေသတွင်း မီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအသိအမြင် မြှင့်တင်ရေးအတွက် ပြန်ကြားရေးကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ကူညီထောက်ပံ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ပြီး အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။



(၄) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အကြိုအစည်းအဝေးများအဖြစ် (၁၄) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၄)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ-ဂျပန်ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့၌ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

# သဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှု သုံးသပ်ညှိနှိုင်းစည်းဝေး

**ဟားခါး မတ် ၁၇**

သဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသုံးသပ်ခြင်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်နှင့် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UN, INGOS, NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက သဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ UN-OCHA တာဝန်ခံက လူသားချင်းစာနာထောက်ပံ့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ UN, INGOS, NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သဘာဝဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်လူမှုရေးဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးတက်မှုမှတ်တမ်း

**မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အသစ်ပြဋ္ဌာန်းပြီးနောက် ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာဝင်ရောက်လာခဲ့သည်။**

**ထို့ပြင် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မူဝါဒပြုပြင်ပြောင်းလဲမှုများ၊ လုပ်ထုံးလုပ်နည်းပြုပြင်ပြောင်းလဲမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်မှ ထုတ်ဝေသော Doing Business Report 2016 တွင် နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၌ မြန်မာနိုင်ငံ၏ အဆင့်သည် ၁၆၇ သို့ရောက်ရှိခဲ့ပြီး စီးပွားရေးလုပ်ငန်း စတင်လုပ်ဆောင်ခြင်းတွင် ၂၀၁၅ ခုနှစ်တွင် အဆင့် ၁၈၉ ရှိခဲ့ရာမှ အဆင့် ၁၆၀ သို့ ရောက်ရှိကာ ယခင်ထက် ၂၉ ဆင့် မြင့်တက်လာခဲ့သည်။**

ဆွေနိုင်အောင်

ယခုကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက "၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ လိုအပ်တဲ့ ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲမှု၊ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနဲ့ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

"ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်လို့ နိုင်ငံတကာစံချိန် စံညွှန်းတွေနဲ့ကိုက်ညီပြီး လွယ်ကူချောမွေ့စေဖို့ ဖြေလျှော့မှုအဖြစ် ရင်းနှီးမြှုပ်နှံမှုတွေအပေါ် အခွန်ကင်းလွတ်ခွင့် ကာလတိုးမြှင့်ပေးပါတယ်။ မြေငှားရမ်းမှုနဲ့ပတ်သက်ပြီး ဖြေလျှော့ပေးပါတယ်။ နိုင်ငံခြားငွေ လွှဲပြောင်းသုံးစွဲခွင့်အပေါ် ဖြေလျှော့ပေးတယ်။ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေအပေါ် ဖြေလျှော့ပေးတယ်။ ခေတ်ကာလနဲ့ လိုက်လျောညီထွေမှုရှိရမယ့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအမျိုးအစား သတ်မှတ်ပါတယ်။

ကစပြီး ဒီကနေ့အထိ မြန်မာနိုင်ငံမှာ ပြည်ပနိုင်ငံ စုစုပေါင်း ၄၄ နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုရှိတဲ့အနက် အခု ငါးနှစ်တာကာလအတွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံပေါင်းက ၃၈ နိုင်ငံရှိပါတယ်" ဟု ပြောပြသည်။

ငါးနှစ်တာ ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံသော အဓိကနိုင်ငံများမှာ စင်ကာပူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း၊ ဟောင်ကောင်၊ နယ်သာလန်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၃၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၂၄၁၅၇၅ ဒသမ ၅၃ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၆၅ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၁၇၄၆၂၅ ဒသမ ၂၉ သန်းရှိခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေကွက်၌ First Myanmar Construction ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာဒုတိယဗဟိုစီးပွားရေးဇုန်ပုံစံကို တွေ့ရစဉ်။**
(အဆိုပါစီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၃၅၀ အကုန်အကျခံ တည်ဆောက်လျက်ရှိပြီး ဟိုတယ်ကြီးများ၊ ကုမ္ပဏီရုံးခန်းများ၊ စီးပွားရေးဆိုင်ရာ ရုံး၌ာနများ၊ ရှော့ပင်းစင်တာများ၊ အိုင်တီအဆောက်အအုံများ ပါဝင်မည်ဖြစ်သည်။) **ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

"ဒါ့အပြင် လိုအပ်တဲ့အမိန့် ကြော်ငြာစာတွေ ထုတ်ပြန်ပေးပါတယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု မြင့်တင်တဲ့ အစီအစဉ်တွေ ဆောင်ရွက်ခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ ပြည်တွင်း ဆက်စပ်အစိုးရဌာန/ပုဂ္ဂလိက အသင်းအဖွဲ့တွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ဒါတွေကြောင့် ငါးနှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ငါးနှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၁၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၆၄၄ ဒသမ ၄၆၀ ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၉၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၁၉ ဒသမ ၄၆၇ သန်းရှိခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်း ၁၂၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၁၀၇ ဒသမ ၀၅၅ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၂၁၀ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၁၀ ဒသမ ၅၃၃ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၁၉၆ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၇၄၀ သမ ၂၂၃ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးက "၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် စတင်ပေါ်ပေါက်လာချိန်

လုပ်ငန်း ၆၈ ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ်သန်းပေါင်း ၁၇၁၅၇၅၂ ဒသမ ၂၆ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင်လုပ်ငန်း ၆၆ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၂၀၆၉၂၁ ဒသမ ၉၇ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း ၁၂၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၅၅၉၈၂၁၃ ဒသမ ဝ၃ သန်းအထိ ခွင့်ပြုပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုနှင့်ပတ်သက်၍ ဦးအောင်နိုင်ဦးက "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံသားလုပ်သား စုစုပေါင်း ၅၂၃၅၀၄ ဦးကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ပြီး သမ္မတကြီးဦးသိန်းစိန် အစိုးရလက်ထက်မှာ စုစုပေါင်း ၃၅၇၂၄၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့တဲ့အတွက် စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း ၆၈ ဒသမ ၂၄ ရာခိုင်နှုန်းကို ငါးနှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောပြသည်။

အလားတူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံသား လုပ်သားစုစုပေါင်း ၂၉၄၉၁၉ ဦးအား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် စုစုပေါင်း ၈၇၁၆၂ ဦးအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သည့်အတွက် စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းအပေါ် ၂၉ ဒသမ ၅၅ ရာခိုင်နှုန်းကို ငါးနှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရသည်။

မိမိတို့နိုင်ငံအတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့်ပတ်သက်၍ ကာလနှစ်ခုအတွင်း ပုံသဏ္ဍာန်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ ဝင်ရောက်မှုများ၌ သဘာဝအရင်းအမြစ်ကို အခြေခံသောလုပ်ငန်းများမှာ အများဆုံးဝင်ရောက်ခဲ့သည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု စီးဝင်မှုအပေါ် လျှပ်စစ်ကဏ္ဍတွင် ၄၀ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် အများဆုံး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၃၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ၂ ဒသမ ၉၅ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း သိရှိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှု၌ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် အများဆုံး၊ လျှပ်စစ်ကဏ္ဍတွင် ၂၀ ဒသမ ၃၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၉ ဒသမ ၇၉ ရာခိုင်နှုန်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ၁၈ ဒသမ ၈၄ ရာခိုင်နှုန်း၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် ၇ ဒသမ ၆၁ ရာခိုင်နှုန်းအသီးသီးရှိပြီး ငါးနှစ်တာကာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုများတွင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ကဏ္ဍအသီးသီး အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ခွင့်ပြုရာ၌ ခေတ်နှင့်လျော်ညီစွာ ပြဋ္ဌာန်းထားသော ကော်မရှင်၏ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု ဦးအောင်နိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

၎င်းက "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ခွင့်ပြုရာမှာ လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်တဲ့သဘာဝနဲ့ လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး ဆောင်ရွက်မယ့် အစီရင်ခံစာတွေဖြစ်တဲ့ Initial Enviromental Examination (IEE), Enviroment Impact Assessment (EIA), Social Impact Assessment (SIA), Enviromental Management Plan (EMP), Enviromental Social and Health Impact Assessment (ESHIA), Enviromental Social Impact Assessment (ESIA) ဆန်းစစ်ချက်တွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ရှင်းပြသည်။

ကော်မရှင်အနေဖြင့်လည်း ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ အမှတ် (၅၀/၂၀၁၄) ကို ထုတ်ပြန်ခဲ့ပြီး သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်ဟု ဆိုသည်။

ကော်မရှင်အတွင်းရေးမှူးက "၂၀၁၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်နဲ့အညီ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၉၇ ခုမှာ စက်မှုကဏ္ဍက အစီရင်ခံစာ ၄၅ ခု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍက အစီရင်ခံစာ လေးခု၊ အိမ်ရာအဆောက်အအုံကဏ္ဍက အစီရင်ခံစာ ရှစ်ခု၊ ဟိုတယ်ကဏ္ဍက အစီရင်ခံစာ တစ်ခု၊ စွမ်းအင်ကဏ္ဍက အစီရင်ခံစာ ၄၀၊

> **ရင်းနှီးမြှုပ်နှံမှုတွေ အခုလိုဖွံ့ဖြိုးတိုးတက်လာတာနဲ့ အမျှ ပြည်တွင်းလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမယ်၊ နည်းပညာဖွံ့ဖြိုးမှုကနေ တစ်ဆင့် ထုတ်ကုန်သစ်တွေ ပိုမိုထုတ်လုပ်နိုင်ပြီး ပို့ကုန်တင်ပို့မှုလည်း ပိုမိုတိုးတက်လာမှာဖြစ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့များစွာဖြစ်**

သတ္တုတူးဖော်ရေးကဏ္ဍက အစီရင်ခံစာ ခြောက်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍက အစီရင်ခံစာသုံးခု၊ စိုက်ပျိုးရေးကဏ္ဍက အစီရင်ခံစာတစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍက အစီရင်ခံစာ ၁၄ ခု စုစုပေါင်း အစီရင်ခံစာတင်ပြမှု ၁၂၂ ခု ရှိခဲ့ပါတယ်။

"မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၆ ခုမှာ စက်မှုကဏ္ဍက အစီရင်ခံစာ ၂၀ ခု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍက အစီရင်ခံစာ ရှစ်ခု၊ အိမ်ရာအဆောက်အအုံကဏ္ဍက အစီရင်ခံစာ ၂၃ ခု၊ ဟိုတယ်ကဏ္ဍက အစီရင်ခံစာ ၆၄ ခု၊ လျှပ်စစ်ကဏ္ဍက အစီရင်ခံစာ လေးခု၊ သတ္တုတူးဖော်ရေးကဏ္ဍက အစီရင်ခံစာ ရှစ်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍက အစီရင်ခံစာနှစ်ခု၊ စိုက်ပျိုးရေးကဏ္ဍက အစီရင်ခံစာတစ်ခု၊ စက်မှုဇုန်တည်ဆောက်မှုကဏ္ဍက အစီရင်ခံစာ တစ်ခု စုစုပေါင်း အစီရင်ခံစာတင်ပြမှု ၁၃၂ ခု တင်ပြထားပါတယ်"ဟု ပြောသည်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်နိုင်ရန် လွှတ်တော်သို့တင်ပြ

**နေပြည်တော် မတ် ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်နိုင်ရန်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ဖြစ်ကြသည်။

ယနေ့လွှတ်တော်သို့ တင်ပြခဲ့သည့် ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးရေတို့ကို သတ်မှတ်နိုင်ရန် မတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ




**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပစဉ်။**

**နေပြည်တော် မတ် ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီ တွင်ကျင်းပရာ နိုင်ငံတကာလွှတ်တော် ဥက္ကဋ္ဌများက ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာနှစ်ခု၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမှုများနှင့် ကယားပြည်နယ်မှ ရပ်ကွက်နှင့်ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမှု၊ ပယ်ဖျက်မှုနှင့် အမည်ပြောင်းလဲမှုတို့ကို မှတ်တမ်းတင်ခြင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးရေ သတ်မှတ်နိုင်ရေးလွှတ်တော်သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ စင်ကာပူနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ Mdm. Halimah Yacob နှင့် ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Mr. Marzoug Ali Al-Ghanim တို့မှပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာတို့ကို မှတ်တမ်းတင်သည်။

ဆက်လက်၍ လွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခု၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်းတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ ဆိုင်ရာလုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်းခြောက်ခုအတွက် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၃၉၁၅ ဒသမ ၂၂၄ ခွဲဝေသုံးစွဲထားရှိမှုကို မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နာယကက ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့ နယ်အတွင်းရှိ ရပ်ကွက် (၆)ရပ်ကွက်နှင့်ကျေးရွာနှစ်ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာခြောက်ရွာ ပယ်ဖျက်ခြင်း၊ ဒီမော့ဆိုမြို့နယ်တွင် ကျေးရွာ ငါးရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာသုံးရွာပယ်ဖျက်ပြီး ကျေးရွာတစ်ရွာ အမည်ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖရူဆိုမြို့နယ်တွင် ကျေးရွာ တစ်ရွာ ပယ်ဖျက်ခြင်းနှင့် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်တွင် ကျေးရွာခြောက်ရွာတိုးချဲ့ဖွဲ့စည်း၍ ကျေးရွာရှစ်ရွာ ပယ်ဖျက်ခြင်းကိစ္စရပ်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန အရေအတွက်ကို ၂၁ ဌာနဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေကို ၁၈ ဦးဖြင့် လည်းကောင်း သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုနှင့်သာသနာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။



ယင်းနောက် လွှတ်တော်နာယကက ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်နိုင်ရန် တင်ပြချက်နှင့်စပ်လျဉ်းပြီး မတ် ၁၈ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်းအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# စာပို့ စာဝေစနစ်များ ပြည်သူ့လက်ဝယ်သို့ အချိန်မီရောက်ရှိအောင် နည်းလမ်းရှာဖွေ

**နေပြည်တော် မတ် ၁၇**

ပြည်သူတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍတွင်ပါသည့်အတွက် ဝန်ထမ်းများမှ ပြည်သူကိုအကျိုးပြုသော ပြည်သူ့ဝန်ထမ်းများဖြစ်အောင် ဝန်ဆောင်မှုကောင်းများဖြင့် အလုပ်အကျွေးပြုသွားရမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ရှိ အော်တိုအိတ်ချိန်းနှင့် စာတိုက်စခန်းတွင် ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

ထို့နောက် မလှိုင်မြို့ စာတိုက်စခန်းသို့ရောက်ရှိပြီး စာတိုက်လုပ်ငန်းသည် ပြည်သူကိုဝန်ဆောင်မှုပေးသော လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းတိုင်းကို အဆင်ပြေချောမွေ့စေရန် ဖြေလျှော့၍ ပြည်သူကျေနပ်သည်အထိ အကောင်းဆုံးဝန်ဆောင်မှုပေးကာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စာရွက်စာတမ်းကိစ္စရပ်များကို စာတိုက်မှတစ်ဆင့် ပြည်သူက အားကိုးဆောင်ရွက်နေရသည့်အတွက် စာပို့ စာဝေစနစ်များ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြည်သူ့လက်ဝယ်သို့ အချိန်မီရောက်ရှိအောင် နည်းလမ်းရှာဖွေကြိုးပမ်းပေးပို့ရမည်ဖြစ်ကြောင်း ဝန်ထမ်းများအား ပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့ ပန်းအိုင် BTS စခန်းသို့ ရောက်ရှိပြီး မိုဘိုင်းဆက်သွယ်မှုများ မပြတ်တောက်စေရေး၊ စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် စက်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဝမ်းတွင်းမြို့ မိုက္ကရိုဝေ့စခန်းနှင့် စာတိုက်သို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများ၏ ရှင်းလင်းတင်ပြမှုအပေါ် ကျေးလက်ဒေသမှ နိုင်ငံရပ်ခြားဒေသအထိ တယ်လီဖုန်းဆက်သွယ်မှုများ အရည်အသွေးပိုမိုကောင်းမွန်အောင် နည်းလမ်းရှာဖွေကြိုးစားဆောင်ရွက်သွားရန်နှင့် သဘာဝမီးဘေးအန္တရာယ်မကျရောက်အောင် အထူးဂရုပြုဆောင်ရွက်သွားရန်၊ သန့်ရှင်းရေးနှင့်လုံခြုံရေးကို သတိပြုဆောင်ရွက်သွားရန် မှာကြားသည်။

မတ် ၁၇ ရက်တွင် တပ်ကုန်းမြို့ မိုက္ကရိုဝေ့စခန်းနှင့် စာတိုက်စခန်းတို့ကိုလည်းကောင်း၊ ရမည်းသင်းမြို့ ဆက်သွယ်ရေးစခန်းနှင့် စာတိုက်စခန်းတို့ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့ စာတိုက်နှင့် အိတ်ချိန်းစခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

---

# တိုက်ကြီးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တိုက်ကြီးမြို့နယ် တရားရုံးသစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ ဧည့်သည်တော်များသည် မြို့နယ်တရားရုံးအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(မြန်မာ့အလင်း)**

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် မတ် ၁၇**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ **(ယာပုံ)** နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အရိယာလင်္ကာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရွေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ အစီရင်ခံစာ၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် ပညာရေး ဆောင်ရွက်ချက်များကို ကိုယ်စားလှယ် ဆရာတော်များက ဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ရွေးချယ်တင်မြှောက်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစားထိုးရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမိန့်ကိုဖတ်ကြား၍ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော်က အဖွင့် ဩဝါဒကထာ မြွက်ကြားတော်မူသည်။ ယင်းနောက် ကြီးကြပ်ရေးအဖွဲ့အကျိုးတော်ဆောင် ဆရာတော်က သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအခန်း(၁၁) အပိုဒ်(၈၉)နှင့် လုပ်ထုံးလုပ်နည်းအခန်း(၄) အပိုဒ်(၇၅)တို့ကို ဖတ်ကြားလျှောက်ထားကာ ယင်းလုပ်ထုံးလုပ်နည်းအပိုဒ်(၇၃)အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အကျိုးတော်ဆောင် ဆရာတော်ဘွဲ့အမည်စာရင်း တင်သွင်းလျှောက်ထားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော်က သံဃာ့ဆန္ဒ ရယူအတည်ပြုခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်နေရာ ရွေးချယ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသအား အကျိုးတော်ဆောင်ချုပ်အဖြစ် ရွေးချယ်အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဆက်လက်ကျင်းပရန် အခမ်းအနား ပြန်လည် လွှဲအပ်ခြင်းတို့ကို ဆောင်ရွက်တော်မူပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသော အလှူရှင်မှာ မိခင်ကြီး ဒေါ်တင်ဝင်းရီအား အမှူးထား၍ ဦးသိန်းငွေး - သုဓမ္မသိင်္ဂီ ဒေါ်မြသီတာ၊ သမီး အမရာနှင့် အိန္ဒြေမဒီဆွေတင်၊ သား လင်းမောင်မောင်၊ လင်းညီညီဆွေတင် မိသားစုက ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မုဒုံမြို့ ဂျိုးဂျိုးကျတောရစာသင်တိုက်၌ သာသနာနုဂ္ဂဟ စာအောင်ဆုနှင်းမည်

**မုဒုံ မတ် ၁၇** သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား (၄၈)ကြိမ်မြောက် သာသနာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်ပွဲကို တပေါင်းလပြည့်နေ့ (မတ် ၂၃ ရက်) နံနက် ၈ နာရီတွင် မုဒုံမြို့ ဂျိုးဂျိုးကျတောရ ပရိယတ္တိစာသင်တိုက် ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

စာအောင်ဆုနှင်းသဘင်ပွဲတွင် ဓမ္မာစရိယကျမ်းကြီးအောင် တစ်ပါး၊ ဓမ္မာစရိယ နှစ်ကျမ်းခွဲအောင် နှစ်ပါး၊ ဓမ္မာစရိယ တစ်ကျမ်းခွဲအောင် နှစ်ပါး၊ စာချတန်းအောင် ငါးပါး၊ ပထမကြီး/ပထမလတ်/ပထမငယ်နှင့် တန်းစုံအောင် စုစုပေါင်း ၆၈ ပါးတို့အား စာအောင်ဆုလက်မှတ်၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ဒါယိကာမများ လာရောက်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **ကိုချစ်**

## စစ်တွေမြို့ စွမ်းအင်ဝန်ကြီးဌာန ဆိပ်ကမ်းအနီးမှ မြို့မဈေးအနီးထိ မြေ ၉၂ ကေခန့် ဖော်ထုတ်မည်

**စစ်တွေ မတ် ၁၇**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံအခြေစိုက် B.X.T International Co.,Ltd တို့ ပူးပေါင်းပြီး စစ်တွေမြို့ ကစ္ဆပနဒီ(ကုလားတန်)မြစ် အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါမြစ်ကမ်းတစ်လျှောက် စွမ်းအင်ဝန်ကြီးဌာန ဆိပ်ကမ်းအနီးမှ စစ်တွေမြို့ မြို့မဈေးဆိပ်ကမ်းအနီးအထိ ပေ ၇၀၀၀ ခန့် ခန့်မှန်းဧက ၉၂ ဧကကို ကျောက်တန်းစီပြီး ခေတ်မီနည်းပညာများဖြင့် မြေဖို့ကာ နေရာများ ဖော်ထုတ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြေဧက တိုးချဲ့ဖော်ထုတ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၁၆ ရက် နံနက် ၈ နာရီက စစ်တွေမြို့ မြို့မဈေးကြီး ဆိပ်ခံတံတား၌ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပြည်နယ် ခေတ္တဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး B.X.T International Co.,Ltd မှ တာဝန်ရှိသူ တစ်ဦးက မြေယာမြေ ဖော်ထုတ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ် ခေတ္တဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့က ပန္နက်ရိုက်ပေးခဲ့သည်။

မြေဧကဖော်ထုတ်ရေး စီမံကိန်းကို B.X.T International Co.,Ltd ၏ ကမ်းလှမ်းချက်အရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေး (MoU) ကို ၂၀၁၅ ခုနှစ် ဇွန် ၄ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (MOA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ပြည်နယ်ခေတ္တဝန်ကြီးချုပ်၏ ပြောပြချက်အရ သိရသည်။

ယခုစီမံကိန်းကို အမေရိကန်ဒေါ်လာ ၁၂ သန်းခန့်၊ ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလ နှစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်ကာ ရရှိလာသော အကျိုးအမြတ် ၃၀ ရာခိုင်နှုန်းကို ရခိုင်ပြည်နယ် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး စီမံကိန်း၏ လိုအပ်သော လုပ်သားများကို ဒေသခံပြည်သူများအား အများဆုံးဦးစားပေး ရွေးချယ် ခန့်ထားသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစီမံကိန်းအကောင်အထည်ဖော်ပြီးပါက ခေတ်မီအဆောက်အအုံများ၊ လမ်းများ၊ ကစားကွင်းများပါဝင်သော မြို့ပြလူငယ်ရပ်ကွက်တစ်ခုပေါ်ထွန်းလာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းမြင့်မားမှုကို ပိုမိုအထောက်အကူ ပြုပေးနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ခေတ္တဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**မြတ်ဝေ**

## တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမမြောက်နေ့ ဖြေဆိုပြီးစီး

**နေပြည်တော် မတ် ၁၇**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက်တွင် စတင်ဖြေဆိုခဲ့ပြီး မြန်မာစာဘာသာရပ်ဖြေဆိုသည့်နေ့တွင် စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၇၁၆၇၀ တွင် ဖြေဆိုသူပေါင်း ၆၃၆၂၄၂ ဦးရှိပြီး ဖြေဆိုရန်ပျက်ကွက်သူပေါင်း ၃၅၄၂၈ ဦး ရှိခဲ့သည်။

ယင်းနောက် အင်္ဂလိပ်စာဘာသာရပ်နှင့် သင်္ချာဘာသာရပ်တို့ကို ဆက်လက်ဖြေဆိုခဲ့ကြပြီး သင်္ချာဘာသာရပ် ဖြေဆိုသည့်နေ့အထိ ပျက်ကွက်သူပေါင်း ၃၆၈၃၃ ဦး ရှိခဲ့သည်။ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ် ဖြေဆိုသည့်နေ့တို့တွင် စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၁၁၁၄၁ ဦးရှိပြီး ဓာတုဗေဒဘာသာရပ်ဖြေဆိုသည့်နေ့အထိ ပျက်ကွက်သူပေါင်း ၃၂၉၉၆ ဦး၊ ရူပဗေဒဘာသာရပ်ဖြေဆိုသည့်နေ့အထိ ပျက်ကွက်သူပေါင်း ၃၃၃၈၈ ဦး ရှိသည်။

ဇီဝဗေဒဘာသာရပ်ဖြေဆိုရန်စာရင်းရှိ ၁၇၇၀၃၀ ရှိပြီး ဖြေဆိုသူ ၁၆၉၈၀၈ ဦး ဖြစ်ကာ ပျက်ကွက် ၇၂၂၂ ဦးနှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုရန်စာရင်းရှိ ၄၉၃၉၇၇ ဦးရှိပြီး ဖြေဆိုသူ ၄၆၂၉၄၉ ဦး ဖြစ်ကာ ပျက်ကွက်သူ ၃၁၀၂၈ ဦး ရှိခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့တွင် ပထဝီဝင်ဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ၆၀၇၅၄ ဦးတွင် ၅၆၀၆၀ ဖြေဆိုကြပြီး ၄၆၉၄ ဦး ပျက်ကွက်ကာ ဖြေဆိုသူ ၉၂ ဒသမ ၂၇ ရာခိုင်နှုန်းရှိသည်။ မတ် ၁၈ ရက်တွင် သမိုင်းဘာသာတွဲယူသည့် ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

## နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခံရခြင်းအပေါ် ထပ်ဆင့်ရှင်းလင်း

**လှိုင်ကော် မတ် ၁၇**

ကယားပြည်နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရုံး၌ ယမန်နေ့ နံနက်က မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်မှုအပေါ် နိုင်ငံတော်သမ္မတက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့မှုကို ဌာနရှိဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဦးစီးမှူးက သက်ဆိုင်ရာလုပ်ငန်းနှင့် နယ်ပယ်တွင် ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ဖေဖော်ဝါရီ ၉ ရက်က နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် တစ်နိုင်ငံလုံးရှိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးသို့ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို နိုင်ငံတော်သမ္မတက ချီးမြှင့်ပေးခြင်းနှင့် မတ် ၃ ရက်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအားလုံးသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကြိုးပမ်းရေးအဖွဲ့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည်လည်း လာမည့်ကာလများတွင် မိမိဌာန၏ လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

❊ *ကျောဖုံးမှ*

ဆည်တော်ကြီးမှ ဆည်ရေသောက်ဧရိယာ ဧက ၁၂၇၀၀၀ ကို စိုက်ပျိုးဧကရေပေးဝေလျက်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၇၄ သန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။

မန္တလေးကျုံးရေဖြည့်တင်းခြင်းနှင့် မန္တလေးတိုင်းဒေသကြီးတစ်ခွင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ဆည်တော်ကြီးရေလှောင်တမံသည် ရေဝင်အားကောင်းပြီး တစ်နှစ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၁ သိန်းခန့်ရှိပြီး တစ်နှစ်ပျမ်းမျှ အသုံးပြုသည့် ရေပမာဏမှာ ၁၂ ဒသမ ၇သိန်းခန့်ရှိကြောင်း၊ ဆည်တော်ကြီးမှ မတ္တရာမြို့၊ မန္တလေးမြို့၊ အမရပူရမြို့နှင့် ပုသိမ်ကြီးမြို့နယ်များသို့ စိုက်ပျိုးရေးအတွက် ရေပေးဝေလျက်ရှိပြီး၂၀၁၅-၂၀၁၆ ခုနှစ်အတွက် မိုးစပါး ၇၇၁၄၉ ဧကနှင့် နွေစပါး ၁၉၆၅၁ ဧကတို့အတွက် ရေပေးဝေလျက်ရှိကြောင်း သိရသည်။

သို့သော် ကမ္ဘာတစ်ဝန်းလုံး၌ သစ်တောများ ပြုန်းတီးလာခြင်း၊ အိုဇုန်းလွှာထိခိုက်သည်အထိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှု များပြားလာခြင်းနှင့် လူသားတို့သုံးစွဲသည့် အသုံးအဆောင်များ၏ ရိုက်ခတ်မှုကြောင့် ရာသီဥတုဖောက်ပြန်မှုများကို တစ်နှစ်ထက်တစ်နှစ် ကြုံလာကြရာ လုံလောက်သည့် ရေရရှိရေးသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်များတွင် အခြေချနေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းသည် အသက်သွေးကြောဖြစ်သဖြင့် စိုက်ပျိုးရေ လုံလောက်စေရန်အတွက် ရေအရင်းအမြစ် သယံဇာတများကို အကျိုးရှိစွာ သုံးစွဲခြင်းဖြင့် ပြေလည်စေနိုင်မည်ဟု ခန့်မှန်းရသည်။

"ရာသီဥတုတွေက ဖောက်ပြန်နေတဲ့အချိန်မှာ ဆည်တော်ကြီးရေလှောင်တမံက ဒေသကို အများကြီးအကျိုးပြုပါတယ်။ ကန်ရေပြည့်သိုလှောင်နိုင်တဲ့ ပမာဏက ဧကပေ ၃ ဒသမ ၆၃ သိန်းပါ။ ဒါပေမယ့် စီးဝင်တဲ့ရေရဲ့ ၃၀ ရာခိုင်နှုန်းကိုပဲ သိုလှောင်ပေးနိုင်တဲ့အတွက် ပိုလျှံနေတဲ့ ရေတွေကို မထိန်းသိမ်းနိုင်လို့ နှစ်စဉ် ရေကြီးတတ်ပါတယ်။ အဲဒါကြောင့် ချောင်းမကြီးချောင်းရဲ့ တစ်နှစ်လုံးစီးတဲ့ရေတွေအနက်က ပိုလျှံတဲ့ရေတွေကို ထပ်ပြီးသိုလှောင်ထားနိုင်မယ်ဆိုရင် ရေအားလျှပ်စစ်လည်း ပိုထုတ်နိုင်ပြီး ရေကြီးရေလျှံတာတွေကိုလည်း ထိန်းချုပ်နိုင်မယ်လို့ ထင်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ အထက်ဆည်တော်ကြီး ရေလှောင်တမံကို တည်ဆောက်ဖို့ လျာထားပေမယ့် ငွေကြေးအခက်အခဲတွေကြောင့် ၂၀၀၉ ခုနှစ်မှာ ရပ်ထားခဲ့ရပါတယ်။ အခုတော့ မကြာမီ ပြန်လည်လေ့လာဆန်းစစ်တာတွေလုပ်မယ်လို့ သိရပါတယ်။ ကျွန်တော်က ဆည်တော်ကြီးမှာ တာဝန်ခံအင်ဂျင်နီယာအနေနဲ့ တာဝန်ယူရပြီး ကျွန်တော့်အမြင်ပြောရရင် ရေလှောင်တမံတစ်ခု တည်ဆောက်ထားနိုင်ရင် အများကြီး အကျိုးရှိစေမယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆည်တော်ကြီးရေလှောင်တမံ၌ တာဝန်ကျနေသည့် ဦးစီးအရာရှိ ဦးကျော်ဇောက ပြောသည်။

အထက်ဆည်တော်ကြီးရေလှောင်တမံကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လက်ရှိ ဆည်တော်ကြီးရေလှောင်တမံ၏ အထက် ၃၃ မိုင်အကွာ၌ တည်ဆောက်နိုင်ရန် ဖြစ်မြောက်နိုင်ကြောင်း ဆည်မြောင်းရေလှောင်တမံတည်ဆောက်ရေး အကြိုစူးစမ်းလေ့လာသည့် အတိုင်ပင်ခံအဖွဲ့များက လျာထားကြောင်းသိရပြီး တမံအုကြောင်းနေရာ၌ လိုအပ်သည့် မြေပြင်တိုင်းတာခြင်းများ၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းများဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် SANYU CONSULTANTS INC(SCI) အတိုင်ပင်ခံအဖွဲ့တို့ အစီရင်ခံစာများ ရေးဆွဲတွက်ချက်နေပြီဖြစ်ကြောင်း သိရသည်။

"မိုးက စောမလား နောက်ကျမလားဆိုတာ ခန့်မှန်းမရဘူး။ ရာသီဥတုတွေကလည်း ဖောက်ပြန်နေတာဆိုတော့ နွေစပါးကိုလည်း လိုအပ်ရင် စိစစ်ပေးသင့်ပါတယ်။ ရေမလောက်တာမျိုးမဖြစ်အောင် လက်ရှိဆည်တော်ကြီးရဲ့ ရေပေးဝေမှုကို စနစ်ကျအောင် ဆောင်ရွက်ပေးဖို့လိုအပ်သလို ဆည်တော်ကြီးအနေနဲ့ နှစ် ၃၀ ရှိလာပြီဆိုတော့ ရေက သိုလှောင်နိုင်တဲ့ မြေဧက ပေ သုံးသိန်းကျော်ဆိုရင် နုန်းကျနေမှုကိုလည်း ထည့်စဉ်းစားဖို့လိုပါတယ်။ ရေဝင်တဲ့ပမာဏနဲ့ ပိုပြီး ရေပေးဝေမှု စိတ်ချရစေဖို့အတွက်နဲ့ လျှပ်စစ်ဓာတ်အား တိုးထုတ်နိုင်ဖို့အတွက် အထက်ဆည်တော်ကြီးရေလှောင်တမံကို ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်သင့်ပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ လုပ်ကိုင်မသွားနိုင်ပေမယ့် ဖြစ်နိုင်မယ်ဆိုရင် သဘာဝကပေးနေရဲ့သားနဲ့ အလဟဿဖြစ်မှာ စိုးပါတယ်။ နေရာကအဆင်ပြေတယ်ဆိုရင်တော့ အစိုးရအဆင့်ဆင့်နဲ့ လွှတ်တော်ကိုတင်ပြပြီး ဆောင်ရွက်သင့်တယ်ဆိုရင် ဆောင်ရွက်ပါ" ဟု ဆည်တော်ကြီးရေလှောင်တမံကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆည်တော်ကြီးရေလှောင်တမံမှ တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

အထက်ဆည်တော်ကြီးရေလှောင်တမံ တည်ဆောက်မည်ဆိုပါက နမ့်ပက်ချောင်းပေါ်၌ တည်ဆောက်ရမည်ဖြစ်သည်။ ထိုနေရာသည် နှစ်စဉ် မိုးရေချိန်လက်မ ပျမ်းမျှအားဖြင့် ၃၅ လက်မခန့်ရရှိသည့် နေရာဖြစ်ပြီး ကန်ပြည့် ရေလှောင်ပမာဏ ဧကပေ ၅၃၀၀၀၀ ဝင်ဆံ့နိုင်သည်။ ကန်ရေသေ ဧကပေ ၂၇၀၀၀ ထိန်းထားနိုင်ကာ ကန်ရေအပြည့်ရေပြင်ကျယ် ဧရိယာ ဧက ၅၇၃၀ ရှိသည့် ကျောက်ဖြည့်တမံအဖြစ် တည်ဆောက်နိုင်ပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၇ ဒသမ ၇ သိန်း ဧကပေရရှိမည်ဟု ခန့်မှန်းကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



ဦးကျော်ဇော



ဦးသန်းဦး

ထို့ပြင် ဒေသအတွင်း ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ပြီး လူဦးရေထူထပ်သော မန္တလေးမြို့၏ သောက်သုံးရေလိုအပ်ချက်၊ ဆည်တော်ကြီးရေလှောင်တမံကို ရေပိုမိုဖြည့်ဆည်းနိုင်မည့် အကျိုးကျေးဇူးများအပြင် နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သော ရေအားလျှပ်စစ် ၆၄ မဂ္ဂါဝပ်ကို ထုတ်လွှတ်ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

"မိုးတွင်းမှာရေကြီးရင် ဆည်တော်ကြီးက ရေတွေကို လွှတ်ချရလေ့ရှိပါတယ်။ ရေတံခါးခုနစ်ခုရှိပြီး ရေအဝင်များလာတာနဲ့ ကျွန်တော်တို့က ကြိုတင်ရေလွှဲနိုင်တဲ့ ရေတံခါးစနစ်မို့ အဆင်ပြေပါတယ်။ သို့သော် နှစ်တိုင်း ရေများတဲ့အတွက် ရေလျှံမှုမဖြစ်ပွားအောင် ဂရုပြုရတယ်။ မနှစ်က ဒီအချိန်နဲ့ယှဉ်ကြည့်ရင် ရေဧက ပေ ၂၆၀၀၀ လောက် သိုလှောင်ထားနိုင်ပါတယ်။ အယ်နီညိုရာသီဥတုဖြစ်နေတော့ ဒီနှစ်နွေစပါး ဧက ၉၀၀၀ လောက် လျှော့လိုက်ပါတယ်။ အဲဒီနေရာမှာ နှမ်းအစားထိုးစိုက်နိုင်ဖို့ တောင်သူတွေကို ပညာပေးမှုတွေ ပြုလုပ်တယ်။ အကယ်၍သာ အထက်ဆည်တော်ကြီး တည်ဆောက်ပြီး ထောက်ပံ့နိုင်မယ်ဆိုရင်တော့ ရာသီမရွေး ရေပေးဝေမှုနဲ့ ရေသိုလှောင်မှုကို ပိုမိုလုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ရေကြီးရေလျှံဖြစ်တာတွေကိုလည်း ထိန်းချုပ်နိုင်မယ်လို့ ထင်ပါတယ်" ဟု မန္တလေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်နှင့်ရေလှောင်တမံစုစုပေါင်း ၉၇ ခုခန့်ရှိသော်လည်း စိုက်ပျိုးမြေ ဧက သောင်းနှင့်ချီကာ တာဝန်ယူရေပေးဝေနေသည့် ရေလှောင်တမံများအနက် ဆည်တော်ကြီးရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

"စတင်တည်ဆောက်ခဲ့ပြီး ၂၉ နှစ်ကျော်ကာလတစ်လျှောက်မှာ ၂၀၀၄ ခုနှစ် တစ်နှစ်သာ ရေမကျော်ခဲ့ပါဘူး။ ရေဝင်အနည်းဆုံးနှစ်ဖြစ်ပြီး ဝင်ရေက ၁၀ သိန်းပဲရှိခဲ့တယ်။ ကျန်တဲ့နှစ်တိုင်းမှာ ရေဝင်များတဲ့အတွက် ရေလျှံပါတယ်။ ရေမလျှံနိုင်အောင် ရေလှောင်တမံအသစ်တစ်ခုကတော့ ကျိန်းသေလိုအပ်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ သိရသလောက် ၁၉၉၆ တုန်းက မိုးများတဲ့အတွက် ရေတွေမတရားဆည်ထဲကို ဝင်ခဲ့ပါတယ်။ ဆည်ရဲ့ သိုလှောင်နိုင်စွမ်းကလည်း သုံးသိန်းကျော်မို့ ပိုလျှံဝင်လာတဲ့ ရေတွေကို လွှတ်ပေးနေရတယ်။ ကြီးမားတဲ့ ရေကြီးရေလျှံမှုကတော့ မဖြစ်ပါဘူး။ ရေတံခါးအဖွင့်အပိတ်စနစ်ဖြစ်တာကြောင့် ဆည်ရေသောက်တွေကို ကြိုတင်သတိပေးပြီး ထုတ်တာဖြစ်ပါတယ်။ အဲဒီနှစ်မှာတော့ ရေ အဝင် ၃၂ သိန်းအထိရှိတယ်လို့ သိရပါတယ်။ ရေက မရရင်လည်း ပြဿနာရှိပြီး ရေများရင်လည်း တောင်သူတွေအခက်တွေ့စေတာမို့ ရေလှောင်တမံထပ်ဆောက်ပြီး ရေကို ထိန်းသိမ်းပေးစေချင်တယ်"ဟု ရေနံ့သာမြို့နယ် ဆည်တော်ကြီးရွာသားတစ်ဦးက ပြောပြသည်။

တစ်ဝုန်းဝုန်း တိုက်ခတ်နေသည့် ရေလှိုင်းကလေးများသည် နေရောင်အောက်တွင် တလက်လက်တောက်ပနေသည်။ အညာနွေကို အန်တုကာ စိုက်ပျိုးရေးတောင်သူများအတွက် ဆည်တော်ကြီးတမံသည် ယခုအချိန်မှ ပေါ်ပေါက်ခဲ့သည် မဟုတ်ပါ။ ကုန်းဘောင်ခေတ် မြန်မာမင်းများလက်ထက်ကတည်းက ချောင်းမကြီးချောင်းပေါ်၌ ရေလွှဲဆည်တစ်ခုတည်ဆောက်ကာ ရွှေလောင်းတူးမြောင်းမှတစ်ဆင့် ရေပေးသွင်းကာ သီးနှံများစိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ၁၉၀၁ ခုနှစ်တွင် ဆည်တော်ကြီးရေလွှဲဆည်နှင့် မန္တလေးတူးမြောင်းတို့ကို တည်ဆောက်ပြီး ရေသွင်းစိုက်ပျိုးခဲ့ကြသည့် သမိုင်းမှတ်တမ်းများကို မြင်တွေ့ရသည်။

၁၉၈၇ ခုနှစ်တွင်မူ ချောင်းအတွင်းဝင်ရောက်သည့် စီးရေများကို ရေလှောင်တမံဖြင့် သိုလှောင်ကာ ရာသီမရွေးစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန်အတွက် ဆည်တော်ကြီးရေလွှဲဆည်၏ အထက်ဘက် နှစ်မိုင်ခန့်အကွာ ချောင်းမကြီးပေါ်၌ ဆည်တော်ကြီးရေလှောင်တမံကို တည်ဆောက်ထားခဲ့ရာ ယခုဆိုပါက နှစ် ၃၀ တိုင်ခဲ့ပြီဖြစ်သည်။ ယခု ထပ်မံ၍ အထက်ဆည်တော်ကြီးရေလှောင်တမံကိုပါ တည်ဆောက်နိုင်ပါက အညာမြေတစ်ခွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း ခန့်မှန်းရသည်။

ဆည်တော်ကြီးရေလှောင်တမံမှ အပြန်ကားလမ်းမပေါ်၌ ဆည်တော်ကြီး ဆည်ရေသောက် ဧရိယာအတွင်းမှ ရေကျော်တံတားတစ်ခုကို မြင်တွေ့ရသည်။ တံတားနံဘေးတွင် ဆော့ကစားနေသော ကလေးများနှင့် အမျိုးသမီးတစ်သိုက်တို့က အဝတ်လျှော်ဖွပ်နေကြသည်။ လှည်းတစ်စီးကလည်း မြင်ကွင်းအတွင်း ဝင်ရောက်ကာ ရေစပ်သို့ ဆင်းသက်သည်။

သန့်စွမ်းသော နွားနှစ်ကောင်မှာ ရေအထိအတွေ့ကြောင့် ကဆုန်ပေါက်ကာ ပျော်မြူးနေကြပြီး ပိုင်ရှင် အမျိုးသားကလည်း ရေချိုးရန် ပြင်ဆင်သည်။ "ကျွန်မတို့ ငယ်ငယ်က နွေဆိုရင် ရေရဖို့ တစ်မျှော်ကြီး ထမ်းရ ပိုးရတယ်။ အခုတော့ မြောင်းတွေကနေ ရေပုံမှန်ရလို့ ရေအတွက်မပူရတော့ဘူး။ မိုးတွင်းခါများမှာ ရေကလျှံတောင်နေတာဆိုတော့ ထိန်းထားပေးဖို့ လိုသေးတယ်။ နွေဖြစ်ဖြစ်၊ မိုးဖြစ်ဖြစ် ရေပုံမှန်လေးရှိစေချင်တယ်" ဟု အမျိုးသမီးကြီးတစ်ဦးက ပြောပြသည်။

မြေလမ်းကလေးအတိုင်း ဖုန်တသောသောဖြင့် ရေနံ့သာမြို့ပေါ်သို့ စာရေးသူတို့ မော်တော်ကားမောင်းထွက်လာရာ စိမ်းညို့သောတောင်တန်းများ ခြံရံထားသည့် ပြာလဲ့လဲ့ဆည်တော်ကြီးကတော့ အနောက်တွင် မှုန်ပျပျသာ ကျန်ရစ်ခဲ့တော့သည်။

*စာမျက်နှာ ၆ မှ*

အစောပိုင်းကာလများကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ စတင်ဖွဲ့စည်းကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအမှတ် (၁၀/၈၈) နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအမှတ် (၄/၉၄) တို့ဖြင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုဆောင်ရွက်ပေးခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသော ဥပဒေမူဘောင်၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၏ အားနည်းချက်များကြောင့် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်က မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အမည်ခံစနစ်ဖြင့်သာ ဆောင်ရွက်မှုများရှိနေသည်ကို စိစစ်တွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အမိန့်အမှတ်(၁/၂၀၁၂)ဖြင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်ခဲ့ခြင်းနှင့် အချို့မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် မိမိတို့ လုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ချဲ့ထွင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသို့ ၂၀၁၂ ခုနှစ် မေလမှစ၍ ပြောင်းလဲဆောင်ရွက်လာကြရာ စုစုပေါင်းလုပ်ငန်း ၅၇ ခုထိ ရှိခဲ့သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ခွင့်ပြုမှုတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ တစ်ဖက်တွင်လည်း ၎င်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ထွက်ရှိသော ကုန်ပစ္စည်းများအား ပြည်ပတင်ပို့မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို သုံးသပ်တွေ့ရှိရကြောင်း ကော်မရှင်အတွင်းရေးမှူးက ဆိုသည်။

ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ပို့ကုန်အဓိကတင်ပို့သည့် ပင်လယ်ရေကြောင်းကုန်သွယ်မှု စုစုပေါင်းတင်ပို့မှုတွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော နိုင်ငံခြား/မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပို့သော ပို့ကုန်ပစ္စည်းတန်ဖိုး ပါဝင်မှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရသည်-

(တန်ဖိုး - အမေရိကန်ဒေါ်လာသန်း)

| စဉ် | ဘဏ္ဍာနှစ် | စုစုပေါင်းပို့ကုန် တင်ပို့မှုတန်ဖိုး | MIC ခွင့်ပြုမိန့်ရ လုပ်ငန်းများမှပို့ကုန် တင်ပို့မှုတန်ဖိုး | ပို့ကုန်တင်ပို့မှု တွင် ပါဝင်မှု% |
|---|---|---|---|---|
| (က) | ၂၀၁၁-၂၀၁၂ | ၇၁၀၇ | ၃၉၁၂ | ၅၅ ဒသမ ၀၅% |
| (ခ) | ၂၀၁၂-၂၀၁၃ | ၆၈၄၃ | ၄၁၀၄ | ၅၉ ဒသမ ၉၈% |
| (ဂ) | ၂၀၁၃-၂၀၁၄ | ၈၄၄၂ | ၅၂၉၇ | ၆၂ဒသမ၇၅% |
| (ဃ) | ၂၀၁၄-၂၀၁၅ | ၈၂၃၀ | ၄၈၀၇ | ၅၈ဒသမ၄၂% |
| (င) | ၂၀၁၅-၂၀၁၆ (ဒီဇင်ဘာအထိ) | ၄၇၂၇ | ၂၇၀၅ | ၅၇ဒသမ၂၃% |

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပို့ကုန်တင်ပို့လျက်ရှိသော အမျိုးအစားများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ကုန်၊ သတ္တုတွင်းထွက်ထုတ်ကုန်၊ စက်မှုလုပ်ငန်းထုတ်ကုန် (CMP အထည်ချုပ်ပစ္စည်း၊ ဆေးရုံသုံး ကိရိယာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အခြားစက်မှုထုတ်ကုန်များ)၊ သစ်ခြေခံထုတ်ကုန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထုတ်ကုန်တို့ ဖြစ်သည်။

ကော်မရှင်အတွင်းရေးမှူးက "ရင်းနှီးမြှုပ်နှံမှုတွေ အခုလို ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်တွင်းလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမယ်၊ နည်းပညာဖွံ့ဖြိုးမှုကနေတစ်ဆင့် ထုတ်ကုန်သစ်တွေ ပိုမိုထုတ်လုပ်နိုင်ပြီး ပို့ကုန်တင်ပို့မှုလည်း ပိုမိုတိုးတက်လာမှာဖြစ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့များစွာဖြစ်မှာဖြစ်ပါတယ်" အားရဝမ်းသာ ပြောကြားနေပုံကို ငေးမောကြည့်ရင်း မိမိသည်လည်း လွန်ခဲ့သော ငါးနှစ်တာကာလ၏ အခြေခံအုတ်မြစ်ကောင်းများ ချပေးနိုင်ခဲ့သည့် သမိုင်းကြောင်းကို မှတ်တမ်းပြုတင်ပြမည့်သူတစ်ဦးအနေဖြင့် အလားတူ ရွှင်လန်းအားရ ကျေနပ်နေမိပါတော့သည်။

# ဓာတ်အား ပိုမိုရရှိရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**တောင်ငူ မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ပေါ်ရှိ ရပ်ကွက်များတွင်နေထိုင်ကြသောပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် ယခင်သုံးစွဲခဲ့သည့် 33/0.4 ကေဗွီဓာတ်အားလိုင်းအစား 33/11 ကေဗွီ၊ 5 MVA ဓာတ်အားခွဲရုံဖြင့် အစားထိုးမြှင့်တင်ပြီး 11/0.4 KV, 200 KVA ထရန်စဖော်မာလေးလုံးဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(၁၁၅)**



# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အီတလီပါမောက္ခ လာရောက်ဆွေးနွေး

**နေပြည်တော် မတ် ၁၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော အီတလီနိုင်ငံ ဖလောရင့်တက္ကသိုလ်မှ ပါမောက္ခ Ms. Mirella Loda ဦးဆောင်သောအဖွဲ့သည် အထက်မြန်မာပြည် ရှေးဟောင်းမြို့တော်များ ခရီးစဉ်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရန် မန္တလေးမြို့သို့ တတိယအကြိမ်အဖြစ် မတ် ၁၁ ရက်တွင် ရောက်ရှိခဲ့သည်။

အဆိုပါအဖွဲ့သည် မတ် ၁၁ ရက်တွင် ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမြင့်အောင်အားလည်းကောင်း၊ မတ် ၁၃ ရက်တွင် ဧည့်လမ်းညွှန်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးရဲမြတ်ထွန်းအားလည်းကောင်း၊ မတ် ၁၄ ရက်တွင် စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဥက္ကဋ္ဌ ဒေါ်ခင်စောဦးအား လည်းကောင်း၊ မတ် ၁၅ ရက်တွင် ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမျိုးရီအားလည်းကောင်း သွားရောက်တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာ၌ အီတလီနိုင်ငံ ဖလောရင့်တက္ကသိုလ်မှ ပါမောက္ခများ ပါဝင်သောအဖွဲ့က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ၎င်းတို့ပူးပေါင်းဆောင်ရွက်နေသော အထက်မြန်မာပြည် ရှေးဟောင်းမြို့တော်များ ခရီးစဉ်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းပြည့်စုံကောင်းမွန်စွာ ရေးဆွဲနိုင်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါအဖွဲ့အား သက်ဆိုင်ရာအသင်းအဖွဲ့များမှ ဟိုတယ်လုပ်ငန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စားသောက်ဆိုင်လုပ်ငန်းများကဏ္ဍ၊ အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချမှုကဏ္ဍ၊ ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသစီမံကိန်းအောင်မြင်စွာ ရေးဆွဲနိုင်ရေးအတွက် ကျယ်ပြန့်စွာ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတစ်ဝန်း သာယာမည်

**နေပြည်တော် မတ် ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖြစ်နိုင်ဖွယ် အမြင့်ဆုံးအပူချိန်အဖြစ် နေပြည်တော်နှင့် မန္တလေးမြို့တို့၌ ၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက် )၊ ရန်ကုန်မြို့၌ ၃၇ ဒီဂရီစင်တီဂရိတ် (၉၉ ဒီဂရီဖာရင်ဟိုက် ) ရှိနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **(မြန်မာ့အလင်း)**

# ငှက်ဖျားရောဂါကာကွယ်ရန် ဆေးစိမ်ခြင်ထောင်များ ရောက်ရှိ



**ကသာ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ငှက်ဖျားရောဂါကာကွယ်ရန်အတွက် ဆေးစိမ်ခြင်ထောင်များ ပထမအသုတ်အဖြစ် လုံးရေ ၂၆၅၀၀ ရောက်ရှိလာကြောင်း သိရသည်။

ကသာခရိုင်သည် တောတောင်ထူထပ်ပြီး ချောင်းမြောင်းများပေါသဖြင့် ငှက်ဖျားရောဂါဖြစ်စေတတ်သော ခြင်မျိုးစိတ်များစွာရှိနေပြီး ဒေသခံပြည်သူများ ငှက်ဖျားရောဂါမှ ကင်းဝေးစေရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယခုလို ဆောင်ရွက်ထားရကြောင်း ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဝဏ္ဏသောင်းက ပြောပြသည်။

ကသာမြို့နယ်ရှိ ကျန်းမာရေးနယ်မြေ ၁၃၉ ရွာအတွက် အိမ်ထောင်စုတစ်စုလျှင် ဆေးစိမ်ခြင်ထောင်နှစ်လုံးနှုန်း ဝေငှသွားမည်ဖြစ်ပြီး ဒုတိယအသုတ် ဆေးစိမ်ခြင်ထောင်များ ထပ်မံရောက်ရှိလာပါက ၂၀၁၆ ခုနှစ်ဧပြီလ နောက်ဆုံးပတ်တွင် ကျေးရွာရှိ အိမ်ထောင်စုများသို့ သွားရောက်ဝေငှသွားမည်ဖြစ်ကြောင်း ကသာမြို့နယ် ငှက်ဖျားကြီးကြပ်ရေးမှူး ဦးစန်းလွင်မြင့်က ပြောပြကြောင်း သိရသည်။

**လူအောင်(ကသာ)**

ကမ္ဘာ့မိုးလေဝသနေ့ (၂၃.၃.၂၀၁၆)




“ရာသီဥတုဒဏ်လျော့ပါးဖို့၊ အနာဂတ်အတွက်ပြင်ဆင်စို့”

# လတ်တလောသောက်သုံးရေဖူလုံရေး ဖြေရှင်းရန် လိုအပ်လျက်ရှိ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ရွာပေါင်း ၁၁ ရွာနှင့် ရပ်ကွက်ကြီးလေးခုတို့သည် သောက်ရေကို မိုးတွင်းတစ်လျှောက် သိုလှောင်ထားသောရေကန်များမှ သောက်သုံးရေကို ခပ်ယူသုံးစွဲနေရသောကြောင့် နွေရာသီရောက်လျှင် ကန်များမှာ ရေများခန်းလာခြင်း၊ တိုးပွားလာသော လူဦးရေတို့ကြောင့် သောက်သုံးရေလုံလောက်မှုနည်းလာသည်။

သို့ဖြစ်ရာ အလတ်ချောင်းရပ်ကွက်မှ သောက်ရေကန်နှင့် သုံးရေကန် များကို ရွာအနီးအနားမှ ရပ်ကွက်/ကျေးရွာများပါ သောက်သုံးနေရပြီး သောက်ရေကန်မှာ ထက်ဝက်လျော့လာနေပြီဖြစ်သဖြင့် မိုးဦးမကျမီကြား နှစ်လခန့်ကာလအတွက် သောက်ရေအခက်အခဲဖြစ်ပေါ်လာနိုင်မည့် အရေး ကို ရပ်ကွက်နေပြည်သူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။ စီမံကိန်းလုပ်ငန်းထက် လတ်တလောနွေရာသီအတွင်း သောက်သုံးရေလုံလောက်မှုသည် ဒေသနေပြည်သူများအတွက် အဓိကဖြစ်သဖြင့် သောက်သုံးရေကန်များ ကြိုတင်ဖြည့်ဆည်းပေးနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**



# ဒလမြို့နယ်၌ ရေသန့်စက်ရုံဆောက်လုပ်ပြီးစီး

**ဒလ မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် မြို့နယ်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့ ပူးပေါင်းဆောင်ရွက်သည့် ရေသန့်ထုတ်လုပ်သည့်စက်ရုံ ဆောက်လုပ်ပြီးစီးသည့်အခမ်းအနားကို မတ် ၁၇ ရက်က ဒလမြို့နယ် ရေပေးဝေရေးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် YCDC ရေသန့်ဌာနမှ ဒုတိယဌာနမှူး ဦးမြင့်ဇော်သန်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation မှ ဒါရိုက်တာ Mr.Yoshiro Aba တို့က အမှာစကားပြောကြားကာ ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါစက်ရုံမှာ ရန်ကုန်ဘက် ရေပေးဝေရေးစခန်းမှ ဒလမြို့နယ် ရေပေးဝေရေးဌာနသို့ ပိုက်လိုင်းဖြင့် သွယ်တန်းပေးပို့သည့် အဝိစိရေများကို ပြန်လည်သန့်စင်ထုတ်လုပ်ကာ မြို့နယ်အတွင်းသို့ ပြန်လည်ဖြန့်ဝေပေးရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်လျှင် သောက်ရေသန့်ဂါလန် ၅၀၀၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဒလမြို့နယ်တွင် အဆိုပါရေသန့်စက်ရုံမှ စမ်းသပ်ထုတ်လုပ်သည့် ရေများမှာ သောက်သုံးနိုင်သည့်အဆင့်သို့ရရှိနေပြီး အောင်မြင်ပါက စက်ကြီးများဖြင့် တပ်ဆင်ထုတ်လုပ်၍ မြို့နယ်အတွင်း သောက်ရေများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

# နေပြည်တော် Junction Center အနီး လူသတ်မှုနှင့် မုဒိမ်းမှုကျူးလွန်ခဲ့ကြသူများတွင် ပါဝင်သည့် ကလေးသူငယ်တရားခံအား ကလေးသူငယ်ဥပဒေပုဒ်မ ၄၆ နှင့်အညီ အမြင့်ဆုံးပြစ်ဒဏ်ကိုချမှတ်

**နေပြည်တော် မတ် ၁၇**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Junction Center နောက်ကျောဘက်တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက် ညက မိန်းကလေးတစ်ဦးနှင့် ၎င်း၏ ခင်ပွန်းတို့ကို အဓမ္မခေါ်ဆောင်သွားပြီး မိန်းကလေးအား မုဒိမ်းပြုကျင့်ခြင်း၊ ခင်ပွန်းဖြစ်သူအား ရက်စက်စွာ သတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့ကြသူ လေးဦးအနက် အခင်းဖြစ်ပွားစဉ်က အသက် ၁၅ နှစ်မပြည့်သေးသည့် ကလေးသူငယ်တရားခံ မောင်မျိုး(ခ) မျိုးဇော်ဝင်းအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁)(ဂ)အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံရန် ဇမ္ဗူသီရိမြို့နယ် ကလေးသူငယ်တရားရုံးက **(ယနေ့)** မတ် ၁၇ ရက်တွင် စီရင်ချက်ချမှတ်ခဲ့သည်။

ထိုကဲ့သို့ ရာဇဝတ်မှုကျူးလွန်ခဲ့သော ကလေးသူငယ်များအပေါ် သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်လေ့မရှိခဲ့သော်လည်း ယခုကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည့် ကလေးသူငယ်တရားခံကိုမူ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၆ နှင့်အညီ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့်အတူ ရာဇဝတ်မှုကျူးလွန်ခဲ့ကြသည့် တရားခံအောင်တင်မျိုး(ခ)အောင်ပိုင်၊ ကျော်မောင်(ခ)ဇော်ဇော်အောင်နှင့် ဇော်လေး (ခ)ဇော်မျိုးသူတို့ကို ဒက္ခိဏခရိုင်တရားရုံးက မတ် ၁၅ ရက်တွင် သေဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြစ်မှုကျူးလွန်သူ အောင်တင်မျိုး(ခ)အောင်ပိုင်၊ ကျော်မောင်(ခ)ဇော်ဇော်အောင်၊ မောင်မျိုး(ခ)မျိုးဇော်ဝင်း၊ ဇော်လေး(ခ)ဇော်မျိုးသူတို့လေးဦးအား ဖမ်းဆီးရမိစဉ်က သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# မန္တလေးမြို့ ရွှေထီးဟိုတယ်၌ အမျိုးသမီးတစ်ဦး သေဆုံးလျက်တွေ့ရှိ

**မန္တလေး မတ် ၁၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ၆၀×၆၁ လမ်းကြား စပယ်လမ်းရှိ ရွှေထီးဟိုတယ်၌ မတ် ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း နယ်မြေခံရဲစခန်းသို့ ယင်းဟိုတယ်မှ အကြောင်းကြားလာခဲ့သဖြင့် ဒုရဲအုပ် အောင်မျိုးနှင့် တာဝန်ရှိသူများ သွားရောက်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သေဆုံးသွားတဲ့သူက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်မှာနေထိုင်သူလို့ သိရတယ်။ ဘယ်လိုသေဆုံးတယ်ဆိုတာတော့ ရင်ခွဲစစ်ဆေးနေပြီး ရဲလုပ်ငန်းစဉ်အရ ဆက်လက်ဖော်ထုတ်သွားမှာပါ" ဟု နယ်မြေခံရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရဲတပ်ဖွဲ့ ကြေးနန်းများအရ သေဆုံးသူ မယုယုထက်(၂၁နှစ်)သည် ညဝတ်အင်္ကျီအဖြူနှင့် နှစ်ယောက်အိပ်ခုတင်ပေါ်၌ ပက်လက်အနေအထားဖြင့် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရင်ခွဲစစ်ဆေးရန် မန္တလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အမှတ်(၁၁) နယ်မြေရဲစခန်းက အမှုဖွင့်ကာ ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**မြောင်းမြ မတ် ၁၇**

မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာအုပ်စု လူတော်ကြီးကျေးရွာ၌ မတ် ၁၆ ရက် နံနက် ၂ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးကျော်မိုး(ခ) ဦးမြင့်ဌေးနှင့် ဦးအောင်ဝင်း နေအိမ်နှစ်လုံးနှင့် ဦးတင့်ဝေ၏ ဆန်နှင့်ဓာတ်မြေသြဇာ သိုလှောင်ထားသော ဂိုဒေါင်နှစ်လုံးတို့မီးလောင်ခဲ့သည်။

မီးလောင်မှုဖြစ်လျှင်ဖြစ်ချင်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက စုပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးဘေးသင့်အိမ်ထောင်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများကို သွားရောက်ပေးအပ်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း တစ်ရက်တည်းမီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား

**စစ်တွေ မတ် ၁၇**

ရခိုင်ပြည်နယ်အတွင်း မတ် ၁၇ ရက်က စစ်တွေမြို့၌ တစ်ကြိမ်၊ မြောက်ဦးမြို့၌ တစ်ကြိမ် စုစုပေါင်း မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)** ယင်းနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက် ဝက်ဘာလမ်းတွင် နေအိမ်၌ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲကာမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို စစ်တွေမြို့နယ် မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်ယာဉ်လေးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၆ ဦးနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၉ နာရီခွဲတွင် မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် နှစ်ထပ်အိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး အိမ်ပိုင်ရှင် ဦးစံကျော်ကို စစ်တွေမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြောက်ဦးမြို့ ဘုရားပေါ်ရပ်ကွက်၌ မီးဖို၊ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မြောက်ဦးမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးစတင်လောင်ကျွမ်းခဲ့သည့် နေအိမ်ပိုင်ရှင် ဒေါ်နှင်းအေးခိုင်ကို မြောက်ဦးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြတ်ဝေ**

# ကွန်ဟိန်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်းကျော်ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက်က ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်း၌ သန်းအောင် မောင်းနှင်လာသည့် ယာဉ်အမှတ် 9I/---- HILUX VIGO မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ဘော်ဒီကြမ်းခင်းနှစ်ထပ်အံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၆၀၀၀ သိမ်းဆည်းရမိသဖြင့် သန်းအောင်(၄၂နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **(ဝဲပုံ)** **ကိုရဲ**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅မိနစ်ခန့်ကြိုလိမ်းရန်နှင့် နေရောင်ခံ လိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန်ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သည့် အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်းကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကိုအရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့်ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



# ကမ္ဘာကျော်အဆိုတော်သုံးဦး မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေမည်

**ရန်ကုန်  မတ် ၁၇**

မြန်မာနှစ်သစ်ကူး သင်္ကြန်မတိုင်မီကာလအတွင်း ဧပြီလဆန်းပိုင်းတွင် ကမ္ဘာကျော်အဆိုတော် သုံးဦးဖြစ်သည့် ဖိလစ်ပိုင်အဆိုတော် ချာရိ၊ ဂရမ်မီဆုရအဆိုတော် ကရိုနှင့် ပေါ်လာဒီယမ်ဒါတို့ လာရောက်သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံက ပရိသတ်တွေကို ဒီလိုကမ္ဘာကျော်အဆိုတော်တွေနဲ့ ကိုယ်တိုင်ကြည့်ရှုခွင့်ရအောင် အကျိုးအမြတ်ကို ပဓာနမထားဘဲ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ သူတို့ကလည်း တကယ့်ကိုပဲ အသံပါရမီရှင်တွေလို့ ဆိုရလောက်အောင် အဆိုကောင်းတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီဂီတဖျော်ဖြေပွဲကို Voice of Angles လို့ အမည်ပေးထားပါတယ်" ဟု လစ်ဗင်းဆောင်းအင်တာတိန့်မင့်မှ စီအီးအို ကိုဂျော်မရမ်က ချက်ထရီယံဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါဂီတဖျော်ဖြေပွဲတွင် မြန်မာအမျိုးသမီးအဆိုတော် အိုင်းရင်းဇင်မာမြင့်ကလည်း မြန်မာသီချင်းများဖြင့် ပါဝင်သီဆိုမည်ဖြစ်ကြောင်း သိရသည်။

"အိုင်းရင်းအနေနဲ့ ဒီကမ္ဘာကျော်အဆိုတော်တွေနဲ့ Stage တစ်ခုတည်းမှာ သီဆိုမယ်ဆိုတော့ ရင်ခုန်မိတာတော့ အမှန်ပါပဲ။ အိုင်းရင်းကတော့ မြန်မာသီချင်းတွေပဲ ဆိုမှာပါ။ အိုင်းရင်းအနေနဲ့ ဒီကမ္ဘာကျော် အဆိုတော်သုံးယောက်ထဲက အကြိုက်ဆုံးကို ပြောပါဆိုရင် ချာရိကိုပဲ ပြောရမှာဖြစ်ပါတယ်။ သူက ဆလင်းဒီယွန်နဲ့ တွဲဆိုခဲ့ပြီးတဲ့နောက် နာမည်ကြီးလာခဲ့တာ ဖြစ်ပါတယ်။ သူက အသံပါဝါ အလွန်မြင့်တဲ့ အဆိုတော်ဖြစ်ပါတယ်" ဟု အဆိုတော် အိုင်းရင်းဇင်မာမြင့် **(ဓာတ်ပုံ)**က ပြောသည်။

Voice of Angles ဟု အမည်ပေးထားသည့် အဆိုပါ ဂီတဖျော်ဖြေပွဲကို လာမည့် ဧပြီ ၈ ရက်တွင် ချက်ထရီယံဟိုတယ်၌ ညနေ ၆ နာရီမှ စတင်ဖျော်ဖြေမည်ဖြစ်ပြီး လက်မှတ်နှုန်းထားများမှာ အမေရိကန်ဒေါ်လာ ၉၅ ဒေါ်လာရှိပြီး VIP တန်းအတွက် ဒေါ်လာ ၂၀၀ အထိ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကမ္ဘာ့ပျော်ရွှင်မှုအရှိဆုံး နိုင်ငံအဖြစ် ဒိန်းမတ်ကို ရွေးချယ်

**ဘာသာပြန်**
**တင်လင်းအောင်**



ကိုပင်ဟေဂင်မြို့ရှိ ရိုဇင်ဘတ်ရဲတိုက်။

**ကိုပင်ဟေဂင်(ဒိန်းမတ်)  မတ် ၁၇**

ဒိန်းမတ်ကို ကမ္ဘာ့ပျော်ရွှင်မှုအရှိဆုံးနိုင်ငံအဖြစ် လေ့လာဆန်းစစ်မှုအသစ်က ဆိုလိုက်ချိန်တွင် ဘူရွန်ဒီနိုင်ငံသည် ကမ္ဘာ့ပျော်ရွှင်မှုအနည်းဆုံးနိုင်ငံအဖြစ် ထွက်ပေါ်လာသည်။

လေးကြိမ်မြောက် ကမ္ဘာ့ပျော်ရွှင်မှုအစီရင်ခံစာ၌ မညီမျှမှုအနည်းဆုံးနိုင်ငံများသည် အမှန်စင်စစ်ပျော်ရွှင်မှုအရှိဆုံးနိုင်ငံများဖြစ်ကြောင်း ဖော်ပြထားသည်။

ဒိန်းမတ်ကဲ့သို့သော ဆွစ်ဇာလန်၊ အိုက်စလန်၊ နော်ဝေနှင့် ဖင်လန်နိုင်ငံတို့သည် လူမှုလုံခြုံရေးအာမခံမှုစနစ်အကောင်းဆုံးနိုင်ငံများဖြစ်ပြီး ထိပ်ဆုံးနိုင်ငံများအဖြစ် ရပ်တည်နေကြကာ အမေရိကန်သည် ၁၃ နိုင်ငံမြောက်ကမ္ဘာ့ပျော်ရွှင်မှုအရှိဆုံးနိုင်ငံဖြစ်၍ အင်္ဂလန်က ၂၃ နေရာမြောက်နိုင်ငံအဖြစ် ဖော်ပြခြင်းခံရပြီး တရုတ်က ၈၃ နေရာမြောက်နှင့် အိန္ဒိယက ၁၁၈ နေရာမြောက် ကမ္ဘာ့ပျော်ရွှင်မှုအရှိဆုံးနိုင်ငံများအဖြစ် ဖော်ပြခြင်းခံရကြောင်း သိရသည်။ **(ဘီဘီစီ)**

# ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံလိဂ်ကွာတားသို့ တက်ရောက်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များမှ နောက်ဆုံးပွဲစဉ်များကို မတ် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းသည် နူးကမ့်ကွင်း၌ အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဂျာမန်မြေတွင် ဘိုင်ယန်မြူးနစ်အသင်း အချိန်ပိုသွင်းဂိုးများဖြင့် ဂျူဗင်တပ်စ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

စပိန်ကလပ် ဘာစီလိုနာနှင့် အင်္ဂလန်ကလပ် အာဆင်နယ်တို့ ပထမအကျော့ အင်္ဂလန်မြေတွင် ဘာစီလိုနာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ယနေ့ ဒုတိယအကျော့ပွဲစဉ်၌ ပွဲချိန် ၁၈ မိနစ်တွင် ဆွာရက်ဇ် ဖန်တီးပေး၍ နေမာက ဘာစီလိုနာအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၁ မိနစ်တွင် ကွင်းလယ်ကစားသမား မိုဟာမက်အယ်နီနီက အာဆင်နယ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ဆွာရက်ဇ် **(ဓာတ်ပုံ)**၊ ၈၈ မိနစ်တွင် မက်ဆီတို့က သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအသင်းသည် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်နှင့် အီတလီကလပ် ဂျူဗင်တပ်စ်တို့ ပထမအကျော့ အီတလီမြေတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးထားသည်။ ဂျူဗင်တပ်စ်အသင်းသည် ပွဲစစချင်း တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲချိန် ငါးမိနစ်တွင် ကွင်းလယ်ကစားသမား ပေါ့ဘာက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၂၈ မှာပင် ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ကတ်ရာဒိုက ဒုတိယဂိုးသွင်းယူခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် နှစ်ဂိုးသွင်းယူအပြီး ခံစစ်အသွင်ပြောင်းကာ ပိတ်ကစားခဲ့ပြီး ဘိုင်ယန်တိုက်စစ်ကို ဟန့်တားနိုင်ခဲ့သည်။ ပွဲချိန် ၇၃ မိနစ်တွင် ဒေါက်ကလပ်ကော်စတာ ဖြတ်တင်ဘောကို လီဝမ်ဒေါစကီး ခေါင်းတိုက်သွင်းယူကာ ချေပဂိုးရရှိခဲ့သည်။ ပွဲပြီးခါနီး မိနစ် ၉၀ တွင် ကိုးမန်းပေးပို့မှုကို သောမတ်စ်မူလာက ခေါင်းတိုက်သွင်းယူခဲ့ပြီး ဘိုင်ယန်သို့ ဒုတိယ ချေပဂိုးရရှိခဲ့သည်။ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့၍ အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့သည်။

အချိန်ပို ဒုတိယပိုင်း ၁၀၈ မိနစ်တွင် လူစားဝင်လာသော အယ်ကန်တာရာက ဘိုင်ယန်အတွက် တတိယမြောက်ဂိုးသွင်းယူခဲ့သည်။ ဘိုင်ယန်အတွက် စတုတ္ထမြောက် အနိုင်ဂိုးကို ပွဲချိန် ၁၁၀ တွင် ကိုးမန်းက သွင်းယူခဲ့ပြီး ဘိုင်ယန်အသင်း နှစ်ကျော့ပေါင်း ခြောက်ဂိုး-လေးဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ်သို့ မန်စီးတီး၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို၊ ပီအက်စ်ဂျီ၊ ဝုဖ်ဘတ်၊ ဘင်ဖီကာတို့ တက်ရောက်ကြပြီး ဧပြီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင်ယှဉ်ပြိုင်မည် ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို မေလတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**





**Pleasant Times**
**Travels & Tours Co., LTD**
Release Your stress with Pleasant Times
တနင်္သာရီကမ်းရိုးတန်း၏ သဘာဝအလှတရားများဆီသို့ . . .
**Luxury Packages (Apr: 12,16,17)**
- မြိတ်ဘုရားစုံ - သဘာဝကျွန်းစု
- ထားဝယ် - ရှင်ကိုးရှင် - လောင်းလုံးကျွန်း
- ကော့သောင်း - သူဌေးကျွန်း - ရနောင်း

နေ့ချင်းပြန်ခရီးစဉ် ဘားအံ - ကျုံဆော်ရေတံခွန် (Mar: 19,26)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Ph: 01-9317220, 09-73158702, 09-73072661, 09-252872529



**ကျိုက်ထီးရိုး (၄နှစ်ဥ) - ရွှေကြေးစည်** သင်္ကြန် 8,11,12,17
▲ ရွှေစက်တော်၊ လမ်းဘုရားစုံ နှင့် (ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပဒုတ္တူ) (အလောင်းတော်ကဿပ၊ မုံရွာ) (စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်) (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ သီးသန့်) (ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ) လား၊ ရိုး၊ မူဆယ်၊ ငွေဆီ
▲ (အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ သီးသန့်) ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်အနှံ့) သို့(ပုဂံ-ပုပ္ပါး)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ (မန္တလေး၊ ပြင်ဦးလွင်) သို့(ပုဂံ-ပုပ္ပါး)
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပဒုတ္တူ၊ ဆက်၍- (မန္တလေး၊ ပြင်ဦးလွင်) အင်းတော်ကြီး၊ ဖိုပ်ဖြိုး၊ နားဖြစ်ဆုံ
▲ (ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ) (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်) (မြဝတီ-မဲဆောက်)
ဖုန်းဆိုးတန်း ☎ 01-240860/01-372290 ဖုန်း 09-49282825, 09421029191



**သင်္ကြန်နီနီးလာပြီ**
သင်္ကြန်တွင်း ပိတ်ရက်ရှည် ပိတ်မှာဆိုတော့လိုတဲ့ အိမ်စား ဆန်အတွက်ကြိုတင်မှာထားပါ ။
09-73077711 ☎ 01-682844
09-73077722 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်း တိုင်းရင်းသားကုမ္ပဏီတို့ပူးပေါင်းပါဝင် ဆောင်ရွက်သောစနစ် အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသဖြင့် တင်ဒါရောင်းချသည့်ကာလအား အောက်ပါအတိုင်း တိုးမြှင့်လိုက်ပါသည်။

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၂၂-၃-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ် ၀၆၇-၈၁၀၄၁၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ်(I-၉၂)၊ ဧရိယာ ၀.၁၁၁၈ ဧက ၀၈၃ ဧကရှိ မြေကို ဒေါ်စောရွှေက လူနေ မြေငှားဂရန် (အသစ်) လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဦးဗန်ထောင်၏သား၊ ပုသိမ်မြို့၊ (၃) ရပ်ကွက်၊ ကိုးသိန်းလမ်းနေ မောင်အောင်မျိုးထက် ၁၃/မမတ(နိုင်)၀၃၉၅၁၇၏ အမည်မှန်မှာ မောင်မျိုးခိုင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၆-၈-၁၉၈၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၂၈၄၈ ယာဉ်လက်ဝယ်ရှိသူ Wati Nan Trading Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြစ်ကြီးနားခရိုင်တရားမရုံး၌
## ၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၆

ဦးချင်ရီကောင်း **နှင့်** ၁။ ဒေါ်နုနုငယ်
၂။ ဦးမျိုးလွင်ဦး

**တရားလို** **တရားပြိုင်များ**

မြစ်ကြီးနားမြို့၊ အမှတ် ၃၆၆/ဘီ၊ ရမ်ပူရပ်ကွက်နေ ဒေါ်နုနုငယ် ၁/အဂယ(နိုင်)၀၀၂၄၅၇ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးချင်ရီကောင်းက ပဋိညာဉ်စာချုပ်ပါချေးငွေကျပ်သိန်း ၃၀၀ နှင့် နစ်နာကြေးငွေကျပ် သိန်း ၅၀၊ စုစုပေါင်းငွေကျပ် သိန်း ၃၅၀ ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၃၀ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

# မောဝ်ရှမ်းမြေအရှေ့မြောက်လမ်း သွားလမ်းသာ၍လာလမ်းဖြောင့်စေချင်

သတင်းဆောင်းပါး
ဉာဏ်မင်း(နမ့်ခမ်း)



ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ ဝင်ထွက်သွားလာရာ အဓိက အချက်အချာကျသောနေရာ ဖြစ်သည်။ နယ်စပ်မြို့ဖြစ်သော မူဆယ်မြို့မှ မန္တလေးသို့ သွားလာကြရာတွင် ကွတ်ခိုင်၊ သိန်းနီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင် စသည့်မြို့များသို့ ဖြတ်သန်းသွားလာကြရသည်ဖြစ်ရာ နေ့စဉ် ကားကြီး ကားငယ်အစီးရေ ၃၀၀၀ အထက် ဖြတ်သန်းသွားလာကြသည်။

အဆိုပါယာဉ်များတွင် ကုန်တင်ယာဉ်အမျိုးမျိုး၊ အငှားယာဉ်၊ ကိုယ်ပိုင်ယာဉ်အမျိုးမျိုးပါဝင်ပြီး ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ကြသည့်အခါ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။

"ခုလို လမ်းတွေပိတ်တာ ကားကြီးတွေ ကုန်ချိန်ပိုတင်လို့ ခံနိုင်ဝန်အားမမျှဘဲ လမ်းတွေပျက်တော့ ပိတ်ကုန်တာပေါ့" ဟု ယာဉ်ငယ်မောင်းနှင်သွားလာသူများက ပြောသည်။

ယာဉ်ကြီး မောင်းနှင်သူများကလည်း "ကားလေးတွေက ယာဉ်ကြောအတိုင်းမမောင်းဘဲ ကျော်တက်ကြတော့ တစ်ဖက်ယာဉ်ကြောကို ပိတ်သလိုဖြစ်ပြီး ကားပိတ်ဆို့မှု ဖြစ်တာပေါ့"ဟု ပြောသည်။

"ယာဉ်ကြီးပဲဖြစ်ဖြစ်၊ ယာဉ်ငယ်ပဲ ဖြစ်ဖြစ်စည်းကမ်းရှိရှိသွားလာမယ်၊ သတ်မှတ်တဲ့ကုန်ချိန်အတိုင်း တင်ပြီး သွားလာမယ်ဆိုရင် ခုလို ယာဉ်ကြောပိတ်ဆို့မှု ပြဿနာရှိနိုင်မှာမဟုတ်ပါဘူး" ဟု အဆိုပါလမ်းကို မကြာခဏသွားလေ့ရှိသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားများ၊ ရဟန်းရှင်လူ ပြည်သူများ သွားလာမှု အဆင်မပြေဖြစ်ကြရသည်။ မူဆယ်-လားရှိုးလမ်းသည် ပုံမှန်အားဖြင့် လေးနာရီကျော်သာ သွားလာကြရသော်လည်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်သည့်အခါ လူသူမနီးသည့်လမ်း၌ ကားပေါ်တွင် ဖြစ်သလိုအိပ်ကာ ဒုက္ခခံကြရသည်မှာ မကြာခဏပင်ဖြစ်သည်။ မူဆယ်-မန္တလေးလမ်းသည် နေ့ချင်းပေါက်ရောက်နိုင်သော်လည်း ဂုတ်တွင်းလမ်း၌ ယာဉ်ကြောပိတ်ဆို့လျှင် လမ်းတွင် တစ်ညအိပ်ရသည်။ ကွတ်ခိုင်မှ မူဆယ်သို့အသွား ၇ မိုင်နှင့် ၁၀ မိုင်အကြား၊ ကျောက်မဲနှင့်နောင်ချိုမြို့နယ်ကြားရှိ ဂုတ်တွင်းလမ်းနေရာများတွင် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကြုံတွေ့ကြရသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် သာမန် ခရီးသွားပြည်သူများအနေဖြင့် ပြဿနာမရှိသော်လည်း ရဟန်းသံဃာများ၊ အချိန်နှင့် တစ်ပြေးညီ သွားလာရသော ဌာနဆိုင်ရာများ အချိန်မီ ဆေးဝါးကုသမှုခံယူရန် လိုအပ်သော လူနာများအတွက် လွန်စွာအရေးကြီးလှသည်။ ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ ယာဉ်ကြောပိတ်ဆို့သည့်အခါ ထမင်းတစ်ခါစား ငွေကျပ် ၄၀၀၀ ဖြင့် ရောင်းချကြသည့် ဈေးသည်များ၊ အခြားကွမ်း၊ ဆေးလိပ်နှင့် စားသောက်ဖွယ်ရာ မုန့်ပဲသရေစာများကို သာမန်ချိန်ထက် ဈေးနှုန်းပိုတင်ကာ ရောင်းကြသူများလည်း ရှိကြသည်။ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ဖြေရှင်းနိုင်ရန် တာဝန်ရှိ သူများက နည်းလမ်းရှာဆောင်ရွက် လျှက်ရှိရာ ယခုအခါ ကုန်တင်ယာဉ်ကြီးများနှင့် လူစီး Express ကားကြီးများကို နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ကွတ်ခိုင်အထိ အဆင်းသတ်မှတ်ပေးပြီး ကွတ်ခိုင်မှ မူဆယ်သို့ မွန်းတည့် ၁၂ နာရီ နောက်ပိုင်း အတက်ကားများကို သွားလာစေခဲ့ရာတွင် စည်းကမ်းကြပ်မတ်သည့် အခိုက်အတန့်တွင်သာ အဆင်ပြေခဲ့မှုရှိခဲ့သော်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းသဖြင့် ကတ္တရာလမ်းဟောင်းပေါ်သို့ လက်ရှိဖောက်လုပ်နေသော ရွှံ့များတင်ကာ လမ်းချော်မှုကြောင့် လည်းကောင်း၊ ယာဉ်မောင်းသူများ၏ စည်းကမ်းမလိုက်နာဘဲ သွားလာမောင်းနှင်မှုကြောင့် လည်းကောင်း၊ ကုန်တင်ယာဉ်ကြီးများ စက်ချွတ်ယွင်း၍ လမ်းတွင် ရပ်တန့်ထားသည့် အခါမျိုးတွင် လည်းကောင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် ပြန်လည်ကြုံတွေ့ကြရပြန်သည်။

ဤကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့ကြရသော ခရီးသွား ပြည်သူများ ရေရှည်အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရန် အတွက် လားရှိုး-မိုင်းယုလမ်း ပြုပြင် ထိန်းသိမ်းရေးဆောင်ရွက်နေသော Oriental Highway Co.,Ltd. ကုမ္ပဏီမှ တာဝန်ယူ၍ လားရှိုးအထိ လေးလမ်းသွား လမ်းမကြီးကို ဖောက်လုပ်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ ကုန်စည်စီးဆင်းရာတွင် လည်းကောင်း၊ အများပြည်သူ ကူးသန်းသွားလာကြရာတွင် လည်းကောင်း အများဆုံးအသုံးပြုလျက်ရှိသော မူဆယ်-လားရှိုးလမ်းမကြီးကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာကုမ္ပဏီက တိုးချဲ့ဖောက်လုပ်လျက် ရှိသည်ကို ပြည်သူများ ဝမ်းမြောက်စွာတွေ့နေကြရသည်။

သို့သော် မြေသားကို လေးလမ်းသွားအဖြစ်တိုးချဲ့ခြင်းအပြင် အရည်အသွေးပြည့်ဝသော စံချိန်စံညွှန်းနှင့် ပြည့်မီသော ကတ္တရာလမ်းအဖြစ် စီမံလျာထားသည့်အတိုင်း ဆောင်ရွက်ပြီးစီးမှသာလျှင် ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အေးချမ်းသာယာရမည်၊ ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ခံယူချက်နှင့်အတူ တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းကြရင်း မောဝ်ရှမ်းပြည် အရှေ့မြောက်လမ်းသည် သွားလမ်းသာ၍ လာလမ်းဖြောင့်ပါစေကြောင်း စာရေးသူက မျှော်လင့်ဆုတောင်းမိပါသည်။




## (၅၆)နှစ်မြောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၇**

(၅၆) နှစ်မြောက် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day ) အခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ်ရှိငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည်။

စားသုံးသူများအနေဖြင့် စားသုံးသူအခွင့်အရေးကို သိရှိနားလည်ပြီး စားသုံးသူအခွင့်အရေး ချိုးဖောက်ခံရမှု မရှိနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် လေးကြိမ်မြောက်အဖြစ် စားသုံးသူကာကွယ်ရေးအသင်းက ကျင်းပခြင်းဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံမှာ စားသုံးသူအခွင့်အရေး ဥပဒေရှိပေမယ့်လည်း စားသုံးသူအခွင့်အရေးတွေ ချိုးဖောက်ခံနေရတယ်။အစားအသောက်တွေက ဘေးကင်းလုံခြုံမှု မရှိဘဲ အန္တရာယ်တွေနဲ့ ကင်ဆာလိုရောဂါတွေ တိုးပွားပြီး ရင်ဆိုင်နေရတယ်။ ဒါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အားလုံးပါဝင်သင့်တယ် " ဟု မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

အဆိုပါ အခမ်းအနားတွင် စားသုံးသူအခွင့်အရေးနှင့် ဆက်စပ်သော ဥပဒေဆိုင်ရာ ဆန္ဒတောင်းခံမှုများ၊ ဆရာဝန်များ၏ ကျန်းမာရေး အသိပညာပေး သရုပ်ဖော်တင်ဆက်မှုများနှင့် ဆွေးနွေးခြင်းများအပြင် အော်ဂဲနစ်သီးနှံနှင့် ထွက်ကုန်ရောင်းချခြင်း အစီအစဉ်တို့ပါဝင်ပြီး စားသုံးသူကာကွယ်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

"ဆိုးဆေးပါဝင်တဲ့ အစားအသောက်တွေကပဲ ရောဂါရတယ်လို့ထင်ထားတာပါ။ အရည်အသွေးမပြည့်မီတဲ့ အလှကုန်၊ ဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေကလည်း ဘေးထွက်ဆိုးကျိုးအနေနဲ့ရောဂါရတယ်ဆိုတာ အခုမှသိရတယ်။ ကျွန်မတို့နေ့စဉ် စားသောက်၊ သုံးစွဲနေတဲ့အရာတွေကနေ ရောဂါတွေဖြစ်ပွားနိုင်တာကို သိရတဲ့အတွက် အများကြီး အကျိုးရှိပါတယ်"ဟု အဆိုပါပွဲကိုလာရောက်သူ ဒေါ်ဇင်မာက ပြောသည်။

မတ် ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day ) အထိမ်းအမှတ်ပွဲကို နိုင်ငံပေါင်း ၁၂၀ ကျော်မှ စားသုံးသူကာကွယ်ရေးအသင်း ၂၄၀ တို့က ပညာပေးအစီအစဉ်များဖြင့် နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

## အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှု အသိပညာပေး

**လှိုင်းဘွဲ့ မတ် ၁၇**

အယ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် အသိပညာပေးဆွေးနွေးပွဲကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၌မတ် ၁၅ ရက်က မြို့နယ်ထွေ/အုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အယ်နီညိုရာသီဥတုကြောင့်သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်မှု မရှိစေရေး၊ အပူလွန်ခြင်း၊ မီးဘေး၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများပြုလုပ်ထားကြရန်နှင့် သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေး၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်မှုအခြေအနေများ၊ မီးဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရှိရန်၊ အပူချိန်မြင့်မားမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် နာတာရှည်ရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စသည့်ရောဂါများအကြောင်း၊ အယ်နီညိုဖြစ်စဉ်နှင့် ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ပုံစံ(၈)ဖြင့် ဖမ်းဆီးသစ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချ

**ကသာ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်သစ်တောဦးစီးဌာနရုံးတွင် ပုံစံ(၈)ဖြင့်ဖမ်းဆီးထားရှိသောသစ်အမျိုးအစားများကို မတ် ၁၄ ရက်က ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ သစ်တောဦးစီးဌာနမှ ၄/၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ကသာ- ကောလင်း-ပင်လယ်ဘူးတို့မှ ဖမ်းဆီးရမိသော သစ်အမျိုးမျိုးတို့အတွက် ငွေပေးသွင်းပြီးကြောင်း ငွေရပြေစာမူရင်းတင်ပြသူအား လေလံဝယ်ယူခွင့်ပြု၍ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခဲ့ရာ သစ်အမျိုးမျိုး ၂၆၈၈ ဒသမ ၉၅၂ တန်၊ မီးသွေး ၂၃ ဒသမ ၉၇ တန်အား ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ငွေအိုး(ကသာ)

# အညာသီဟတောမြတ်စွာဘုရား မတ္တရာမြို့တွင် ခေတ္တအပူဇော်ခံ



**မတ္တရာ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အညာသီဟတောကုန်းမြေသို့ ပင့်ဆောင်မည့် အညာသီဟတော ရွှေဆင်းတုတော်မြတ်အား မတ် ၁၄ ရက် နံနက်ပိုင်းက မတ္တရာမြို့သို့ ပင့်ဆောင်ပြီး မြို့မဈေးအနီးတွင် ခေတ္တအပူဇော်ခံခဲ့ကြောင်း သိရသည်။

ရွှေဆင်းတုတော်ပင့်ဆောင်ရေးအဖွဲ့အား မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိ မြို့ဖများက မတ္တရာမြို့အဝင်မှ ကြိုဆိုခဲ့ကြပြီး ဆင်းတုတော် ခေတ္တကိန်းဝပ်အပူဇော်ခံနေရာတွင် မြို့နယ်အထောက်အကူပြုကော်မတီက အလှူငွေ ကျပ်နှစ်သိန်းကို လှူဒါန်းခဲ့သည်။

မတ္တရာမြို့ခံပြည်သူများကလည်း လာရောက်ဖူးမြော်ကြပြီး အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ထို့နောက် မတ္တရာမြို့တွင်းသို့ လှည့်လည်အပူဇော်ခံပြီး စဥ့်ကူးမြို့သို့ ဆက်လက်ပင့်ဆောင်သွားကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# လမ်းလယ်သစ်ပင်များကြား လမ်းတားကပ်တုံးများ ချထား၍ သစ်ပင်ပျက်စီးမှု နည်းလာနိုင်

**ရန်ကုန် မတ် ၁၇**

လမ်းမတော်မြို့နယ် လမ်းသစ်(မော်တင်) လမ်းအတွင်းရှိ လမ်းမကြီးများ၏ လမ်းလယ်တွင် စိုက်ပျိုးထားသော သစ်ပင်နှင့် အုတ်ခုံများအကြားတွင် လမ်းတားကပ်တုံးများ စီတန်းချထားသောကြောင့် အုတ်ခုံများကြားမှဖြတ်၍ ယာဉ်များ လမ်းကြောပြောင်းခြင်း၊ ညဘက်များတွင် ယာဉ်ရပ်နားခြင်းများ မရှိနိုင်တော့သဖြင့် လမ်းလယ်ရှိ သစ်ပင်အုတ်ခုံများပျက်စီးမှုနည်းလာနိုင်ကြောင်း သိရသည်။

လမ်းတားကပ်တုံးများ ချထားခြင်းကို လမ်းမတော်မြို့နယ်အတွင်း အနော်ရထာလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ လမ်းလယ် သစ်ပင်များကြားတွင် ဦးစွာ ပြုလုပ်ပေးထားခဲ့ပြီး မတ် ၁၅ ရက်တွင် အနော်ရထာလမ်းနှင့် ကမ်းနားလမ်းဟောင်း မဟာဗန္ဓုလလမ်းဆုံကြားတွင် အနော်ရထာလမ်းထိပ်မှစ၍ လမ်းတားကပ်တုံးများ စတင်ချထားသည်ကို မြင်တွေ့ရသည်။



လမ်းတားကပ်တုံးမရှိသော သစ်ပင်များကြားတွင် ရပ်ထားသည့် ယာဉ်များ။

လမ်းမတော်မြို့နယ်အတွင်း လမ်းသစ်လမ်းအလယ်နှင့် လမ်းဘေးတစ်ဖက်တစ်ချက်နှင့် သစ်ပင်များဖြင့် စိမ်းစိုနေသော အုတ်ခုံငယ်ပေါင်း ၃၄ ခုံရှိသည်။ ယခင်က အဆိုပါ လမ်းလယ်သစ်ပင်များကြားတွင် လမ်းတားကပ်တုံးများမရှိသဖြင့် အုတ်ခုံငယ်များအကြား ယာဉ်ဖြတ်ခြင်း၊ ယာဉ်ရပ်နားခြင်းများကို နေ့စဉ်မြင်တွေ့ရသည်။ အနော်ရထာလမ်းနှင့် ကမ်းနားလမ်းဟောင်း မဟာဗန္ဓုလလမ်းဆုံအကြား လမ်းပိုင်းတွင် သစ်ပင်ပါအုတ်ခုံ ၂၁ ခုံရှိသည့်အနက် မတ် ၁၅ ရက်အထိ အုတ်ခုံများ လုံးဝပျက်စီးနေသော သစ်ပင် သုံးနေရာ၊ သစ်ပင်နှင့် အုတ်ခုံမြေကြီးပါ ပျောက်ကွယ်သည့်နေရာ တစ်နေရာကို မြင်တွေ့ရသည်။

ယခုအခါ လမ်းတားကပ်တုံးများ ချထားခြင်းကြောင့် လမ်းလယ်ရှိ သစ်ပင်အုတ်ခုံများအကြား ယာဉ်ရပ်၍ မရတော့သလို ယာဉ်များ အလွယ်တကူကွေ့ခြင်း၊ လမ်းကြောပြောင်းခြင်းများ လုပ်၍ မရနိုင်တော့သဖြင့် လမ်းသစ်လမ်းတစ်လျှောက်ရှိ သစ်ပင်အုတ်ခုံများ ယခင်ကထက် ထိခိုက်ပျက်စီးမှု နည်းလာနိုင်မည်ဖြစ်ရာ ရန်ကုန်မြို့တွင် ပျောက်ကွယ်စပြုနေသော အရိပ်ရသစ်ပင်ကြီးငယ်များအနက် လမ်းသစ်လမ်းတစ်လျှောက်ရှိ သစ်ပင်များ၏ ဆက်လက်တည်ရှိ ရှင်သန်ရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် အဆိုပါ လမ်းတားကပ်တုံးများ ချထားခြင်းက အထောက်အကူဖြစ်စေနိုင်သည်ဟု လမ်းသစ်ရိပ်သာတွင် နေထိုင်သူတစ်ဦးက ၎င်း၏ထင်မြင်ချက်ကို ပြောသည်။

လမ်းသစ်လမ်းကဲ့သို့ လမ်းမကြီးနှစ်ခုကြား တောင်မြောက်လမ်းဖြစ်ပြီး ဈေးများရှေ့ရှိ ယာဉ်များကြောင့် နေ့စဉ် ယာဉ်ပိတ်ဆို့မှုဖြစ်နေတတ်သည့် လမ်းမတော်လမ်း၏ အောက်ဘလောက်နှင့် အလယ်ဘလောက် လမ်းအလယ်တွင်လည်း လမ်းတားကပ်တုံးများ ချထားရန် လိုအပ်မှု ရှိ မရှိကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုပြီး စဉ်းစား စီစဉ်ပေးစေလိုကြောင်းလည်း လသာမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ **ခင်ဆိုင်**

# ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီး

**ကျွန်းလှ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာကို တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုများ ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၆၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများပါသော အလျား ၁၀၄ ပေ၊ အနံ ပေ ၅၀ ရှိ အခန်း ၁၆ ခန်းပါဝင်သည့် အာရ်စီကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။ ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံတွင် အဆိုပါ လေးခန်းတွဲ လေးထပ် အဆောက်အအုံအပြင် အခန်း ၂၄ ခန်းပါ ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာကိုလည်း တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သတင်းတိုများ

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း သဲကုန်းမြို့နယ် သစ်နီတောကျေးရွာအုပ်စုအတွင်းရှိ ထန်းပင်ကုန်းရွာနှင့် သိန်းသောင်းရွာများမှ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မတ် ၁၄ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်စိုးနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဟောပြောပွဲသို့ သစ်နီတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **မောင်ရွှေဝင်း(ပြည်)**

### နယူးရော–၁စပ်မျိုးစပါးစနစ်တကျ ပျိုးထောင်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်၏ ၂၀၁၅-၂၀၁၆ နွေစပါး လျာထားဧက ၃၀၀၀ မှ နွေစပါးသုံးသီးစိုက်ဧရိယာတွင် နယူးရော-၁ စပ်မျိုးစပါး ၁၀ ဧက ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မတ် ၉ ရက်က ပျိုးထောင်ခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာအုပ်စု ညောင်နီကုန်းကျေးရွာရှိ ကွင်းအမှတ်(၁၁၀၅)၌ ပျိုးထောင်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်တင်မြလွင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **ပေါက်စ(မင်းလှ)**

### ရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေဖြန့်ဝေပေး

နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုဖြစ်တတ်သော မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းမှ ဒေသများတွင် ယခုနှစ် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဦးစီးဌာနသုံးခု ပူးပေါင်း၍ ရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ ရေသယ်ယာဉ်များဖြင့် ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ ရေများ စတင်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ ကျောက်အိုးရွာ၊ ငှက်မီးရွာ၊ နောင်ခွင်ရွာ၊ ရေဖြူရွာနှင့် မန်ကျည်းကုန်းရွာများရှိ အိမ်ခြေ ၆၀၀ ကျော်မှ လူဦးရေ ၃၀၀၀ ကျော်အတွက် သောက်သုံးရေ ဂါလန် ၄၆၄၀၀ ကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ်အတွင်းမှ ရေရှားသော ကျေးရွာများတွင် သောက်သုံးရေလိုအပ်ချက်များ ရှိလာလျှင်လည်း တင်ပြတောင်းဆိုနိုင်ပြီး ယခုကဲ့သို့ပင် ဌာနသုံးခုပူးပေါင်း၍ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် သက်တမ်းတိုနွေစပါးမျိုးများ ပျိုးထောင်

**စဥ့်ကိုင် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်းရှိ နွေစပါးစီမံကိန်း ဒေသများဖြစ်သည့် မြောက်ကိုင်းမြစ်ရေတင်နှင့် အိုးတိန်းတောင်မြစ်ရေတင်ဒေသများတွင် သက်တမ်းတိုနွေစပါးမျိုးများကို သိပ္ပံနည်းကျ စနစ်တကျစိုက်ပျိုးနည်း စနစ်များဖြင့် မတ် ၁၆ ရက်မှစ၍ ပျိုးထောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေတင်စီမံကိန်းဒေသများတွင် စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် သိပ္ပံနည်းကျ စနစ်တကျစိုက်ပျိုးနည်းဖြစ်သော ပေါင်စနစ်ဖြင့် ပျိုးထောင်နေခြင်းဖြစ်ရာ ပျိုးထောင်စိုက်ပျိုး နေမှုကို ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်း၊ စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

စဥ့်ကိုင်မြို့နယ်အနေဖြင့် မြစ်ရေတင်စနစ်ဖြင့် နွေစပါး ၆၃၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ဧက ၄၉၀ ပျိုးထောင်ပြီးစီး၍ ဧက ၃၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

**ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ သဘာဝဘေး ကျရောက်ပါက ပြည်သူများ၏ အသက်အိုးအိမ်ကို ကာကွယ်နိုင်ရေး အတွက် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ အထပ်မြင့် အဆောက်အအုံပေါ်မှ လူများအား ဘေးလွတ်ရာသို့ ကြိုးဖြင့် ကယ်ထုတ်နည်းကို မတ် ၁၅ ရက်က လေ့ကျင့်နေစဉ်။**

မင်းလွင်ဦး(ပြန်/ဆက်)



# လူသတ်မှုနှင့် လုယက်မှုများကို စွမ်းစွမ်းတမံဖော်ထုတ်နိုင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား ကလေးခရိုင်ရဲတပ်ဖွဲ့က ဂုဏ်ပြု

**ကလေး မတ် ၁၇**

ကလေးမြို့၌ ဖြစ်ပွားခဲ့သော လူသတ်မှုတစ်မှုနှင့် လုယက်မှုနှစ်မှုကို အချိန်တိုအတွင်း စွမ်းစွမ်းတမံဖော်ထုတ်နိုင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲနှင့် ရွှေဆိုင်လုယက်မှုမှ သက်သေခံ ရွှေထည်ပစ္စည်းများ ပြန်လည်ပေးအပ်ပွဲကို ကလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက မှုခင်းဖြစ်စဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဆိုင်ကို ဓားပြတိုက်လုယက်သည့်အမှုတစ်ခုတွင် တရားခံကို တစ်နာရီအတွင်း ဖမ်းဆီးနိုင်သည့် ရဲအုပ်သီဟနှင့်အဖွဲ့အားခရိုင်ရဲတပ်ဖွဲ့မှ ပေးအပ်သည့် ဂုဏ်ပြုဆုငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ လူသတ်မှုတစ်ခုတွင် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်သော ရဲအုပ်သီဟနှင့်ရဲအုပ်ဇော်ဝင်းထွန်းတို့အား ခရိုင်ရဲတပ်ဖွဲ့မှ ပေးအပ်သော ဂုဏ်ပြုဆုငွေများကို ခရိုင်ရဲတပ်ဖွဲ့မှူးကလည်းကောင်း၊ ဆိုင်ကယ်စီးလာသူ အမျိုးသမီးနှစ်ဦးထံမှ လုယက်မှုတွင် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်သူ နယ်ထိန်း ဒုတိယရဲအုပ်ဘိုဘိုဝင်းထွဋ်အား ခရိုင်ရဲတပ်ဖွဲ့မှူးက ပေးအပ်သော ဂုဏ်ပြုဆုငွေများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရွှေဝါလင်းရွှေဆိုင် ဓားပြတိုက်မှုမှ သက်သေခံပစ္စည်း ရွှေဆွဲကြိုး ၄၁ ကုံးနှင့် ရွှေနားကပ် ၂၈ ရံကို ခရိုင်ရဲတပ်ဖွဲ့မှူးက ပိုင်ရှင်လက်ဝယ်သို့ ပြန်လည်ပေးအပ်ပြီး ရွှေဆိုင်ပိုင်ရှင်ကလည်း မိမိရွှေဆိုင်ဓားပြတိုက်လုယက်ခံရမှုကို တစ်နာရီအတွင်း ဖော်ထုတ်ပေးနိုင်ခဲ့သူ ရဲအုပ်သီဟနှင့်အဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည့်အပြင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင်အသုံးပြုရန် ဒီဇယ်ဂါလန် ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**





## မြိုင်မြို့ ရွှေမြင်းတင်စေတီတော် စောင်းတန်းများပြုပြင်

**မြိုင် မတ် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့အမှတ်(၂)ရပ်ကွက်ရှိ သမိုင်းဝင် ရွှေမြင်းတင်စေတီတော်မြတ်ကြီးစောင်းတန်းမှ နှစ် ၁၀၀ ကျော်သက်တမ်းရှိပြီဖြစ်သော သစ်သားတိုင်များ ဆွေးမြည့်ပျက်စီးနေသဖြင့် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

စောင်းတန်းပြုပြင်မွမ်းမံရာတွင် တိုင် ၂၄ လုံး၊ အလယ်ခန်း ၅၂ ခန်းနှင့် မျက်နှာကြက်အမိုးများကို ပြုပြင်လျက်ရှိရာ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၀၆၂-၄၀၁၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှသောင်ထံမှ သိရသည်။ ရွှေမြင်းတင်စေတီတော်မြတ်ကြီးကို သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး၏သာသနာပြုအဖွဲ့က စတင်တည်ထားခဲ့ပြီး စောင်းတန်းကို ၁၂၇၆ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ စောင်းတန်းအဟောင်းမှာ နှစ် ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

## သတင်းတိုများ

### ဒုတိယအကြိမ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဒေါင်အိုကျေးရွာအုပ်စု ညောင်ညိုတောကျေးရွာ ယမ်းယံဘုန်းတော်ကြီးကျောင်းတိုက်၌ ဒုတိယအကြိမ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်ပွဲကို မတ်လဒုတိယပတ်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒါယကာ၊ ဒါယိကာမများနှင့် သင်တန်းသား သင်တန်းသူများက မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ထံမှ သီလခံယူ ဆောက်တည်ပြီး သင်တန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးငွေဇော်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဆရာတော်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းပြီးဆုံးသည်အထိ သင်ယူကြရန် မိန့်ကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

### ကျေးလက်စိမ့်စမ်းရေသွယ်ယူရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ၌ နွေရာသီကာလတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စိမ့်စမ်းရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ရေပိုက်လိုင်းများ သွယ်တန်းနေမှုကို မိုးနဲမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်သူရ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးသန့်နှင့် အဖွဲ့ဝင်များ မတ် ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ကျေးရွာမီးဘေးကာကွယ်ရေးအတွက် ထော်လာဂျီ(ရေသယ်ယာဉ်)တစ်စီး လွှဲပြောင်းပေးအပ်

**တနသ်ာရီ မတ် ၁၇**

တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စုတွင် မီးဘေးအန္တရာယ်ကြုံတွေ့ပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရန်အတွက် ထော်လာဂျီ (ရေသယ်ယာဉ်)တစ်စီးကို တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မတ် ၁၄ ရက်က ပေးအပ်ခဲ့ပြီး မီးငြိမ်းသတ်နည်းစနစ်များ၊ ရေဖြည့်နည်းစနစ်များကိုလည်း လက်တွေ့သရုပ်ပြ လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထော်လာဂျီ(ရေသယ်ယာဉ်)တွင် ဆက်စပ်ပစ္စည်းများဖြစ်သော ရေစုပ်ပိုက်တစ်လုံး၊ ရေပက်ပိုက်နှစ်လုံး၊ ရေပက်ခေါင်းတစ်လုံးနှင့် အပေါ့စားရေစုပ်စက်တစ်လုံးပါရှိပြီး အသုံးချနည်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက ညောင်ပင်ကွင်းကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးဦးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လက်တွေ့သရုပ်ပြလေ့ကျင့်ပြီး ပေးအပ်ခဲ့ကြသည်။

ညောင်ပင်ကွင်းကျေးရွာအုပ်စုသည် တနင်္သာရီ မြို့နှင့် ချောင်းကူးမြစ်ခြားဖြစ်နေသည့်အတွက် အရေးပေါ်မီးဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ လာရောက်ကူညီနိုင်ရန် မလွယ်သည့်အတွက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၏ စီစဉ်ညွှန်ကြားမှုအရ ဦးစားပေးအစီအစဉ်အနေဖြင့် ရေသယ်ယာဉ်ကို လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဖြူ မတ် ၁၇**

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၁၆ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(ရခိုင်ပြည်နယ် ကျောက်ဖြူမြို့) မှ ခေတ္တရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်မြင့်ငွေးဦးစီးသည့် တပ်ဖွဲ့ဝင် ၅၂ ဦးတို့သည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ယင်းနေ့နံနက် ၇ နာရီတွင် ရဲတပ်ဖွဲ့ခွဲဝင် ၁၀၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ပြီး အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲနှင့် သန့်ရှင်းရေးပြုလုပ်ပွဲသို့ အမှတ် (၁၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ယာယီရဲမှူးကြီးတင့်ရွှေ လာရောက်ကြည့်ရှုအားပေးကာ သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အားဆေးနှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## အယ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့်ဘေးအန္တရာယ်များနှင့် မီးဘေးကာကွယ်ရေး ပညာပေးဟောပြော

**ကျိုင်းတုံ မတ် ၁၇**

အယ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့်ဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် ပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းများကို ကျိုင်းတုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မတ် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အယ်နီညိုဖြစ်စဉ်ကြောင့် မီးဘေးကာကွယ်ရေးအတွက် တွဲဖက်ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး ရဲသူရိန်သိန်းမြင့်က မီးလောင်မှုဖြစ်ပွားရသည့် အခြေအနေများနှင့် မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို ရှင်းလင်းဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသည်။ ထို့နောက် မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက အယ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပညာပေးဟောပြောခဲ့ကြသည်။

ယခုနှစ်တွင် အယ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ထူးကဲစွာ အပူချိန်မြင့်တက်ခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ပုံမှန်ရှိမြဲထက် ရေပမာဏလျော့နည်းခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေး ပြဿနာများကိုပါ ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ရေရှားပါးနေသည့်ကျေးရွာသို့ မီးသတ်ဦးစီးဌာနက သောက်သုံးရေလှူဒါန်း

**ပခုက္ကူ မတ် ၁၇**

ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာ၌ အဝီစိတွင်းရေ အထွက်နှုန်း လျော့နည်းလာပြီး ရေရှားပါးလာသဖြင့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ကားဖြင့် သောက်သုံးရေများကို မတ် ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပန်းတိုင်းခြုံကျေးရွာသည် ပခုက္ကူ-ရေစကြို ကားလမ်းဘေးတွင် တည်ရှိပြီး အိမ်ခြေ ၄၆၀ ခန့်နှင့် လူဦးရေ ၂၃၀၀ ကျော်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ကာ သောက်သုံးရေအတွက် ကျေးရွာပိုင် မိုးရေလှောင်ကန်နှင့် အဝီစိတွင်းတစ်တွင်းရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယခုအခါ မိုးရေလှောင်ကန်တွင် ရေပမာဏ နည်းပါးလာသည့်အတွက် ချိုးရေနှင့် သုံးရေအဖြစ် သုံးစွဲပြီး အဝီစိတွင်းရေကို သောက်ရေအဖြစ်လည်းကောင်း၊ ချက်ပြုတ်စားသောက်ရာတွင် လည်းကောင်း သုံးစွဲနေကြောင်း သိရသည်။ ကျေးရွာအဝီစိတွင်းမှာ မိုးတွင်းနှင့်ဆောင်းတွင်းကာလများ၌ တစ်နာရီစက်မောင်းလျှင် ရေဂါလန် ၈၀၀ ခန့် ထွက်ရှိသော်လည်း ယခုနွေရာသီကာလတွင် တစ်နာရီလျှင် ရေဂါလန် ၂၀၀ ခန့်သာ ထွက်ရှိနေသဖြင့် ကျေးရွာနေပြည်သူများ ရေအသုံးပြုရာတွင် အဆင်ပြေစေရန်အတွက် ခရိုင်မီးသတ်ဦးစီးဌာနက သွားရောက်လှူဒါန်းရခြင်းဖြစ်ကြောင်းသိရသည်။



ရေရယူရန် စောင့်ဆိုင်းနေကြသည့် ပြည်သူများ။

ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်နိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဇော်ဌေးအောင်တို့က ဦးဆောင်၍ သွားရောက် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်း ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲများဖြစ်ပေါ်လာပါက ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာန ဖုန်း-၀၆၂-၂၁၂၀၅ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **(၁၁၇)**



## မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**သပိတ်ကျင်း မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၌ မီးဘေးကာကွယ်ရေးအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာရှိ စက်သုံးဆီဆိုင်များမှ ဆိုင်ရှင်နှင့် ဝန်ထမ်းများအား မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မတ် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်လင်း ဦးဆောင်၍ ချောင်းကြီးကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများပူးပေါင်းပါဝင်ပြီး ကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မီးဘေးကြိုတင်ကာကွယ်ရေး အခြေခံနည်းလမ်းများကို ဟောပြောပို့ချခဲ့ပြီး မီးသတ်ဆေးဘူးကို စနစ်တကျအသုံးပြုတတ်စေရန်နှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ မီးသတ်ဦးစီးမှူးနှင့် အဖွဲ့သည် ကျေးရွာစည်ပင်သာယာဈေးနှင့် စက်သုံးဆီဆိုင်များသို့ သွားရောက်ပြီး စက်သုံးဆီဆိုင်များရှိ ဆိုင်ပိုင်ရှင်နှင့် ဆိုင်ဝန်ထမ်းများအနေဖြင့်လည်း မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို ရှင်းလင်းပြသခဲ့သည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ပြင်ဦးလွင် ပဒေသာမြို့သစ်၌ မီးလောင်မှုဖြစ်ပွား

**ပြင်ဦးလွင် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပဒေသာမြို့သစ်(ယ)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ မတ် ၁၅ ရက် နံနက် ၉ နာရီခွဲခန့်က လူကြီးများမရှိဘဲ အသက် ငါးနှစ်နှင့် ၁၀ နှစ်အရွယ် ကလေးငယ်နှစ်ဦးသာ ရှိနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရပ်ကွက်မှ အရေးပေါ် မီးသတ်ယာဉ်ငယ်တစ်စီးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခြင်းကြောင့် ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် နှစ်ထပ်အိမ်၏ အပေါ်ထပ်နှင့် သစ်သားလှေကား၊ အောက်ထပ်မှ အခန်းတစ်ခန်း မီးသင့်ပျက်စီးခဲ့ပြီး ကလေးငယ်နှစ်ဦးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခြင်းနှင့် ပတ်သက်၍ မြို့နယ် တာဝန်ရှိသူများက လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်၍ ရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့သည်ဟု ဆိုသည်။ မီးလောင်မှုကြောင့် ပတ်ဝန်းကျင် အိုးအိမ်များ ထိခိုက်ပျက်စီးမှု မရှိသော်လည်း လက်ရှိနေထိုင်သည့်အိမ်ရှင်ကို စိစစ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းထွေး**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တေဇာလင်း ၆/ပလန(နိုင်)၀၆၈၉၅၁၏ Passport (No မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**ပျောက်ဆုံးခြင်း**

ကျွန်တော် ဦးရဲမြင့်သိန်း ၉/မခန(နိုင်)၁၆၂၉၉၅၏ နိုင်ငံကူးလက်မှတ် ၆၅၁၇၆၉မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၂၇၇၆၁၈၅

**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၃-၂၀၁၆ နေ့ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၉)ပါ "ဦးမြင့်ဝေနှင့်(သမီး)မမီးမီးအများသိစေရန်" ကြော်ငြာ တွင် ဦးမြင့်ဝေ(၁၂/လမန(နည်)၀၀၀၄၀၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ရင်သွေးငယ်တို့ကို စာအုပ်ဖြင့် ပျော်မွေ့ပါစေ**

က လေး များ အ တွ က် စာ အုပ် များ ၁၀% မှ ၂၀%

## ကလေးစာအုပ်များအရောင်းပွဲတော်

စာအုပ်ဆိုင်ဆီ သင့်ကလေးကိုသာ ခေါ်ခဲ့ပါ။ ဘာမှ ဝယ်စရာ မလိုပါ။

စာအုပ်တစ်အုပ် လက်ဆောင်ရယူပါ။

၁၉.၃.၂၀၁၆(စနေ)မှ ၂၇.၃.၂၀၁၆(တနင်္ဂနွေထိ)၊ နံနက် ၉ နာရီမှ ညနေ ၇ နာရီထိ။

ရန်ကုန်နှင့်မန္တလေးမြို့ရှိ စိတ်ကူးချိုချိုဆိုင်များအားလုံး

(လမ်း ၄၀၊ သြဘာ၇လမ်း၊ လှည်းတန်း ၁ လမ်း၊ မန္တလေး ၇၇ လမ်း၊ ၂၆ ဘီလမ်း)

QUALITY၊ မြင့်မိုရ်မေမေ၊ ဆုပြည့်စုံထွန်း၊ ပင်ဝါးရုံ၊ မုံရွေး၊ ရှုဝံ၊ စိတ်ကူးချိုချိုတို့၏ကလေးစာအုပ်များပါဝင်သည်။စုံစမ်းရန်-၀၉၃၁၂၅၉၅၉၁

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၄၊ (၈)ကွက်၊ အိမ်အမှတ် ၆၄နေ ဒေါ်ခင်မာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၄၊ စည်းခံရပ်၊ အကွက်အမှတ် ၈၊ ဦးပိုင်အမှတ် ၇၅၊ မြေယာအမှတ် ၁၃၇၊ မြေဧရိယာ ၀ ဒသမ ၀၇၀ဧကရှိမြေနှင့် မြေပေါ်ရှိ အဆောက်အအုံ (လျှပ်စစ်မီတာအပါအဝင်) အကျိုးခံစားခွင့်များအား (၁)ဒေါ်သန်းမေ (၂)ဒေါ်သန်းရွှေ၊ (၃)ဒေါ်တင်ဦး၊ (၄)ဒေါ်တင်ထူး(ခ)ဒေါ်တင်တင်ထူးတို့ ဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်သန်းမေ၊ ဒေါ်သန်းရွှေ၊ ဒေါ်တင်ဦးတို့ကွယ်လွန်သွား၍ ဒေါ်တင်ထူး(ခ)ဒေါ်တင်တင်ထူးမှ အမွေဆက်ခံတစ်ဦးတည်းလက်ရှိပိုင်ရှင်ဖြစ်ကြောင်း ၎င်း၌ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး တာဝန်ခံရောင်းချသောကြောင့် ဒေါ်ခင်မာမှ စရန်ငွေအချို့တစ်ဝက်ပေးချေ၍ ဝယ်ယူထားပါသည်။ ကျန်ငွေပေးချေ၍ အရောင်းအဝယ်ကိစ္စအပြီးတိုင်အောင် ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ခင်မာထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်ခင်မာမှ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊**
**၀၈၅-၂၃၂၄၁၊ ၀၉-၇၉၂၀၄၅၈၇၅**

'သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။'

ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training

၂၀၁၆ ခု၊ အပါတ်စဉ်(၃၇)၊ ဧပြီလ (၃)ရက်နေ့ဖွင့်ပြီ

## ရောင်နီဦး

## AURORA

ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း

အမှတ် ၁၄၊ ဇင်မလမ်း၊ (၅)ရပ်ကွက်၊ (ရုပ်ရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-73235126, 09-73248049
09-43192144, 09-43163080, 09-43170116

သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

Ph-09-43187831, 09-420317778




အိမ်ခြံမြေပွဲစားကိုယ်တိုင်ရေးတဲ့ကိုယ်တွေ့ မြန်မာ့အိမ်ခြံမြေ

ကမ္ဘာ့စီးပွားရေး၊ မြန်မာ့စီးပွားရေးတို့နဲ့ အတူ သုတ၊ ရသစုံလင်စွာနဲ့ခြယ်သထားတဲ့ မြန်မာ့အိမ်ခြံမြေ

တစ်ခေတ်ဆန်းတဲ့ မြန်မာ့အိမ်ခြံမြေ

သမိုင်းဆန်တဲ့ မြန်မာ့အိမ်ခြံမြေ

ဖြန့်ချိရေး

စကားပြောနေသူများစာပေ (၀၉၅၁၃၅၃၁၄၄၀)

ဓမ္မဒိုင် ကုမ္ပဏီလီမိတက် (၀၉၅၁၀၀၈၉၈၈)

ရန်ကုန် – City mart, Ocean နှင့်စာအုပ်အရောင်းဆိုင်များ

မန္တလေး – ထွန်းဦးစာပေ၊ နဂါးစာပေ၊


AMERICAN VISION
EYE CARE CENTER
အမေရိကန်ပွဲ့ဦးရှင်း နွေရာသီ
Sunglasses Promotion အထူးအစီအစဉ်
ခရမ်းလွန်ရောင်ခြည် (UV Ray) များကိုရာနှုန်းပြည့်ကာကွယ်ပေးသော
ကမ္ဘာကျော် BRANDED နေကာမျက်မှန်ဝယ်ယူသူတိုင်းအတွက်
Summer SALE
1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount
လက်ဆောင်တွေလည်းပေးဦးမှာနော်
AMERICAN VISION ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။ only until 30.4.2016
YGN: (01) 242476, 241897, MDY: (02) 35588, 32053,
NPT: (067) 432393


ဆူဇူကီးတရားဝင်အရောင်းကိုယ်စားလှယ်များထံ၌
ဆူဇူကီးမော်တော်ယာဉ်အားလုံးအား
အချက်(၁၅)ချက် စစ်ဆေးခြင်းအစီအစဉ်
ကြိုတင်လာရောက်၍စာရင်းပေးသွင်းနိုင်ပါပြီ။
မတ်လ ၁ ရက်နေ့ မှ ၃၁ ရက်နေ့အထိ
SUZUKI
Way of Life!
စိတ်ချမ်းမြေ့မှု ရရှိခြင်း
လက်ခံမည်
တစ်ပတ်ရစ်ကားများအပါအဝင်
ECSTAR
ဆူဇူကီး၏စစ်မှန်သောအင်ဂျင်ဝိုင်
၁၀% လျှော့ဈေးရရှိခြင်း
အင်ဂျင်ဝိုင်လဲလှယ်ရန် ရက်ချိန်းယူလျှက်
T-Shirt မေတ္တာလက်ဆောင်ရယူပါ
ရဲနဒီ မော်တော်
အောင် မော်တော်
မျိုး မော်တော်
လှိုင်နှင့်စွမ်း မော်တော်
အေအိုင်ဂျီ မော်တော်(မန္တလေး)


သင်္ကြန်ပွဲတော် အထူးအစီအစဉ်
(၂၀၁၆ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိသာ)
SUZUKI
Way of Life!
The Brand New
ERTIGA
for Myanmar
ERTIGA
အထူးဈေးနှုန်း
ကျပ် ၁၉၉သိန်း + +
(First Come, First Serve Condition)
၁.၄လီတာ အင်ဂျင်၊ အော်တိုဂီယာ(၄)ချက်ပါရှိခြင်း
Petrol
14.92 km/l
ခုံသုံးတန်း၊ ထိုင်ခုံခုနစ်လုံး
စိတ်ချမ်းမြေ့မှုရရှိခြင်း
အာမခံ ၃ နှစ်/ ကီလိုမီတာ ၁ သိန်း
စစ်မှန်သောဆူဇူကီး အပိုပစ္စည်းများအလုံအလောက် ရရှိနိုင်ခြင်း
ဆူဇူကီး(မြန်မာ)မော်တော်မှ လေးစားရပါသောဝယ်ယူအားပေးသူများအတွက်
အစဉ်ထောက်ပံ့ပေးနေသည်မှာ......
facebook/Suzuki Myanmar Motor Co., Ltd.
NEW SUPER CARRY TRUCK
အထူးဈေးနှုန်း
ကျပ် ၅၇သိန်း + +

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင်(၁၀၀၀)ဦးအနက် (၅၀)ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်လုပ်ငန်းရှင်(၉၅၀)ဦးစာရင်းနှင့် ၃၁-၃-၂၀၁၅ရက် နောက်ပိုင်းတွင် ကျသင့်အခွန်များ ပြေကျေစွာထမ်းဆောင်ခဲ့သည့် ကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များ ဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံး(၁)၊(၂)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်နှင့်မန္တလေး)များတွင် ကြေညာ ထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

### ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | ကျပ်သန်း ၂၀၀၀၀အထက် | | | | |
| ၁ | Denko Trading Co.,Ltd. | အမှတ်-၁၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | ကျပ်သန်း ၂၀၀၀၀အောက် | | | | |
| ၂ | Myawaddy Trading Ltd. | အမှတ်-၅၅/၆၁၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃ | Myanmar Winery & Distillery Co.,Ltd. | အမှတ်-၃၃၊ ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Industrial/ Production | |
| ၄ | Shwe Byain Phyu Co.,Ltd. | အမှတ်-၁၀၊ ရတနာမွန်(၃)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| | ကျပ်သန်း ၁၀၀၀၀ အောက် | | | | |
| ၅ | Asia Energy Trading Co.,Ltd. | အမှတ်-၁၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၆ | International Beverages Trading Co.,Ltd. | အမှတ်-၃၃၊ ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၇ | City Mart Holding Co.,Ltd. | အမှတ်-၁-၁၁၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | ကျပ်သန်း ၅၀၀၀အောက် | | | | |
| ၈ | Six Winner Brothers Co.,Ltd. | အမှတ်-၉၊ သီရိမွန်(၁၀)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၉ | Benhur Trading Co.,Ltd. | အမှတ်-၁/၃၁၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်-၁၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၀ | Shwe Me Co.,Ltd. | အမှတ်-၇၉/၈၁၊ ပထမထပ်၊ အခန်း ၁၀၂၊ စင်ထရယ်တာဝါ၊ အနော်ရထာလမ်း၊ ၃၉ လမ်းနှင့်လမ်း ၄၀ကြား၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၁ | Myanma Economic Holdings Co.,Ltd. | အမှတ်-၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufactur-ing | |
| ၁၂ | New Day Energy Co.,Ltd. | အမှတ်-၅၄၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၃ | Farmer Phoyarzar Co.,Ltd. | အမှတ်-၁၈၇၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၄ | Myat Myittar Mon Gems & Jewellery Co.,Ltd. | မ-၅၆/၅၇၊ (၆)လမ်း၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၁၅ | AYS MFG Co.,Ltd. | အခန်း-စီအက်(စ်)-၀၂-၀၄၊ စီ-ဘလောက်၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Industrial/ Production | |
| ၁၆ | Sein Ngwe Mya Trading Co.,Ltd | တိုက်အမှတ်-၄၁၀၊ လေးလွှာ၊ ယုဇနတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၇ | အေးချမ်းမြေအထွေထွေ ရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက် | တိုက်-၄၈၊ ဗဟိုစည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်း ဒေသကြီး | အထွေထွေ ရောင်းဝယ် ရေးလုပ်ငန်း | |
| ၁၈ | Wai Aung Gabar Gems Co.,Ltd. | အမှတ်-၁၉၊ မပိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၁၉ | Myanmar Imperial Jade (Gems & Jewellery) | အမှတ်-၂၂၊ ပြည်လမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၂၀ | Ayeyar Hinthar Holdings Co.,Ltd. | အခန်းအမှတ်-၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆၊ ရဲတံခွန်တာဝါ၊ အမှတ်-၅၃၁၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၁ | Mya Gae Trading Co.,Ltd. | အမှတ်-က/၆-အေ၊ ကံ့ကော်လမ်းသွယ် (၃)လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၂ | ဒေါ်မာမာဦး | အမှတ်-၉၁၊ မဥ္ဇူလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်း ဒေသကြီး | မြဝတီအရက် ပုလင်းသွင်း လုပ်ငန်း | |
| ၂၃ | Linn Htet Aung Gems Co.,Ltd. | အမှတ်-၆၁၊ ပထမထပ်၊ ၈-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၂၄ | Xie Family Co.,Ltd. | အမှတ်-၁၄၄၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၂၅ | L.M Jewellery Co.,Ltd. | အမှတ်-၂၈၃/၂၉၀၊ အခန်း-၉၀၄၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Production | |
| ၂၆ | Shu San Industry Co.,Ltd. | အမှတ်-၉၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၂၇ | Myit Mahar Trading Co.,Ltd. | အမှတ်-အေ-၄၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေပင်လုံအိမ်ရာ၊ ၂၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၈ | Shining Star Light Gems & Jewellery | အမှတ်-၂၉၉၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၂၉ | Ever Winner Gems Co.,Ltd. | အမှတ်-၃၅၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၃၀ | Europe & Asia International Co.,Ltd. | အမှတ်-၆၀၁/၆၀၃၊ ဝါးတန်းလမ်းနှင့် ကျုံးကြီးလမ်းထောင့်၊ ဝင်းရွှေဝါအိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၁ | Kha Yay Trading Co.,Ltd. | အမှတ်-၃၁၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၂ | Thirawmani Gems & Jewellery Co.,Ltd. | အမှတ်-၄၄၉၊ ၁၀-က၊ မိုးမခလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |

စာမျက်နှာ(၂၁)သို့

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင် သူလုပ်ငန်းရှင် (၁၀၀၀)ဦးအနက် (၅၀)ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်း ဖြစ်ပါသည်။ ကျန်လုပ်ငန်းရှင် (၉၅၀)ဦးစာရင်းနှင့် ၃၁-၃-၂၀၁၅ရက် နောက်ပိုင်းတွင် ကျသင့်အခွန်များ ပြေကျေစွာထမ်းဆောင်ခဲ့သည့် ကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www. irdmyanmar.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်း ကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှု (ရန်ကုန်နှင့်မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

### ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင် (၅၀)ဦး စာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| သန်း ၂၀၀၀၀ အထက် | | | | | |
| ၁ | Kanbawza Bank Ltd | အမှတ် ၆၁၅/၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| သန်း ၁၀၀၀၀ အောက် | | | | | |
| ၂ | Myawaddy Bank Ltd | အမှတ် ၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ (၈) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၃ | Denko Trading Co., Ltd | အမှတ် ၁၊ ကနောင်မင်းသားကြီးလမ်းနှင့် ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄ | Myawaddy Trading Ltd | အမှတ် ၅၅/၆၁၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၅ | Myanma Economic Holdings Ltd | အမှတ် ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| သန်း ၅၀၀၀ အောက် | | | | | |
| ၆ | Global Treasure Bank Public Co.,Ltd | အမှတ် ၆၅၃/၆၉၉၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၇ | International Beverages Trading Co.,Ltd | အမှတ် ၃၃၊ ပြည်လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| သန်း ၄၀၀၀ အောက် | | | | | |
| ၈ | Co-Operative Bank Ltd | အမှတ် ၃၃၄/၃၃၆၊ ၂၃လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၉ | Ayeyarwady Bank Ltd | အမှတ် ၁၁၁/၁၁၂၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။ | LTO | Banking | |
| သန်း ၃၀၀၀ အောက် | | | | | |
| ၁၀ | Shwe Byain Phyu Co., Ltd | အမှတ် ၁၀၊ ရတနာမွန် ၃လမ်း၊ (၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၁၁ | Myanmar Apex Bank Ltd | အမှတ် ၂၀၇၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Bank | |
| ၁၂ | Shwe Taung Development Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၁၃ | Asia Green Development Bank Ltd | အမှတ် ၇၃/၇၅၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၁၄ | Asia Energy Trading Co., Ltd | အမှတ် ၁၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၅ | Benhur Trading Co., Ltd | အမှတ် ၁/၃၁၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၆ | City Mart Holding Co., Ltd | အမှတ် ၁/၁၁၊ ပဒုမ္မာကွင်း(အရှေ့ဘက်ခြမ်း)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၇ | First Private Bank Ltd | အမှတ် ၆၁၉/၆၁၂၊ ကုန်သည်လမ်း နှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| သန်း ၂၀၀၀ အောက် | | | | | |
| ၁၈ | Farmer Phoyarzar Co., Ltd | အမှတ် ၁၈၇၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၉ | Small and Medium Industrial Development Bank Ltd | အမှတ် ၄၆၊ ဦးထွန်းငြိမ်းလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၂၀ | Six Winner Brothers Co., Ltd | အမှတ် ၉၊ သီရိမွန် ၁၀လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၁ | Shwe Me' Co., Ltd | အမှတ် ၇၉/၈၁၊ (ပ)လွှာ စင်ထရယ်တာဝါ၊ အခန်း ၁၀၂၊ အနော်ရထာလမ်း၊ ၃၉လမ်းနှင့် လမ်း ၄၀ကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၂ | Asia World Co., Ltd | အမှတ် ၆၁/၆၂၊ ဝါးတန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၂၃ | Rural Development Bank Ltd | ကျေးလက်ဒေသဖွံ့ဖြိုးမှုဘဏ်လီမိတက်၊ (၂) ရပ်ကွက်၊ မြတ်ပန်းသဇင်လမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | LTO | Banking | |
| ၂၄ | Bhome Yaung Chi Co.,Ltd | အမှတ် ခ/၉၉(င)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၂၅ | Myanmar Treasure Hotel & Resort Group Co.,Ltd | ကန်တော်ကြီးပဲလေ့ဟိုတယ်၊ ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၂၆ | Shwe Than Lwin Media Co.,Ltd | အမှတ် ၂၆၂၊ ရာဇဓိရာဇ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ (၂) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၂၇ | Taw Win Family Construction Co.,Ltd | အမှတ် ၃၅၅၊ ဦးဝိစာရလမ်း၊ မြေနီကုန်း (မြောက်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၂၈ | Zay Kabar Co.,Ltd | အမှတ် ၁၊ အမှတ် (၃)လမ်းမ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၂၉ | Myanmar Oriental Bank Ltd | အမှတ် ၁၆၆/၁၆၈၊ အလယ်ဘလောက်၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၃၀ | Sein Ngwe Mya Trading Co.,Ltd | တိုက် ၄၁၀၊ (၄)လွှာ၊ ယုဇနတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |

စာမျက်နှာ(၂၁)သို့

# နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်ငွေများကို ဘဏ္ဍာနှစ်မကုန်မီ ပေးသွင်းကြပါရန် အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၁၅-၂၀၁၆ဝင်ငွေနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှရရှိသည့် ရောင်းရငွေ/ရငွေ/ဝင်ငွေတို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေများအရ ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို ၃၁-၃-၂၀၁၆ရက်မတိုင်မီပေးသွင်းကြရန် လိုအပ်ပါသည်။ ဘဏ္ဍာနှစ်မကုန်ဆုံးမီ ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့အား သတ်မှတ်နေ့ရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပါသည်။

၂။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ၃၁-၃-၂၀၁၆ရက်အတွက် ချက်လက်မှတ်များ စာရင်းရှင်းလင်းခြင်းကို ၃၁-၃-၂၀၁၆ ရက် နံနက် ၁၁း၃၀နာရီတွင် တစ်ကြိမ်တည်းသာ MCH Settlement ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေပေးသွင်းခြင်းများကို ဘဏ္ဍာနှစ်မကုန်ဆုံးမီ အမှီပေးသွင်းကြပါရန်နှင့် အခွန်ပေးသွင်းရာတွင် ငွေသားဖြင့် ပေးသွင်းခြင်းကို ၃၁-၃-၂၀၁၆ရက်တွင်လည်းကောင်း၊ ချက်လက်မှတ်များ၊ PO များဖြင့် အခွန်ပေးသွင်းခြင်းကို ၃၀-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း နောက်ဆုံးထားပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

စာမျက်နှာ(၂၀)မှ

| | | | | | |
|---|---|---|---|---|---|
| ၃၃ | Myan Shew Pyi Tractors Ltd. | အမှတ်-၁၆၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Industrial/ Production | |
| ၃၄ | Shwe Gaung Gaung Gems Co.,Ltd. | အမှတ်-၂၁၆၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၃၅ | Kaung Wai Yan Gems Co.,Ltd. | အမှတ်-၈/ခ၊ မင်းဓမ္မလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၃၆ | Win Lei Yadana Co.,Ltd. | အမှတ်-၉၁၊ တိုက်-၁၄၊ အခန်း-၀၀၃၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၃၇ | U KYu Family Trading Co.,Ltd. | အမှတ်-၁၇/၁၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၈ | Zaw Gyi Premier Co.,Ltd. | အမှတ်-၇-(က)(ခ)၊ ယုဇနလမ်း၊ အမှတ်-၄-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၉ | Kay Tu Ma Di Co.,Ltd. | အမှတ်-၁၁၀၁၊ ၁၆-လွှာ၊ တာဝါဘီ၊ မော်တင်တာဝါ၊ အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၀ | Success & Success International Co.,Ltd. | အမှတ်-၂၄၂၊ အထက်ပုဇွန်တောင် လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၁ | Lin Lett Win Yadanar Gems Co.,Ltd. | အမှတ်-၈၂၀၊ ဗိုလ်ချုပ်လမ်း၊ ၈-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၄၂ | Jing Hpaw Aung Jade & Jewellery Co.,Ltd. | အမှတ်-၆၁၅/၁၊ ပြည်လမ်း၊ ၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Gems | |
| ၄၃ | Silver Elephant Gems Co.,Ltd | အမှတ်-၁၅၃၊ မြေညီထပ်၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၄၄ | Tunn Akaree Co.,Ltd. | အမှတ်-၂၁၆/၂၂၂-အေ၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၅ | Shwe Taung Energy Co.,Ltd. | အမှတ်-၅၈၄၊ ဟိုက်တက်တာဝါ၊ ၇-လမ်းနှင့်ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၆ | Shwe Than Lwin Media Co.,Ltd. | အမှတ်-၂၆၂၊ ရာဇာဓိရာဇ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၄၇ | Win Pine Kyaw Trading Enterprise Co.,Ltd. | အမှတ်-၁၀၊ ရတနာမွန်-၃လမ်း၊ အေးရိပ်မွန်(၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၈ | Shwe Hein Htet Gems Co.,Ltd. | အမှတ်-၉၀၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Gems | |
| ၄၉ | ဘုန်းမြင့်ကျော်မိသားစု ကုမ္ပဏီလီမိတက် | ၂၀×၂၁ကြား၊ ၃၈လမ်း၊ (၅)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Trading | |
| ၅၀ | Kian Sein Co.,Ltd. | အမှတ်-၄၁၊ ရွှေတောင်တန်းလမ်း၊ ၆-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |

စာမျက်နှာ(၂၀)မှ

| | | | | | |
|---|---|---|---|---|---|
| ၃၁ | Ayeyar Hinthar Holdings Co.,Ltd | အမှတ် ၁၁၀၄/၁၁၀၅/၁၁၀၆၊ ရဲတံခွန်တာဝါ၊ ၅၃၁၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| သန်း ၁၀၀၀ အောက် | | | | | |
| ၃၂ | New Day Energy Co.,Ltd | အမှတ် ၅၄၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၃ | Thanlyin Estate Development Ltd. | အမှတ် ၃၈၀၊ FMI Center၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Construction | |
| ၃၄ | International Group of Entrepreneur Co.,Ltd | အမှတ် ၂၇/အေ၊ဘီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| သန်း ၉၀၀ အောက် | | | | | |
| ၃၅ | North East Gate Fruit Co.,Ltd | အမှတ် ဈ/၁၀၀၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၃၆ | T.Z.T.M Construction Co.,Ltd | အမှတ် ၂၀၁၊ တိုက် ၅ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်း အိမ်ရာ၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၃၇ | Htoo Construction Development Group Co.,Ltd | အမှတ် ၁၂/အေ၊ ခပေါင်းလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၃၈ | Myanmar Citizen Bank Ltd | အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၃၉ | Yathar Cho Industry Co., Ltd | အမှတ် ၁၀၄၊ နွယ်ခွေ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Industrial/ Production | |
| ၄၀ | AYS MFG Co.,Ltd | အခန်း- CF Ø2/Ø4၊ ဘလောက်စီ၊ ပုလဲကွန်ဒိုမီနီယမ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Industrial/ Production | |
| သန်း ၈၀၀ အောက် | | | | | |
| ၄၁ | Good Brothers' Co., Ltd | အမှတ် ၂၂၊ ဘုရင့်နောင်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၂ | United Amara Bank Ltd | အမှတ် ၅၂၀၊ A/4၊ ကမ္ဘာအေး ဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၄၃ | Information Technology Central Services Co.,Ltd | တိုက် ၆၊ အခန်း (၂)၊ MICT၊ လှိုင်ကောလိပ်၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၄၄ | Ayeyarwaddy Resorts and Lodges Co.,Ltd | အမှတ် ၁၁/အေ၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၄၅ | New Golden Gate (1991) Co.,Ltd | အမှတ် ၄၆၊ ၁၉လမ်း၊ (၃)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၆ | Global Telephone Co.,Ltd | အမှတ် ၁၀၁/၁၀၅၊ (ပ)ထပ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Services | |
| ၄၇ | All States International Co.,Ltd | အမှတ် ၃၁၀၊ (ဒ)ထပ်၊ အခန်း ၂၀၂၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၄၈ | Myan Shwe Pyi Tractors Ltd | အမှတ် ၁၆၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Industrial/ Production | |
| ၄၉ | Yangon City Bank Ltd | ဗညားဒလလမ်းနှင့် စက်ရုံလမ်း ထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၅၀ | Aung Thitsar Oo Insurance Co.,Ltd | အမှတ် ၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | အာမခံလုပ်ငန်း | |


TOSHIBA
Leading Innovation
NEW YEAR
PROMOTION
11th Mar – 20th Mar 2016
Ocean (North Point) Promotion Area
10 : 00 a.m - 9 : 00 p.m
A Finer
Touch of Life
Engineered in JAPAN
Up To 12% Off
Toshiba လျှပ်စစ်ပစ္စည်းဝယ်ယူသူများအား အထူးလျှော့စျေးနှင့် ရောင်းချပေးမည့်အပြင် မီးပူ၊ စပို့ရှပ်၊ ထီး စသည့်လက်ဆောင်ပစ္စည်းများကိုလည်း ကံစမ်းစရာမလိုဘဲ ရယူလိုက်ပါ...
(လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်)


PadamyarFm
ပတ္တမြား FM ရေဒီယိုအစီအစဉ်များကို
မွန်ပြည်နယ် ဘီးလင်းမြို့ နှင့်အနီးတစ်ဝိုက်တွင်
90.7 MHz ၊ ပဲခူးတိုင်း တောင်ငူမြို့ နှင့်
အနီးတစ်ဝိုက်တွင် 93.4 MHz ဖြင့်
စတင်တိုးချဲ့ထုတ်လွှင့်နေပြီဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
www.facebook.com/padamyarfm
www.padamyarfm.com

UNIQUE STAR TRAVELS & TOURS

ဥရောပ(၉)နိုင်ငံ+(အင်္ဂလန်) Apr: 9,12 ($ 4200) | အမေရိကား Apr:8,12 ($ 5700) | ဩစတြေးလျ Apr:10,13 ($ 3400)
ဟောင်ကောင်၊မကာအို Apr:10,11 ($ 1600) | ဂျပန် Apr:11,12,13 ($ 2900) | ထိုင်း၊ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:10,13,14 ($ 1300)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11,13,14 ($ 950) | စင်္ကာပူ၊မလေးရှား Apr:11,14 ($ 950) | လန်ကာဝီ၊စင်္ကာပူ Apr:11,13,14 ($ 1200)
ဂရိ Apr:9,12 ($ 3700) | ထိုင်း၊စင်္ကာပူ၊မလေး Apr:10,13,14 ($ 1300) | ဗီယက်နမ် Apr:9,11,13 ($ 650)

Bangkok-Pattaya-Ayuttaya
Mar: 23, 26 / Apr: 2 ($ 350 / 400)
Apr: 10, 11, 12, 13, 14, 18 ($ 400/ 450)
Bangkok-Cambodia ($ 550)
Phuket-Bangkok ($ 550)
Chiangmai - Bangkok ($ 450)

70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

ဂန္ဓဝင်ရွှေပုဂံ Travels & Tours

| | | | | |
|---|---|---|---|---|
| ပုဂံ-ပုပ္ပါး-ပခုက္ကူ | (၄ညအိပ်-၅ရက်) | April 12,13 | ၂ | (သိန်း) |
| စစ်တွေ - မြောက်ဦး | (၆ညအိပ်-၇ရက်) | April 12,13 | ၃.၅ | (သိန်း) |
| မန္တလေး-လားရှိုး-မူဆယ်-ရွှေလီ | (၇ညအိပ်-၈ရက်) | April 12,13 | ၃.၂ | (သိန်း) |
| ထားဝယ် (ရှင်ကိုးရှင်) - မောင်းမကန် | (၅ညအိပ်-၆ရက်) | April 12,13 | ၂.၅ | (သိန်း) |
| တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ညအိပ်-၅ရက်) | April 12,13 | ၂ | (သိန်း) |
| အလောင်းတော်ကဿပ-မန္တလေး-ပြင်ဦးလွင် | (၅ညအိပ်-၆ရက်) | April 12,13 | ၂.၈ | (သိန်း) |

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-500191,519292,519293,510491,510218, 519360,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph:09-3169 3339, 09- 730 13856 Hot Line: +95 9 7300 3772

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဓက(တနယ်ဝင်း) ၁၁၇/၀၃၁၅

ဖျံ့-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄

FAME
Neurodopa®
Natural dopamine supplement
ကိုယ်စိတ်သန်စွမ်းဆေး
TMR 010851 (0117)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
SawPalmetto
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
TMR 007343 (1216)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (၁၁-၂၀)၊ ဦးပိုင်အမှတ် ၄၈၊ ၅၆×၅၇၊ ဗန္ဓုလ×အေးမေတ္တာကြားရှိ ဒေါ်ခင်မြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နီလာဝင်း ၉/မရမ(နိုင်)၀၃၃၈၃၈မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (၁၁-၂၀)၊ ဦးပိုင်အမှတ် ၄၄၊ ၅၆×၅၇၊ ဗန္ဓုလ×အေးမေတ္တာကြားရှိ ဒေါ်ဖြူဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နီလာဝင်း ၉/မရမ(နိုင်)၀၃၃၈၃၈မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မမြင့်မြင့်ဝင်း ၉/မရမ(နိုင်)၀၀၂၁၂၄ သည် ကိုအောင်မိုးဟန် ၁၂/ဗဟန(နိုင်)၀၈၆၁၃၄ နှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၀-၃-၂၀၁၆ ရက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **မမြင့်မြင့်ဝင်း ၉/မရမ(နိုင်)၀၀၂၁၂၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၆၂၄၉၄၊ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ချို ၃/ဘအန(နိုင်)၂၉၇၃၈၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2B/5015၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်နေ ဦးအောင်မောင်း-ဒေါ်နွယ်နွယ်ထွေးတို့၏သမီး မအေးမြအောင် ၁၃/နစန(နိုင်)၀၂၄၅၆၃သည် မိဘများနှင့်တိုင်ပင်ခြင်းမရှိဘဲ ၄င်း၏ဆန္ဒအရ လုပ်ဆောင်သွားပါသဖြင့် မအေးမြအောင်အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်မောင်း-ဒေါ်နွယ်နွယ်ထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၈၂၅၈၇၊ Honda Wave & 100၊ ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၁၀/ကမရ(နိုင်)၀၅၉၅၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/9828 Higer KLQ 6123K Bus (4x2)L ယာဉ်လက်ဝယ် ရှိသူ Joy Our Journey Travels& Tours Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/3827 Shineray Micro Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ လင်းရော (လူမှုကူညီရေး)က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5358 ၊ Toyota AHegga, Sloon S/L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်စိန်လွင် ၁၂/စခန(နိုင်)၀၃၃၄၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေဖြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ (၂)လမ်း၊ အမှတ် (၃၁၄)၊ ပထမထပ် (B)နေ ဦးအောင်ဝင်း ၁၁/တကန(နိုင်)၀၆၅၇၀၂နှင့် ဒေါ်ခင်ဝင်းကြည် ၁၁/ကဖန(နိုင်)၀၀၆၇၅၉တို့၏သားဖြစ်သူ ဦးဖွဲလင်းမှာ မိဘနှစ်ပါးစိတ်ငြိုငြင်စေရန် အမျိုးမျိုးပြုလုပ်သဖြင့် ဦးဖွဲလင်းအား သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့အား ဦးအောင်ဝင်းနှင့်ဒေါ်ခင်ဝင်းကြည်မှ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ၄င်းနှင့်မိဘနှစ်ပါးမှာ လုံးဝမသက်ဆိုင်တော့ပါကြောင်း ဦးဖွဲလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်ဝင်း-ဒေါ်ခင်ဝင်းကြည်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၇၄၀၄၈၊ ဟွန်ဒါဝေ့(ဗ်) 100 ယာဉ်လက်ဝယ်ရှိသူ ဦးစောကျော်စိုး ၁၀/ပမန(နိုင်)၂၀၁၇၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၃၇၀၄ FGYIN-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထွန်း ၉/ဝတန(နိုင်)၁၈၄၀၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၇၉၈၁၊ Honda Wave 100ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၁၀/မဒန(နိုင်)၀၀၅၇၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၉၄၄၀၄၊ ဟွန်ဒါဝေ့(ဗ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၀/မလမ(နိုင်)၁၆၀၁၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၉၆၈၃၊ JIANSME JSZOOZH-2, J/W ယာဉ်လက်ဝယ်ရှိသူ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁။ | လိုင်သာယာ | ၅ | ၁၀၃ | ဣန္ဒြိတံကုမ္ပဏီလီမိတက် | ရွှေကဆုန်ကုမ္ပဏီလီမိတက် | ၄၈၉/၂၀၀၅-၀၆ | ဂရန်သစ် |
| ၂။ | လိုင်သာယာ | ၅ | ၁၀၄ | ဣန္ဒြိတံကုမ္ပဏီလီမိတက် | ရွှေကဆုန်ကုမ္ပဏီလီမိတက် | ၄၈၉/၂၀၀၅-၀၆ | ဂရန်သစ် |
| ၃။ | လိုင်သာယာ | ၅ | ၄၆ | ဣန္ဒြိတံကုမ္ပဏီလီမိတက် | ဦးဂုဂျာဖူ(ခ)ဦးကျော်မြင့် | ၁၃/လရန(နိုင်)၁၈၄၁၈၈ | ဂရန်သစ် |
| ၄။ | လိုင်သာယာ | ၅ | ၄၁ | ဣန္ဒြိတံကုမ္ပဏီလီမိတက် | ဦးဂုဂျာဖူ(ခ)ဦးကျော်မြင့် | ၁၃/လရန(နိုင်)၁၈၄၁၈၈ | ဂရန်သစ် |
| ၅။ | လိုင်သာယာ | ၇/FMI | ၃၀၁ | Drမောင်မောင်ဝင်း၊Drဒေါ်မြခိုင် | ဦးညီညီလွင် | ၁၂/လသန(နိုင်)၀၁၈၇၆၆ | ဂရန်သစ် |
| ၆။ | လိုင်သာယာ | ၇/FMI | ၁၃၂ | FMI Garden Development Ltd | ဒေါ်ချင်ကြူ(ခ)ဒေါ်ငွေငွေလှိုင် | ၉/မရတ(နိုင်)၁၀၆၂၃၀ | ဂရန်သစ် |
| ၇။ | လိုင်သာယာ | ၃/အေ | ၇၉ | ဦးဝင်းသိန်း | ဒေါ်ခင်မိုးမိုးအောင် | ၉/မထလ(နိုင်)၂၁၆၅၉၉ | ဂရန်သစ် |
| ၈။ | လိုင်သာယာ | 1(A) မြစိမ်းရောင် | ၁၃ | ဦးအေးထွန်း၊ဦးသိန်းဟန် | ဦးသိန်းဟန် | ၁၂/ကမရ(နိုင်)၀၄၄၄၈၇ | ဂရန်သစ် |
| ၉။ | လိုင်သာယာ | 1(A) မြစိမ်းရောင် | ၁၄ | ဦးတင်ဇော်မင်း | ဦးအေးထွန်း | ၁၂/ဒဂန(နိုင်)၀၁၅၁၅၃ | ဂရန်သစ် |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၆၄ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၂။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၆၉ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၃။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၇၀ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၄။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၇၁ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၅။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၇၃ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၆။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၇၄ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၇။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၇၅ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |
| ၈။ | သန်လျင် | ၁/သန်လျင်ရတနာအိမ်ရာ | ၇၆ | ဒေါ်နီလာဝင်း | ဒေါ်သီသီ | ၁၂/လမတ(နိုင်)၀၀၆၉၃၆ | ဂရန်သစ် |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား

**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်ဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါအမှတ်-၀၁/မမ/(CE)(2016-2017)**

တိုင်းအမှတ်(၂) ရွာထောင် နယ်မြေရှိ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း၊ ကံကြီး-ဖော်ချောင်းကြား၊ တံတားအမှတ်(၂၈၁) ဖော်ချောင်းတံတား(၃/၈၅'-၆") အသစ်တည်ဆောက်ခြင်း

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၂.၄.၂၀၁၆ (၁၂:၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈.၃.၂၀၁၆ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

# MYANMAR GOLF C LUB
# 2016 ANNUAL AT HOME ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၁၆ခုနှစ် မတ် ၂၅၊ ၂၆၊ ၂၇ ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်၊ ပြည်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။ မတ် ၂၅ ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ မတ် ၂၆ ရက်၌ Gold, Silver,Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် မတ် ၂၇ ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်း၌ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ ညစာစားပွဲကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပါသည်။ အသင်းသား/သူ မိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ပြိုင်ပွဲအား အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာရုံး ဖုန်း-၀၁-၆၆၅၅၃၁၊ ၀၉-၃၂၁၆၁၂၂၄ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့၊ မဟာဗိသုကာဘွဲ့နှင့် မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ သင်တန်းများအတွက်
# သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်တွင်စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာနှင့် ဗိသုကာ၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:) | (စ) မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) စက်မှုအင်ဂျင်နီယာ | (ဆ) ဓာတုအင်ဂျင်နီယာ |
| (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဇ) ချူးကလီးယား |
| (ဃ) အီလက်ထရွန်နစ်အင်ဂျင်နီယာ | (ဈ) ဗိသုကာ |
| (င) သုတနည်းပညာအင်ဂျင်နီယာ | (ည) ဇီဝနည်းပညာ |

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း(၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြု သင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့် ဗိသုကာဘွဲ့၊ သိပ္ပံဘွဲ့(ဇီဝနည်းပညာ)ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာသင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဇီဝနည်းပညာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်၊ (မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့သို့ မတ် ၂၁ ရက် (တနင်္လာနေ့)မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ဧပြီ ၂၈ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်သည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၇-၅-၂၀၁၆ရက်(စနေနေ့) | အင်္ဂလိပ်စာ | (၉:၀၀)နာရီမှ (၁၂:၀၀)နာရီ |
| ၈-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) | သက်ဆိုင်ရာဘာသာရပ် | (၉:၀၀)နာရီမှ (၁၂:၀၀)နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား တစ်ပါးတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့်အမည်စာရင်းကို ၂၅-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး၊ လူတွေ့စစ်ဆေးခြင်းကို ၂၇-၅-၂၀၁၆ရက် (သောကြာနေ့) မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ကြေညာပေးမည်။

၉။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဒေါက်တာနီနီဝင်း)**
**ဌာနမှူး၊ သင်တန်းရေးရာ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မပြဝင်း ၁၀/မဒန(နိုင်)၁၁၂၀၄၀ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဓာတ်မြေသြဇာများကို စက်ရုံမှထုတ်ယူရန် သက်တမ်းကျော်လွန်ခြင်းအတွက် ဂိုဒေါင်တွင်း ထားသိုခ သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို ဖြန့်ဖြူးရောင်းချရာတွင် ငွေပေးသွင်းပြီး သတ်မှတ်ရက်အတွင်း ထုတ်ယူခြင်းမရှိပါက ထုတ်ယူရန်ကျန်ရှိသည့် ဓာတ်မြေသြဇာ တစ်အိတ်လျှင် တစ်အိတ်တန်ဖိုး၏ ၁ ရာခိုင်နှုန်းအား ဂိုဒေါင်တွင် တစ်ရက်ထားသိုခအဖြစ် သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဇော်ဂျီ အမှတ်(၁)နှင့် ဇော်ဂျီအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၆ ခုနှစ် ဧပြီ ၂၉ ရက်၊ သောကြာနေ့၊ ၁၆:၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၈၁၀၄၂၇၀၊၀၆၇-၈၁၀၄၂၇၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

# အမျိုးသားယာဉ်မောင်း(၁)ဦး ခန့်ထားလိုသည်

အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ယာဉ်မောင်းသက်တမ်း (၃)နှစ်ရှိရမည်။ ယာဉ်စည်းကမ်းလိုက်နာ၍ ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။ ကွမ်း၊ အရက်၊ ဆေးလိပ် မစား၊ မသောက်သူဖြစ်ရမည်။ ၂၅ ကီလို နို့မှုန့်အိတ် ချီမနိုင်သူဖြစ်ရမည်။ ထိုက်သင့်သောလစာနှင့် ခံစားခွင့်ရပါမည်။

**လျှောက်လွှာပုံစံကို**

**လမင်းတစ်ရာကုမ္ပဏီလီမိတက်**
အမှတ် ၁၂၄ (မြေညီထပ်)၊ ၅၂ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**ဖုန်း-၀၉-၅၁၂၇၅၂၈**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေရန်**
## အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၆**

| | | |
|---|---|---|
| ဒေါ်ရီရီအေး | **နှင့်** | ဒေါ်ပြုံး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးမြို့၊ အကွက်(၁၇)၊ အိမ်အမှတ်(၄၁)၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်တွင်နေထိုင်သူ တရားရှုံးဖြစ်သည့် ဒေါ်ပြုံး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ဖြေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်တွင် အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြ ဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၈ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(နွယ်နွယ်အေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

**Myanmar Photographic Society**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**
**၂၀၁၆ခုနှစ် (၃)လပတ်ပြိုင်ပွဲ၊ အကြီးတန်းပြိုင်ပွဲ၊ သင်တန်းအမှတ်စဉ်(၄၄)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ၂၀၁၆ခုနှစ် (၆၁)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကြီးနှင့် ၂၀၁၆ခုနှစ် အမှုဆောင်သစ်ရွေးချယ်ပွဲ ဖိတ်ကြားလွှာ**

အသင်းသား အသင်းသူများသည် အသင်း၏တိုးတက်ရာတိုးတက်ကြောင်း ဆွေးနွေးအကြံပြုချက်များကို ၂၂-၃-၂၀၁၆ရက် ညနေ ၄နာရီအရောက်နှင့် အမှုဆောင်ဆန္ဒပြုလွှာများကို ၂၂-၃-၂၀၁၆ရက် ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍ အသင်းတိုက်သို့ ပေးပို့ရပါမည်။ အသင်းသားများအနေဖြင့် နှစ်စဉ်ကြေးပေးဆောင်ပြီးသော အသင်းဝင်ကတ်ပါမှသာ မဲပေးခွင့်ပြုပါမည်။

| | | |
|---|---|---|
| **ဆုချီးမြှင့်ပွဲ** | - | ၂၇-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ |
| **အစည်းအဝေးပွဲ** | - | မွန်းတည့် ၁၂:၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - | မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက် အမှတ်(၂၇/၂၉)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၃၁၆၇ |

**(အမှုဆောင်အဖွဲ့)**

**CHERRY YOMA Car Rental Service**

လူကြီးမင်းတို့ စိတ်တိုင်းကျမော်ဒယ်မြင့်ကားမျိုးစုံကို-
လေဆိပ်(ကြို/ပို့)၊ မင်္ဂလာဆောင်/ဘွဲ့နှင်းသဘင်၊ နာရီပိုင်း/ရက်ပိုင်း၊ မြို့တွင်း/မြို့ပြင်၊
နယ်ဝေး ဘုရားဖူးခရီးစဉ်များအတွက် ဈေးနှုန်းချိုသာစွာဖြင့်ဝန်ဆောင်မှုပေးနေပါသည်။
Travel & Tour များ၊ အသင်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ Agent များ ဆက်သွယ်ငှားရမ်းနိုင်ပါသည်။ Ph.01-430316, 09-421159932, 421059826

# အလိုရှိသည်

ကွန်ပျူတာကျွမ်းကျင် Level I, II, III လုပ်သက်(၁)နှစ်ရှိပြီးသူ account အတွေ့အကြုံရှိသူ လုပ်သက်(၁)နှစ် (သို့မဟုတ်) (၂)နှစ်ရှိသူ အမျိုးသမီးဝန်ထမ်းသာ

**ဆက်သွယ်ရန်** ဖုန်း-၀၉-၇၃၀၈၉၅၆၂
**မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လအိမ်ရာ(၂)၊ တိုက်(၂)၊ အခန်း(၂၂)၊ အဝိုင်းကြီးမီးပွိုင့်အနီး**

# အပူဒဏ်ကို သက်သာဖို့ Summer Shirt ကို ဝတ်ကြစို့

ချည်သား(အပါး)ရောင်စုံရှပ်အင်္ကျီများကို- တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ၊ လှူဒါန်းလိုသူများအတွက် အလွန်ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။

တီရှပ်(အနက်ရောင်)များလည်း ရနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း- ၀၉-၇၇၅၅၇၇၇၀၉၊ ၀၉-၉၇၂၆၇၇၀၀၇**

# သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးဟန်မြင့်ကြည်-ဒေါ်သန်းသန်းဆွေ တို့၏သမီး မရည်မွန်ဟန်မြင့် ၅/စကန(နိုင်)၂၀၉၁၆၀ သည် ၁၂-၃-၂၀၁၆ ရက်မှစ၍ မိမိဆန္ဒအတိုင်း လုပ်ဆောင်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**(စုံစမ်းဆက်သွယ်ခြင်း သည်းခံပါ။)**

**မိဘ-ဦးဟန်မြင့်ကြည် ၉/တတဥ(နိုင်)၀၆၅၆၅၅-**
**ဒေါ်သန်းသန်းဆွေ ၅/စကန(နိုင်)၂၆၆၇၁၂**

## တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဘွဲ့တံဆိပ်တော်ရဆရာတော်များ ထပ်ဆင့်ပူဇော်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

နိုင်ငံတော်အစိုးရသာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ရာတွင် ၂၀၁၅ ခုနှစ်က မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ဆက်သွားဘုံကျော် တောရကျောင်းမှ ဆရာတော်ဘဒ္ဒန္တသုမနာလင်္ကာရက ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၂၀၁၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက် ငှက်ပစ်တောင်ကျောင်းမှ ဆရာတော်ဘဒ္ဒန္တမာနိတက ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်များ အသီးသီးလက်ခံရရှိခဲ့ပါသည်။

အထက်ပါဘွဲ့တံဆိပ်တော်ရ ဆရာတော်(၂)ပါးအား ထပ်ဆင့်ပူဇော်ပွဲအခမ်းအနားကို တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)ကကြီးမှူး၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ ရန်ကုန်ရောက် တောင်တွင်းကြီးမြို့နယ်သူ မြို့နယ်သားများ ကြွရောက်ပူဇော်လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - (၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) ၂၇-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ

**ကျင်းပမည့်နေရာ** - ဝိဇ္ဇာစရဏသမ္ပန္နောဓမ္မာရုံ (တောင်တွင်းကြီးမြို့နယ်အသင်း၊ ရန်ကုန်) စွယ်တော်မြတ်စေတီတော်ပရိဝုဏ်အတွင်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**(နေ့လယ်စာဖြင့်ကျွေးမွေးဧည့်ခံပါမည်)**

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး(၂)ပါးပူဇော်ပွဲတွင် ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်း၊ ဆေးဝါးနှင့် နဝကမ္မငွေများကို ပါဝင်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များနှင့်နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။ **ဖုန်း-၀၁-၉၆၉၉၆၀၂၊ ၀၁-၆၄၇၁၆၃၊ ၀၉-၇၉၉၉၉၀၈၈၈၊ ၀၉-၇၃၁၄၀၉၅၉၊ ၀၉-၄၄၉၀၀၄၅၀၉၊ ၀၉-၄၂၀၇၀၃၅၈၀**

## သင်္ကြန် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၇ခုနှစ် တန်ခူးလဆန်း ၄ရက်မှ လဆန်း ၁၁ရက်အထိ (၁၂-၄-၂၀၁၆ ရက်မှ ၁၈-၄- ၂၀၁၆ ရက်အထိ) တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသောယောဂီများ စာရင်းပေးသွင်းနိုင်ကြပါသည်။

**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**

## မြတ်တံခွန်စာသင်တိုက် သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရန် ယောဂီများတရားအားထုတ်နိုင်ရန် (၈၀×၅၀)ပေရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | ဘုရားခန်း | (၇၀) သိန်း |
| (၂) | သိမ် | (၅၀၀) သိန်း |
| (၃) | အာရုံစီကြမ်းခင်း(၁)လွှာ | (၃၇၀) သိန်း |
| (၄) | စတီးဝရန်တာပတ်လည် | (၂၃) သိန်း |
| (၅) | ခန်းမတံခါး | (၁၀) သိန်း |
| (၆) | ရေကန် (၁)ကန် | (၉) သိန်း |
| (၇) | ၁၀-ပေ (၁)ခန်း | (၉) သိန်း |
| (၈) | လှေကား(၁)စင်း | (၅) သိန်း |
| (၉) | တိုင် (၁)လုံး | (၃) သိန်း |
| (၁၀) | ရေချိုးခန်း | (၃) သိန်း |
| (၁၁) | ကုဋီ(၁)ခန်း | (၃) သိန်း |
| (၁၂) | ပြတင်းတံခါး | (၁) သိန်း |

**ကျောင်းဖြစ်မြောက်ရေးအဖွဲ့ မြတ်တံခွန်စာသင်တိုက်**

**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**

## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) ၂၀၁၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

အထက်ဖော်ပြပါအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက် (၈၀)အထက် အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များ၏စာရင်း၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသူ/သားများစာရင်းအား ၂၀-၃-၂၀၁၆ (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် အသင်းသူ အသင်းသားဇာတိနွယ်ဖွားများအား အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီ

**ကျင်းပမည့်နေရာ** - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်

**မှတ်ချက်။ ။ 'ဆု'တစ်ခွန်းတိုက်(လှည်းတန်း)မိသားစုမှ ရွှေရင်အေးနှင့် ဧည့်ခံပါမည်။**

ဆက်သွယ်ရန်ဖုန်းနံပါတ်- ဥက္ကဋ္ဌ (၀၉-၅၀၈၀၈၅၅)၊ ဒုဥက္ကဋ္ဌ-၁ (၀၉-၅၄၀၁၀၉၆)၊ ဒုဥက္ကဋ္ဌ-၂ (၀၉-၂၆၁၀၀၉၈၅၅)၊ ဒုဥက္ကဋ္ဌ-၃ (၀၉-၄၂၁၀၉၄၄၇၉)၊ အတွင်းရေးမှူး (၀၉-၂၅၀၇၃၀၃၁၀) **သီးခြားဖိတ်စာမပို့ပါ။**

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၇၉၃၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးရင်ကွေ ၉/မမန(နိုင်)၀၆၃၃၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**


**"တစ်သံသရာလုံး အရိပ်ပမာ ကိုယ့်နောက်ပါမည့် ထာဝရကုသိုလ်" အဖြစ် ကမ္မဋ္ဌာန်းကျောင်း ဆောက်လှူ၍ ကျောင်းဒကာ၊ ကျောင်းအမ ခံယူနိုင်ပါပြီ။**

နိုင်ငံကျော်ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ ဦးဆောင်တည်ဆောက်သည့် ဝိပဿနာရိပ်သာအတွင်း၌ (အလျား ပေ ၂၀ × အနံ ၁၂ ပေရှိ)ယောဂီငါးပါးနေ ကမ္မဋ္ဌာန်းကျောင်းဆောင်ငယ် (၁၆) ဆောင်သာ ဆောက်လှူရန် နေရာရှိသဖြင့် တစ်ဆောင်လျှင် ကျပ် (၄၅) သိန်းနှုန်းမျှဖြင့် ကျောင်းဒကာ၊ ကျောင်းအမ ခံယူနိုင်ကြပါပြီ။

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်မြို့။

Ph: 09-78 78 77 969 , 09- 78 78 87 969 , 09-21 10 305 , 09- 787 6666 70


## အမည်ပြောင်း

ဦးဖေစိန်၏သား ၆/တသရ(နိုင်)၀၀၀၀၃၂ ကိုင်ဆောင်သူ မောင်မြင့်သန်းအား မောင်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြင့်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ (၁)လမ်း၊ အိမ်အမှတ်(၁၈)နေ ဦးမြမောင်၏ သမီး ဒေါ်ချိုချို ၁၂/သဃက(နိုင်)၀၁၃၅၆၂ နှင့် ဒေါ်မော်လီမြမောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ချိုချို(ခ)ဒေါ်မော်လီမြမောင် ၁၂/သဃက(နိုင်)၀၁၃၅၆၂**

# စစ်တက္ကသိုလ် အမှတ်စဉ် (၁၇) ဗိုလ်လောင်းသင်တန်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲ ဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အမှတ်စဉ် (၁၇) ဗိုလ်လောင်းသင်တန်းနှစ် (၄၀)ပြည့် အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) **၉-၄-၂၀၁၆ ရက် (စနေနေ့) ၀၇း၀၀ နာရီ** - ရွှေတိဂုံဘုရား၊ ထီးတော်ရုံတန်ဆောင်းတွင် သံဃာ (၁၇)ပါးအား ဆွမ်းကပ်လှူဒါန်းခြင်း။

(၂) **၉-၄-၂၀၁၆ ရက် (စနေနေ့) ၁၈း၀၀ နာရီ** - ဂန္ဓမာဟိုးဆေး(Gandamar Wholesale)ခန်းမ (ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်)တွင် ညစာစားပွဲကျင်းပခြင်း

**သာရေးနာရေးကော်မတီ**

## တစ်ချက်တည်းနှင့်ကျင်းဝင်

တာချီလိတ်မြို့၊ ရီဂျီးနားဂေါက်ကလပ်တွင် ၁၃-၃-၂၀၁၆ရက် ညနေပိုင်း၌ ဂေါက်သီးရိုက်ကစားကြရာ ဦးဌေးအောင် (ရွှေနန်းတော်ကုန်တိုက်)သည် အကွာအဝေး၁၄၀ကိုက်ရှိသော ပါ(၃)ကျင်းအမှတ် (၅)တွင် Honma တံဆိပ်သံတုတ် နံပါတ် (၈)၊ Titleist Golf Ball No.(7) ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ အတူကစားဖော်များမှာ ဦးမြင့်ဆွေ၊ ဦးသန်းလွင်(ဘယ်ကျော်)နှင့် ဦးအိုက်ကျင့်တို့ ဖြစ်ကြောင်း သိရသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅**

ဒေါ်အမာရီ **နှင့်** ၁။ ဒေါ်သိန်းဆင့် ၂။ ဒေါ်တင်တင်ချစ် ၃။ ဦးရန်ဝင်းနိုင်

**တရားလို** **တရားပြိုင်များ**

အမှတ် ၂၀၊ ၃ လမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့နေ (၁)တရားပြိုင် ဒေါ်သိန်းဆင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အမာရီက တရားလိုဝယ်ယူထားသော အချင်းဖြစ်မြေကွက်ကို လက်ရောက်ရလိုမှု (သို့မဟုတ်) အချင်းဖြစ်မြေကွက်ကို အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၊ တရားလိုထံမှ အမှတ်(၁)နှင့်(၂)တရားပြိုင်တို့ရယူသွားသော မြေကွက်အရောင်းတန်းဖိုးငွေကျပ်သိန်း(၃၀၀)နှင့် တရားလိုနစ်နာသည့်အတွက် တရားပြိုင်များထံမှ လျော်ကြေးငွေကျပ်သိန်း(၅၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက် (၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညဏ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၆၁၄၉ New Anbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၅/မမတ(နိုင်)၀၄၉၈၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဘားအံခရိုင်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁**

နော်ဒီဘိုးရာ **နှင့်** ဦးစောကော်လားဟေး

**တရားလို** **တရားပြိုင်**

ဦးစောကော်လားဟေး (ဘ)ဦးစောလားဖိုး အထက်ရေပူကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုနော်ဒီဘိုးရာက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၁ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီဆွေ)**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌**

**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၆ နှင့်ဆက်နွယ်သည့် ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၉၀**

ဒေါ်ဆွေဇင်သိမ်း **နှင့်** ဒေါ်မြင့်မြင့်မော် (ခ) ဒေါ်မာလာ

**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် ၂၉၆ နေ ဒေါ်မြင့်မြင့်မော်(ခ)ဒေါ်မာလာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဆွေဇင်သိမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၈ ရက် (၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မှုမှတ်တမ်း

စာမျက်နှာ » ၆

## ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်နိုင်ရန် လွှတ်တော်သို့တင်ပြ

စာမျက်နှာ » ၇



# အညာနွေကာလများစွာကို ဖြတ်သန်းအနိုင်ယူဖို့ ပေါ်ထွက်လာမယ့် အထက်ဆည်တော်ကြီးရေလှောင်တမံ

သတင်းဆောင်းပါး-ခင်ရတနာ၊ သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ရာမည၊ နိုင်လင်းကြည်(ကြေးမုံ)

စိမ်းညို့နေသောတောင်တန်းများကို အရပ်လေးမျက်နှာတစ်ခွင် မှုန်ပျပျမြင်ရသည်။

ပြာလဲ့လဲ့ရေပြင်ကို တိုက်ခတ်လာသော လေနုအေးများက ရောက်လာသူအပေါင်းကို အမောပြေစေသည်။

ထိုနေရာသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း တည်ရှိသည့် နှစ်ပေါင်း ၃၀ ခန့်ရှိပြီဖြစ်သော ဆည်တော်ကြီးရေလှောင်တမံဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အားထားရာလည်း ဖြစ်သည်။

"ဒေသက အပူပိုင်းဖြစ်တော့ စိုက်ပျိုးရေးအတွက် ရေဟာ မရှိမဖြစ်ပါ။ လုံလောက်တဲ့ စိုက်ပျိုးရေကို လွယ်ကူစွာသုံးစွဲခွင့်ရတာ အဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပါ"ဟု ဆည်တော်ကြီးရွာမှ ဦးအေးသန်းက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❋

## ထူးခြားသည့် နေ့အပူချိန်များ

၁၇-၃-၂၀၁၆

| | | | |
|---|---|---|---|
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | မင်းဘူးမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် | ဘော်လခဲမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

## ယနေ့ ဖတ်စရာ

မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှု ထပ်မံပြုလုပ်ရန် အိုဘားမား ညွှန်ကြား
စာမျက်နှာ » ၄

ယာဉ်ဖြတ်သန်းခကို သတ်မှတ်ထားသည့် နှုန်းထားထက် ပိုကောက်ခံပါက ကောက်ခံသည့် လမ်း၊ တံတား ဂိတ်များအား အရေးယူမည်
စာမျက်နှာ » ၅

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီး အလည်အပတ် သွားရာမှ မော်တော်ယာဉ် တိမ်းမှောက်
စာမျက်နှာ » ၁၃

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၁၊ ဖက်စ် ၀၆၇-၃၆၁၃၄၀၊ ...
စောင့်ကြပ်သတင်းထောက်-၁၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၁၇၀၊ ဖြန့်ချိရေး ၀၁-၅၄၄၁၁၃၊ ...
GMail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း




မြန်မာ့အလင်း

# လူမှုစီးပွားအားကစား

၂၀၁၆ ခုနှစ်၊ မတ် ၁၈ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**ချက်စူလေးတို့နေတဲ့ရွာ**

စာ - ၃



လူမှုစီးပွား

**တောင်သာချောင်းတံတား ရာနှုန်းပြည့်ပြီးစီး မကြာမီဖွင့်လှစ်မည်**

စာ - ၆





| | Team | MP | D | P |
|---|---|---|---|---|
| 16 | Swansea City | 30 | -10 | 33 |
| 17 | Sunderland | 29 | -19 | 25 |
| 18 | Norwich City | 30 | -23 | 25 |
| 19 | Newcastle United | 29 | -26 | 24 |
| 20 | Aston Villa | 30 | -35 | 16 |

# မိုးလွန်မှထွန်ချတဲ့ နယူးကာဆယ်

ဝေမိုးဆက်


**ပရီမီယာလိဂ်** ကလပ် နယူးကာဆယ်က ပြီးခဲ့တဲ့မတ် ၁၁ ရက်နေ့မှာ အသင်းမန်နေဂျာမက္ကလာရင်ကို ရာထူးကနေထုတ်ပယ်ပြီး ရီးရဲမက်ဒရစ်နည်းပြဟောင်း ဘင်နီတက်ဇ်ကို အပိုဆုကြေး ပေါင်နှစ်သန်း အပါအဝင် တစ်နှစ်လုပ်ခလစာငွေပေါင်ငါးသန်းနဲ့ သုံးနှစ်စာချုပ် ချုပ်ဆိုခန့်ကာ မန်နေဂျာသစ်အဖြစ် ခန့်အပ်တယ်။ ဒါဟာဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ၁၁ ကြိမ်မြောက် မန်နေဂျာအပြောင်းအလဲဖြစ်သလို အခုလို မက္ကလာရင်ထုတ်ပယ်ခံရမှုနဲ့အတူ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ အင်္ဂလန်သား မန်နေဂျာအရေအတွက်ကလည်း သုံးဦးသာကျန်တော့တယ်ဆိုတော့။ အဲ့ဒီအကြောင်းခြင်းရာနဲ့ ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။

အထူးသဖြင့် နယူးကာဆယ်ဆိုတာက လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲကနေ တန်းမဆင်းရဖို့ ခက်ခက်ခဲခဲရုန်းကန်နေရတဲ့အသင်းဆိုတော့ အခုလိုဝါရင့်မန်နေဂျာဘင်နီတက်ဇ်ကို မန်နေဂျာသစ်အဖြစ် ပြောင်းလဲခန့်အပ်ခြင်းဟာ အသင်းရဲ့ရည်ရွယ်ရင်းဖြစ်တဲ့ တန်းမဆင်းရရေးမျှော်လင့်ချက်အတွက် ထိမိတဲ့အထောက်အပံ့ကောင်းတစ်ခု ဖြစ်လာနိုင်ပါ့မလားဆိုတာက စိတ်ဝင်စားဖို့ ကောင်းလာတယ်။

စာမျက်နှာ ၇ သို့

# အာဆင်နယ်မန်နေဂျာရာထူးမှ နုတ်ထွက်ရန် အာစင်ဝင်းဂါး စဉ်းစားဖွယ်ရှိ

အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါး အနေဖြင့် အသင်းပရိသတ်များ၏ ဆန့်ကျင်မှုများနှင့် ဆက်လက်ကြုံတွေ့နေရပါက အာဆင်နယ်အသင်းမန်နေဂျာရာထူးမှ စောစီးစွာနုတ်ထွက်ရန် စဉ်းစားလာနိုင်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ပြင်သစ်လူမျိုး မန်နေဂျာ အာစင်ဝင်းဂါး (၆၆နှစ်) နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည်။ အာဆင်နယ်အသင်းသည် လက်ရှိအချိန်တွင် ရလဒ်ဆိုးများဖြင့် ကြုံတွေ့နေရပြီး အာဆင်နယ်က အဝေးကွင်းတွင် ဟားလ်စီးတီးကို ၄-၀ ဖြင့် အနိုင်ရရှိခဲ့သော အက်ဖ်အေဖလားပွဲ၌ အာဆင်နယ်ပရိသတ်အချို့က မန်နေဂျာ အာစင်ဝင်းဂါးအား ရာထူးမှ နုတ်ထွက်ရန်တောင်းဆိုသည့်စာသား ရေးသားထားသည့် စာတန်းကို ထုတ်ဖော်ပြသခဲ့သည်။ အာဆင်နယ်အသင်းသည် အိမ်ကွင်း၌ ဘာစီလိုနာနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲ၊ ဆွမ်ဆီးနှင့် ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲ၊ ဝက်ဖို့ဒ်နှင့် ကစားခဲ့သည့် အက်ဖ်အေဖလားပွဲတို့တွင် ရှုံးပွဲများ ဆက်တိုက်ကြုံတွေ့ခဲ့ရပြီး ပြီးခဲ့သည့် ၁၃ နှစ်အတွင်း ပြိုင်ပွဲအရပ်ရပ်၌ ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်းသုံးပွဲဆက်ရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။





အာဆင်နယ်အသင်း တာဝန်ရှိသူများကမူ မန်နေဂျာ အာစင်ဝင်းဂါးအပေါ် ရာနှုန်းပြည့် ထောက်ခံမှုရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မန်နေဂျာ အာစင်ဝင်းဂါးက သူသည် အာဆင်နယ်အသင်းအတွက် အသင့်တော်ဆုံး မန်နေဂျာဖြစ်သည်ဟု ယူဆခြင်းမရှိတော့သည့်အချိန်တွင် အာဆင်နယ်မှ ထွက်ခွာသွားမည်ဖြစ်ကြောင်း မကြာခဏ ပြောဆိုလေ့ရှိသူဖြစ်သည်။ မန်နေဂျာ အာစင်ဝင်းဂါးသည် ၁၉၉၆ ခုနှစ် နွေရာသီကတည်းက အာဆင်နယ်အသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး အာဆင်နယ်နှင့်အတူ ပရီမီယာလိဂ်ဆုလဖလား သုံးကြိမ်၊ အက်ဖ်အေဖလားခြောက်ကြိမ်နှင့် ကွန်မြူနတီဒိုင်း ခြောက်ကြိမ် ရရှိထားသူဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲကျန်တစ်ပွဲကစားရန် နေသော်လည်း ရမှတ် ၅၂ မှတ်ဖြင့် တတိယနေရာတွင်သာ ရပ်တည်နေပြီး ဇယားထိပ်ဆုံးမှ လက်စတာအသင်းထက် ၁၁ မှတ်လျော့နည်းလျက်ရှိသည်။

■

အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲ အိမ်ကွင်းမှာတော့ ဝက်ဖို့ဒ်အသင်းကို ၂-၁နဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒါဟာ အာဆင်နယ်အသင်း အတွက်တော့ ဒီနှစ်ရာသီရဲ့အကြီးကျယ်ဆုံး ရှုံးနိမ့်မှုတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီ အတွက်တော့ အာဆင်နယ်အသင်းရဲ့ ခမ်းနားထည်ဝါမှုတွေဟာ ကျဆုံးသွားခဲ့ပြီလို့တောင် ဆိုရမလိုဖြစ်နေခဲ့ပါပြီ။ အာဆင်နယ်အသင်း ဟာ ၁၃ ရက်အတွင်း ပြိုင်ပွဲသုံးရပ်လုံးမှာ အိမ်ကွင်းပထမဦးဆုံး သုံးပွဲစလုံးရှုံးနိမ့်မှုတွေ ကြုံခဲ့ရတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အမ်းမရိတ်မှာတော့ မဖြစ်နိုင်တော့တဲ့အောင်မြင်မှုတွေနဲ့အတူ ဆိုးရွားမှုတွေ လွှမ်းခြုံပြီး အာစင်ဝင်းဂါးရဲ့အနာဂတ် အတွက် မေးခွန်းတွေ ထွက်ပေါ်လို့လာခဲ့ပြီလည်း ဖြစ်ပါတယ်။



# ပြီးဆုံးသွားတဲ့ဆုဖလားအိပ်မက်နဲ့ အာစင်ဝင်းဂါးရဲ့ အနာဂတ်



အာဆင်နယ်အသင်းဟာ ဝက်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အက်ဖ်အေဖလားကို သုံးရာသီ ဆက်တိုက်ရယူဖို့ မျှော်လင့်ထားတဲ့ မျှော်လင့်ချက်က လည်း အရောင်လွင့်လို့သွားခဲ့ပါပြီ။ ဒ့ါအပြင် ကျန်တဲ့ ဆုဖလားတွေအတွက် အိပ်မက်တွေကလည်း ဝေဝါးလို့ နေပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ အရင်ရာသီတွေလိုပဲ ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင် ရေးကိုသာ အဓိကအားထားပြီး ကြိုးစားရမယ့် ဇာတ်လမ်းဟောင်းကြီးကို ပြန်လည်အသက်သွင်းဖို့ ကြိုးစားရဦးမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်နဲ့မန်နေဂျာ အာစင်ဝင်းဂါးတို့ကိုယုံကြည် မှုနဲ့အတူ အားပေးခဲ့တဲ့ ပရိသတ်တွေအတွက်ကတော့ အရင်လိုဇာတ်လမ်းမျိုးကိုပဲ စောင့်ကြည့်ရဦးမှာဖြစ်တဲ့ အတွက် ဝက်ဖို့ဒ်အသင်းကိုရှုံးနိမ့်သွားခဲ့ပွဲ နောက်ဆုံး ပွဲသိမ်းဝီစီမှုတ်ချိန်မှာတော့ စိတ်ပျက်ဟစ်အော်မှုတွေ တောင်ရှိခဲ့ပါတယ်။

အခုလိုအက်ဖ်အေဖလားကနေ အာဆင်နယ် အသင်း ထွက်ခွာခဲ့ရခြင်းဟာ အာဆင်နယ်အသင်းနဲ့ ပတ်သက်သူအားလုံးအတွက်တော့ ဝမ်းနည်းစိတ်ပျက် စရာအတိ ဖုံးလွှမ်းခဲ့တဲ့ ညလို့တောင် ဆိုရမလိုဖြစ်နေ ပါတယ်။ ဒါကြောင့်လည်း အာစင်ဝင်းဂါးနဲ့ပတ်သက် ပြီး အသင်းနဲ့လမ်းခွဲဖို့သင့်ပြီလို့လည်း ဝေဖန်မှုတွေ လည်း ရှိလာခဲ့ပါတယ်။ ဝက်ဖို့ဒ်အသင်းနဲ့ကစားခဲ့တဲ့ပွဲ ကို ကြည့်မယ်ဆိုရင်လည်း အာဆင်နယ်အသင်းဟာ ဝက်ဖို့ဒ်အသင်းရဲ့ အပြင်းအထန်ကြိုးစားရုန်းကန်မှု တွေနဲ့အတူ အောင်မြင်မှုတွေကို လိုချင်ပြင်းပြတဲ့ စိတ်ဓာတ်တွေကိုတော့ မထိန်းထားနိုင်ခဲ့ဖူးလို့ ဆိုရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အာဆင်နယ်အသင်းအတွက် အဓိက စိုးရိမ်စရာကောင်းတာကတော့ ခြေစွမ်းပိုင်းကျဆင်း နေရခြင်းပဲ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ ၂၃ ရက်အတွင်း ကစားခဲ့တဲ့ခုနစ်ပွဲမှာ အနိုင် ဆိုလို့ တစ်ပွဲသာရရှိအောင် ကစားထားနိုင်ပါတယ်။ ဒ့ါအပြင် နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် သုံးပွဲ မှာဆိုရင်လည်း နှစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့သာ ကျေနပ် ထားရတဲ့အခြေအနေလည်း ဖြစ်ပါတယ်။ ဒါဟာ အာဆင်နယ်လို အသင်းအတွက်တော့ လုံလောက်တဲ့ ရလဒ်မဟုတ်သလို ခြေစွမ်းပိုင်း ပိုမိုကျဆင်းသွား တယ်ဆိုတဲ့ သာဓကလည်းဖြစ်ပါတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီး ဘယ်သူကမျှမငြင်းဆိုနိုင်တာကတော့ အမှန်ပဲဖြစ်ပါတယ်။

ဒါတွေကြောင့်လည်း အာဆင်နယ်အသင်းအနေ နဲ့ အောင်မြင်မှုတွေ ရယူနိုင်ဖို့ဆိုရင်တော့ အာစင် ဝင်းဂါးနဲ့ လမ်းခွဲဖို့လိုအပ်လာပြီလားဆိုတဲ့ မေးခွန်း တွေ ရှိလာခဲ့ပါတယ်။ ဒါပေမယ့် အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းကို ကိုင်တွယ်ခဲ့တဲ့ နှစ်၂၀အတွင်း မှာ အောင်မြင်မှုကလည်း ဂုဏ်ယူဖွယ်များပြားလှ ပါတယ်။ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းကို ကိုင်တွယ်ခဲ့တဲ့ နှစ် ၂၀ အတွင်းမှာ ပရီမီယာလိဂ် ဆုဖလားသုံးကြိမ်နဲ့ အက်ဖ်အေဖလား ခြောက်ကြိမ် တိုင် ရယူပေးထားပါတယ်။ ဒါကြောင့်လည်း နောက်ထပ် မန်နေဂျာသစ်တစ်ယောက် ရောက်ရှိလာမယ်ဆိုလည်း အသင်းကို ခုလိုအောင်မြင်မှုတွေ ရယူပေးနိုင်မလား ဆိုတဲ့ သံသယတွေကလည်း ဝင်စရာကောင်းနေပါ တယ်။

လက်ရှိအချိန်မှာ ပရီမီယာလိဂ် ထိပ်တန်း အသင်းကြီးတွေဟာ ဆုဖလားရယူနိုင်ဖို့ထက် ထိပ်ဆုံး လေးသင်းဝင်ရောက်နိုင်ရေးအတွက် အပြင်းအထန် ကြိုးစားနေရပေမယ့် အာစင်ဝင်းဂါးကတော့ ချန်ပီယံ လိဂ်ဝင်ခွင့်အတွက်ကတော့ နှစ်တိုင်း ပုံမှန်ရရှိနေကျ အောင်မြင်မှုတစ်ခုအဖြစ်အနေနဲ့ ချုပ်ကိုင်ထားနိုင်ဆဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အာစင်ဝင်းဂါးကို ထုတ်ပယ်မှုတွေဟာ အသင်းရဲ့အနာဂတ်တွေကို ပိုမို ဆိုးရွားမှုတွေရှိလာနိုင်တယ်လို့လည်း ဘောလုံးပညာ ရှင်တွေက ဝေဖန်သုံးသပ်ထားပါတယ်။ အခုအချိန် မှာတော့ ဝက်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အက်ဖ်အေဖလားကနေ ထွက်ခွာလာခဲ့ရတဲ့အတွက် စိတ်ပျက်နေတဲ့ ပရိသတ်ကြီးအတွက် အာစင်ဝင်းဂါး က ရာသီကုန်အထိ သူတို့ရဲ့ခြေစွမ်းတွေကို စောင့် ကြည့်ပြီး အားပေးကြပါဦးလို့လည်း တောင်းဆိုထား ပါတယ်။ ပရိသတ်တွေအချို့ကတော့ အာစင်ဝင်းဂါး ကိုထုတ်ပြီး အသင်းအတွက် ပြောင်းလဲမှုတွေလုပ်ဖို့ အပြင်းအထန်တောင်းဆိုနေပြီ ဖြစ်ပါတယ်။

လက်ရှိအချိန်ဖြစ်ပေါ်နေတဲ့ ရလဒ်တွေကြောင့် လည်း ရာသီကုန်မှာ အာစင်ဝင်းဂါးရဲ့နေရာမှာ ဆက်ခံဖို့ရှိနိုင်တဲ့ မန်နေဂျာတွေနဲ့ပတ်သက်ပြီး အသင့် တော်ဆုံးဖြစ်နိုင်တဲ့ မန်နေဂျာစာရင်းတွေတောင် ထွက်ပေါ်လို့လာနေပါတယ်။ အဲ့ဒီ မန်နေဂျာတွေထဲ မှာတော့ ဟော်လန်ကလပ် အိုင်းယက်စ်အသင်းနဲ့ အတူ အောင်မြင်မှုတွေရယူပေးထားနိုင်တဲ့ နည်းပြ ဒီဘိုဝါး ပါနေသလို ရာသီကုန်မှာ မန်စီးတီးအသင်း ကနေထွက်ခွာဖို့ရှိတဲ့ ပယ်လီဂရီနီ၊ အက်သလက်တီ ကိုနည်းပြ ဆီမွန်နီတို့လည်း ပါဝင်နေပါတယ်။

ဒါကြောင့်လည်း ထွက်ပေါ်နေခဲ့တဲ့ ရလဒ်အရပ် ရပ်တွေကို ကြည့်မယ်ဆိုရင်တော့ အာဆင်နယ် အသင်းရဲ့ ဒီနှစ်ရာသီမှာ ဆုဖလားအိပ်မက်ကတော့ ပရီမီယာသာ ရေးရေးကျန်ပြီး ကျန်တဲ့ဆုဖလား အိပ်မက်တွေကတော့ ပြီးဆုံးသွားပြီလို့ ပြောရမလို ဖြစ်နေပါတယ်။ ဒ့ါအတူ ပြီးဆုံးသွားတဲ့ အာဆင်နယ် ဆုဖလားအိပ်မက်တွေနဲ့အတူ အာစင်ဝင်းဂါးရဲ့ အနာဂတ်ကရော ဘယ်လိုဆက်လက်ရှိနေဦးမလဲ ဆိုတာကတော့ မြက်ခင်းစိမ်းတွေပေါ်က ကျန်ရှိ နေတဲ့ ပွဲတွေနဲ့အတူ ဆက်လက်ရင်ခုန်ရဦးမှာ ဖြစ်ပါတယ်။

အောင်က

## စတာလင်းသည် ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် အသိအမှတ်ပြု ခံရလိမ့်မည်မဟုတ်ဟု လော်ရန်ဆန် မှတ်ချက်ပြု

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတောင်ပံ တိုက်စစ်ကစားသမား ရာဟီးစတာလင်းသည် ဘောလုံးပွဲ တစ်ပွဲအပေါ် နားလည်သဘောပေါက်မှု အားနည်းခြင်း ကြောင့် ကမ္ဘာ့ထိပ်တန်းအဆင့် ကစားသမားတစ်ဦး ဖြစ်မလာနိုင်ကြောင်း ဘီဘီစီ အားကစားအစီအစဉ် တင်ဆက်သူ မတ်ခ်လော်ရန်ဆန်က မှတ်ချက်ပြုပြောဆို လိုက်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ တောင်ပံတိုက်စစ်ကစား သမား စတာလင်းသည် အင်္ဂလန်၏ အလားအလာအရှိ ဆုံး ကစားသမားများအနက်မှ တစ်ဦးအဖြစ် အသိအမှတ် ပြုခံထားရသူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် လီဗာပူးအသင်းမှ မန်စီးတီးထံသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ နီးပါးဖြင့် ပြောင်းရွှေ့ လာခဲ့သူ ဖြစ်သည်။

စတာလင်းသည် ယခုနှစ် ပရီမီယာလိဂ် ပြိုင်ပွဲတွင် မန်စီးတီးအတွက် ပွဲပေါင်း ၂၇ ပွဲ ပါဝင်ကစားပြီးချိန်တွင် ခြောက်ဂိုးသာ သွင်းယူထားနိုင် သေးကာ အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန် နှစ်ကြိမ် ဖန်တီးပေးထားနိုင်သူဖြစ်သည်။

“စတာလင်းဟာ ပင်ကိုပါရမီအရည်အသွေးရှိတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ အရင် ကလည်း ပွဲတစ်ပွဲအပေါ် နားလည်မှုအားနည်းခဲ့သလို ဘယ်တော့မှလည်း ဒီလို နားလည်မှုရှိမလာနိုင်ပါဘူး။ ပွဲတစ်ပွဲအတွင်း ဘာလုပ်နေသလဲဆိုတာနဲ့ ဘာလုပ်သင့် သလဲဆိုတာကို စတာလင်း နားလည်သဘောပေါက်မှုလည်း မရှိဘူး။ ဒါဟာ လာမယ့် နွေရာသီအတွင်း မန်စီးတီး အသင်းရဲ့ မန်နေဂျာအဖြစ် တာဝန်ယူမယ့် ဂွာဒီယိုလာကို ခက်ခဲစေတဲ့ ကိစ္စတစ်ခုဖြစ်လာပါလိမ့်မယ်။ ဒီလို အားနည်း ချက်ရှိနေတာကြောင့် စတာလင်းအနေနဲ့ ကမ္ဘာ့အဆင့် ကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုခံရဖို့ မဖြစ်နိုင် ပါဘူး။ မန်စီးတီးအသင်းဟာ အခုနှစ် ပရီမီယာလိဂ် ရာသီမှာ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ရှိနေသင့်တဲ့ အသင်းဖြစ်ပါတယ်”ဟု လော်ရန်ဆန်က ပြောသွားသည်။

အိုင်ယာလန်ခံစစ်မှူးဟောင်းတစ်ဦးဖြစ်သူ လော်ရန် ဆန်(၅၈နှစ်)သည် ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။

တောင်ပံတိုက်စစ်ကစားသမား စတာလင်းသည် ယခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ကက်ပီတယ်ဝမ်းချန်ပီယံဆုဖလား ရရှိထားသူဖြစ်သည်။

**အောင်က**



ရခိုင်ပြည်နယ်

# ချက်စူလေးတို့နေတဲ့ရွာ



**ကျောက်လုံး-ပြာရည်-ဘူဂလိ**

ခုနေခါ တစ်ရေးနိုးထဆွဲ၊ မြန်မာပြည်မြေပုံကိုတော့ဖြင့် ကြော့ကြော့မော့မော့ လှလှပပလေး ဆွဲတတ်ပါသေးသည်။ ဆွဲနိုင်ပါသေးသည်။ ဘယ်နေရာမှာ ဘယ်လိုကွေး၍ ဘယ်နေရာကို ဘယ်လိုဝိုက်ပြီး ဘယ်နေရာကိုတော့ဖြင့် ဘယ်လိုဆွဲရမည်ဆိုသည်ကို မျဉ်းကြောင်းများ စကေးကိုက်ချကာ သင်ကြားပေးလိုက်သော ဆဌမတန်းနှစ်က ပထဝီဆရာ ဆရာဦးအုန်းဆိုင်၏ ကျေးဇူးကြောင့်ဟု ဆိုရပါမည်။ သို့တစေ မည်မျှပင်လှအောင်ဆွဲဆွဲ၊ တွန့်တွန့်တွန့်တွန့်နှင့် ဝါးတားတားလုပ်၍ ဆွဲခဲ့ရသော နေရာနှစ်ခု ရှိနေသည်ကိုတော့ ကိုယ့်ဘာသာကိုယ် သိနေပါသည်။ မြစ်ဝကျွန်းပေါ်ကမ်းခြေဒေသများနှင့် ရခိုင်ကမ်းမြောင်ဒေသ၏ မြောက်ပိုင်းကျွန်းစုနေရာများ။

နတလဝန်ထမ်းဘဝဖြင့် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ နှစ်နိုင်ငံ နယ်နိမိတ်နေရာများသို့လည်း ရောက်ခွင့်ကြုံခဲ့ပါသည်။ ဥပမာအားဖြင့် ကိုးကန့်ဒေသ၌ တာဝန်ထမ်းဆောင်စဉ် တရုတ်နယ်စပ်နှင့် နမ့်စန်မြို့သို့ မကြာခဏ ရောက်ခဲ့ဖူးသည်။ ဟိုမိန်းဒေသကိုရောက်တော့ ထိုင်းနယ်စပ်ကရင်ပြည်နယ် မဲသဝေါဒေသနှင့်မြဝတီဒေသမှာလည်း ထိုင်းနယ်စပ်ဒေသများနှင့် မစိမ်းခဲ့။ နာဂဒေသ လေရှီးမြို့နယ် ပန်ဆပ်-ဆွမ္မရာမှ တစ်ဆင့် အိန္ဒိယ နယ်စပ်အနီးသို့လည်း ရောက်ခဲ့သေးသည်။ ယခုတစ်ခေါက် ရခိုင်ဒေသ ခရီးစဉ်ကမူ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသများသို့ ရောက်ခွင့်ကြုံခဲ့သည်။ မကြုံကြုံအောင်လို့လည်း ခရီးစဉ်ကို တမင်ဆွဲခဲ့သည်။ စစ်တွေ-ဘူးသီးတောင်-မောင်တောခရီးစဉ်ကို သွားနေကျရေလမ်းအတိုင်းမသွားဘဲ စစ်တွေမှ အင်ူမော်ကို ရေယာဉ်ဖြင့်။ အင်ူမော်မှ မော်တော်ယာဉ်ဖြင့် မေယုတောင်တန်း အနောက်ဘက်ရှိ ပဆင ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ လမ်းတွင် ကျောက်ပန္တူဟု အမည်ရသော ရွာကလေးတစ်ရွာကို ဖြတ်ခဲ့ရသည်။ ပန္တူဆိုသည်မှာ ရခိုင်လို "ဆေးတံ"ဟု အဓိပ္ပာယ်ရကြောင်းသိရသည်။ ကျောက်ပန္တူဆိုတော့ "ကျောက်ဆေးတံ"ပါပဲ။ အမှန်တကယ်လည်း ကားလမ်းမှလှမ်းမြင်နေရသော ပင်လယ်ကမ်းစပ်နှင့် မနီးမဝေးတွင် အမည်းရောင်ကျောက်တုံးကြီးတစ်ခုက ထီးထီးကြီး စိုက်နေသည်ကိုတွေ့ရသည်။ ဆေးတံခေါင်းကြီးတစ်ခုကို မှောက်ထားသည်ဟု မှတ်ယူရမည်လား မပြောတတ်ပေ။ ဥဒေါင်းလမ်းဆုံသို့ အရောက်၌ နတလက ဖောက်ပေးထားသော ကွန်ကရစ်လမ်းပေါ်တက်၍ ဝေသာလီအထိ ဆက်လက်ထွက်ခွာကာ ထိုမှ မောင်တောမြို့သို့ ခေတ္တဝင်ပြီးနောက် နတ်မြစ်ကမ်းဘေးတစ်လျှောက် ကညင်ချောင်း-ပြင်ဖြူ-ရွက်ညိုတောင်-ငခူရ-လောင်းဒုံလမ်းအတိုင်း မြောက်ဘက်သို့ တက်ခဲ့ကြခြင်းဖြစ်သည်။ တစ်ချက်တစ်ချက်တွင် ပင်လယ်ထဲမှ လှိုင်းခေါင်းဖြူကြီးများတက်လာသည်ကို ကားပေါ်မှ လှမ်းမြင်နေရသည်။ ဖြစ်နိုင်လျှင် နယ်စပ်လမ်းတစ်လျှောက် ဗန္ဓုလသို့ ရောက်အောင် သွားကြည့်လိုသော်ငြား၊ လမ်းကြောင်းအခြေအနေ၊ အချိန်နှင့်အကွာအဝေးကို တွက်ဆ၍ မသွားဖြစ်ခဲ့ပါ။ လောင်းဒုံမှ တစ်ဆင့် ကြိမ်ချောင်းသို့ ပြန်လည်ဝင်ရောက်ပြီး ခမောင်းဆိပ်-အောင်ချမ်းသာ-ဒုံးညိုမှတစ်ဆင့် ကျောက်လုံး-ပြာရည်-ဘူဂလိသို့ ဝင်ရောက်ခဲ့ကြသည်။ ဘူဂလိသည် နတလက ဖောက်လုပ်နေသော ကျောက်လုံး-ပြာရည်-ပန်ဇီ-တောင်ပဇာ-ဘူးသီးတောင် ကားလမ်းပေါ်မှ လူများ၊ စက်များ၊ ယာဉ်/ယန္တရားများ ခေတ္တနားခိုရာ စခန်းထောက်ရွာကလေးတစ်ရွာ။

**မြိုင်ကြီး၊ ဂနိုင်ကြီးမှာ ဆိုလာမီး လင်းစေမည်**

ဘူဂလိကျေးရွာသို့အရောက်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်မှာကြားလိုက်သည့် ကျောက်လုံး-ပြာရည်-ပန်ဇီ ကားလမ်းဝဲ/ယာရှိကျေးရွာများအား ဆိုလာမီးတပ်ဆင်ပေးရေးအတွက် ရွာအလိုက် အိမ်ခြေ၊ ဦးရေ စာရင်းဇယားများ ကောက်ယူဆောင်ရွက်ခဲ့သည်။ လတ်တလော စာရင်းဇယားများအရ ဘူဂလိရွာသစ်၊ ဘူဂလိရွာဟောင်း၊ ကြောင်စာရွာ၊ ကျီးနှုတ်သီး၊ ငါးမြင်းမိုရွာသစ်၊ ငါးမြင်းမိုရွာဟောင်း၊ ပန်ဇီ၊ ဘဒကား ကျေးရွာ စသည်တို့တွင် အိမ်ထောင်စု စုစုပေါင်း ၂၆၈ စု နေထိုင်လျက်ရှိကြရာ မြိုနှင့် ဒိုင်းနက်လူမျိုးများ အများဆုံးနေထိုင်ကြကြောင်းတွေ့ရသည်။ ယင်းကျေးရွာများသို့ နတလအစီအစဉ်ဖြင့် ဝပ် ၉၀ ဆိုလာမီးများ တပ်ဆင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ညအခါ မှောင်နှင့် မည်းမည်းနေရသော မြို၊ ဒိုင်းနက်တိုင်းရင်းသားသွေးချင်းများအတွက် မကြာမီရောက်ရှိလာမည့် ဆိုလာမီး အလင်းရောင်ကြောင့် သူတို့၏ရိုးသားစင်ကြယ်သော နှစ်လိုဖွယ် အပြုံးများက ပို၍ပို၍ လှပလာတော့မည်မှာသေချာသည်။ ထိုသို့ဆောင်ရွက်ပေးမှုအတွက် မြိုတိုင်းရင်းသားတို့၏ နှုတ်ဖျားမှ "တင်းကျန်ဇူးဇာ" . . . ကျေးဇူးတင်ပါတယ် ဆိုသည့်စကားကို ကြားရမည်မှာလည်းသေချာသည်။ ဒိုင်းနက်တိုင်းရင်းသားတို့ကမူ ကျေးဇူးတင်ပါတယ်ကို မည်သို့ ပြောကြားကြမည်မသိ။ ဘူးသီးတောင်မြို့နယ်အတွင်းမှ ယင်းကျေးရွာ ရှစ်ရွာအပြင် မောင်တောမြို့နယ်အတွင်းရှိ အထက်ဘန်တိုက်၊ အောက်ဘန်တိုက်၊ ဗောဓိကိုင်း စသော ရွာသုံးရွာမှ အိမ်ထောင်စု ၃၆ စု အတွက်လည်း ဆိုလာမီးများ တပ်ဆင်ပေးမည်ဖြစ်သည်။

**ချက်စူလေးတို့နေတဲ့ရွာ**

ဘူဂလိသို့ ကျွန်တော်ရောက်ခဲ့သည့် ညတွင် တပည့်ဖြစ်သူ ဒုတိယဦးစီးမှူး မောင်အောင်အောင်ထွန်းက သူရိုက်ထားသော ဓာတ်ပုံတွေလာပြသည်။ အများစုမှာ မြိုနှင့် ဒိုင်းနက်တိုင်းရင်းသား ကလေးငယ်များ ဖြစ်ကြပြီး ကျွန်တော်နှစ်သက်သော ပင်ကိုသဘာဝကျကျဓာတ်ပုံများဖြစ်သည်။ ကျွန်တော်သည် ဘယ်ခရီးစဉ်ကိုပဲသွားသွား ထိုအရပ်ထိုဒေသမှာတွေ့ရသည့် တိုင်းရင်းသားကလေးငယ်များနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း ဝါသနာထုံခဲ့သည်။ ကချင်ခရီးစဉ်တွင် မြစ်ဆုံ၌ တွေ့ရသော ကလေးငယ်များနှင့် ဓာတ်ပုံရိုက်ခဲ့သည်။ ထို့အတူ နာဂဒေသခရီးစဉ်မှာလည်း လမ်းတစ်လျှောက်တွေ့ရသော စာသင်ကျောင်းလေးများကို ကြည့်ရှုလေ့လာရင်း ဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။ ယခုလည်း ကျွန်တော်၏ ဝါသနာကိုသိနေ၍ တစ်နည်းအားဖြင့် ယင်းဓာတ်ပုံမျိုးများကို ကျွန်တော်လိုချင်မှန်းသိနေ၍ ကြိုတင်ရိုက်ကူးထားကာ လာရောက်ပြသခြင်းဖြစ်သည်။



ဘူဂလိကျေးရွာ၌ ဒေသခံများနေထိုင်ရာ အိမ်ငယ်လေးများကို တွေ့ရစဉ်။

အောင်အောင်ထွန်းကို ကျေးဇူးတင်ရပါသည်။ အကြောင်းမှာ ဘူဂလိရွာမှတစ်ပါး အခြားရွာများသို့ ကျွန်တော်မသွားနိုင်။ မရောက်ဖြစ်ခဲ့။ ယင်းရွာများမှ မြို၊ ဒိုင်းနက်တိုင်းရင်းသားသွေးချင်းများနှင့်လည်း တွေ့ဆုံခွင့်မရခဲ့။ ကျွန်တော်မရခဲ့သော အခွင့်အရေးကို အောင်အောင်ထွန်းရခဲ့သည်။ ကျောက်လုံး-ပြာရည်-ပန်ဇီ-တောင်ပဇာ-ဘူးသီးတောင် လမ်းဖောက်လုပ်လျက်ရှိရာတွင် ကြီးကြပ်ကွပ်ကဲရန်အတွက် နတလမှ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးအောင်ထွဋ်နှင့် ဦးသန့်ဇင်တို့ ဦးစီးသောအဖွဲ့သည် ယာဉ်/ယန္တရားများနှင့်အတူ ဘူဂလိရွာ၌ အခြေပြုဆောင်ရွက်လျက်ရှိသည်။ ယင်းအဖွဲ့၌ ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်လွင်ဦး၊ ဒုတိယဦးစီးမှူးများဖြစ်ကြသော ဦးအောင်အောင်ထွန်းနှင့် ဦးသီဟတို့ ပါဝင်ကြရာ လမ်းဖောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရင်း ပတ်ဝန်းကျင်ကျေးရွာများသို့ ရောက်ရှိခဲ့ကြသည်။ ယင်းကျေးရွာများ၌ နေထိုင်ကြသော တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာခွင့်၊ မှတ်တမ်းတင်ခွင့်ရခဲ့ကြသည်။ ရိုးရှင်းသော၊ ဟန်ဆောင်မှုကင်းသော လူမှုဘဝ နေထိုင်မှုပုံစံများ။

သူပေးလာသော ဓာတ်ပုံများကိုကြည့်ရင်းက ကလေးငယ်အချို့သည် ချက်စူကလေးများဖြစ်နေကြောင်း သတိထားလိုက်မိသည်။ ကျွန်တော်တို့ ငယ်စဉ်ကလည်း သက်တူရွယ်တူထဲက သူငယ်ချင်းတစ်ယောက်၊ နှစ်ယောက် ချက်စူ၊ ချက်ဖောင်းဖြစ်နေတာ ရှိခဲ့ဖူးပါသည်။ ကျွန်တော်တို့အချင်းချင်း နောက်ပြောင်၍ စူနေတာက ချက်ထီးကွ၊ ပြားနေတာက ချက်မကွဟုပြောကာ ချက်ထီးတွေ၊ ချက်မတွေ အမည်သညာပြုခဲ့ဖူးတာ အမှတ်ရမိသေးသည်။ ယခုတွေ့ရသော ကလေးတော်တော်များများသည် ချက်ကလေးတွေဖောင်းနေသည်မှာအမှန်ပင်ဖြစ်သည်။ မီးဖွားချိန်တွင် ချက်ကြိုးဖြတ်သည့်အပေါ်မူတည်၍ ဖြစ်ပေါ်လာသော ပိန်ခြင်း၊ ဖောင်းခြင်း ပြဿနာလားတော့မသိ။ တစ်နည်းအားဖြင့် ပြောရလျှင် ထိုနေရာ၊ ထိုဒေသ၊ ထိုကျေးရွာများသည် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ ကျန်းမာရေး အသိပညာပေးရန်လိုအပ်နေသော ကျေးရွာများပင် ဖြစ်သည်။ ကျွန်တော့်မှန်းဆချက်မလွဲခဲ့ပါမူ အဆိုပါကျေးရွာများရှိ ကလေးတော်တော်များများကို ချက်စူလေးများအဖြစ် တွေ့မြင်ရမည်မှာ သေချာသည်။

**ခြေတော်ရာကိုဖူးခဲ့သည်**

အပြန်ခရီးတွင် ပန်ဇီ-တောင်ပဇာ-ဘူးသီးတောင် လမ်းတစ်လျှောက် ဖောက်လုပ်ပြီး ဖောက်လုပ်ဆဲကားလမ်းအခြေအနေ၊ တည်ဆောက်နေဆဲ တံတားများအခြေအနေကို ကြည့်ရှုစစ်ဆေးရင်း ဘူးသီးတောင်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ဘူးသီးတောင်မှ ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ရသေ့တောင်မြို့နယ် ခြေတော်ရာဘုရားအနီး တည်ဆောက်နေသော အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို ဝင်ရောက်ကြည့်ရှုရင်း ခြေတော်ရာနှင့်ရုပ်ပွားတော်များကို ဖူးမြော်ခွင့်ကြုံခဲ့သည်။ ယခင်တစ်ခေါက် စစ်တွေမြို့မင်းကျောင်းတံတားမှ ဘူးသီးတောင်သို့ ရေယာဉ်ဖြင့်အသွား အဝေးကလှမ်းမျှော်ကာ ဦးတင်ခဲ့ရသည့် ခြေတော်ရာဘုရား။ ယခုတော့ ကြည်နူးဝမ်းမြောက်စွာ ဖူးမြော်ခွင့်ရခဲ့ပါပြီ။ ကျွန်တော်ပြောနေကျ စကားအတိုင်း နေရာဒေသတစ်ခုသို့ နှစ်ကြိမ်၊ နှစ်ခေါက် ပြန်၍ ပြန်၍ ရောက်တတ်သည် ဆိုပါမူ ကျွန်တော် ဆောင်းပါးတစ်ပုဒ် ထပ်၍ရေးဖြစ်ပါဦးမည်။ ခြေတော်ရာသို့ နှစ်ခေါက်လေ . . . . . . ဟူ၍။ ။

မြင့်စိုး(နတလ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)


မူဆယ်မြို့နယ်စပ်ဂိတ်ကို တွေ့ရစဉ်။

# F.I.T (မိမိအစီအစဉ်ဖြင့်ခရီးသွား)ဧည့်သည်များ၏ အဓိကဝင်ပေါက်တစ်ခုဖြစ်လာနေသည့် စီးပွားရေးနယ်စပ်ဂိတ်မြို့များ

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွား တိုးတက်စေရန်အတွက် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို တိုးမြှင့်လုပ်ဆောင်လာကြလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွားများမှာ လေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းများဖြင့်သာမက နယ်စပ်ဂိတ် မြို့များမှ ဝင်ရောက်မှုများလည်း ရှိနေသည်။ Package Tour (ခရီး သွား ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ လာရောက်ကြလေ့ရှိသော) ကမ္ဘာ လှည့်ခရီးသွားများအပြင် F.I.T (မိမိအစီအစဉ်ဖြင့်ခရီးသွားသည့်) ခရီးသွားဦးရေမှာလည်း နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာ သည့်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လာလျက်ရှိကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှု အတွက်လည်း အဓိက အချက်အချာကျလှသော အထင်ကရ နယ်စပ် ဂိတ်များထဲတွင် မူဆယ်မြို့ပါဝင်သည်။ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ရာတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများက တရုတ် နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ကာ မြန်မာ နိုင်ငံမူဆယ်သို့ ရောက်ရှိလေ့ရှိသည်။ မူဆယ်မြို့သည် ကုန်သွယ်မှု နယ်စပ်ဂိတ်တစ်ခုဖြစ်သည့်အလျောက် ၂၄ နာရီပတ်လုံး လှုပ်ရှား အသက်ဝင်လျက်ရှိသည်။

မူဆယ်မှတစ်ဆင့် ကွတ်ခိုင်သို့ ခရီးဆက်ကာ လားရှိုးမြို့သို့ လည် ပတ်ကြသည်။ ထိုမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်း အချက်အချာ ကျသော မန္တလေးရွှေမြို့တော်သို့ ဝင်ရောက်လည်ပတ်လေ့ရှိကြောင်း ခရီးသွားဧည့်လမ်းညွှန်များမှတစ်ဆင့် သိရသည်။

နယ်စပ်ကုန်သွယ်မှုဖြင့် ပတ်သက်သည့် အယူအဆတွင် Win-Win နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် လုပ်ဆောင်နိုင်ကြရန် အဓိကကျ သည်။ ယခုအခါတွင် မူဆယ်၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် က ခွင့်ပြုခဲ့သည့် မူဆယ်ဗဟိုစီးပွားရေး စက်မှုဇုန်ကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးသမားများက ရွှေမူဆယ်ဟုလည်း တင်စားခေါ်ဝေါ်လေ့ရှိကြောင်း သိရသည်။

ထိုင်း-မြန်မာနယ်စပ်တွင် တည်ရှိနေသော တာချီလိတ်မြို့သည် ၂၄ နာရီလှုပ်ရှား သက်ဝင်နေသော မြို့များစာရင်းတွင်ပါဝင်ကာ ခရီး သွားဧည့်သည်တို့ ဝင်ရောက်ရာ အဓိကဝင်ပေါက်လည်း ဖြစ်သည်။

တာချီလိတ်၌ရှိနေသော တရုတ်ကုန်စည်များကို ထိုင်းဘက်မှ ဝင်ရောက်လာသူများက ဝယ်ယူလေ့ရှိကြပြီး ထိုင်းဘက်မှ ဝင်လာ သော ကုန်စည်များကို တာချီလိတ်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဖြန့်ဖြူးကြလေ့ရှိကြောင်းသိရကာ ကုန်သွယ်မှုအတွက် ကုန်စည်းများ ပြတ်တောက်သွားခြင်းမရှိစေရန်အတွက် နယ်စပ်ဂိတ်ကိုသာ အားထား နေရသော အခြေအနေလည်း ရှိနေသည်။

တာချီလိတ်မြို့၏ စီးပွားရေးမျက်နှာစာမှာ မယ်ဆိုင်တံတားပိတ် မပိတ်ပေါ်မူတည်နေပြီး မိုင်းလားဘက်မှ ဝင်ရောက်လာသော တရုတ် ကုန်စည်များသည် တာချီလိတ်မြို့တွင် အလုပ်ဖြစ်နေကြောင်း သိရ သည်။ တာချီလိတ်မြို့နယ်စပ်ဂိတ်နှင့် ကပ်လျက်တည်ရှိနေသော တာလော့ဈေးထဲတွင် တရုတ်ကုန်စည်များက နေရာအပြည့်ယူထား သည်ကို တွေ့မြင်နိုင်ပြီး လကုန်ရက်တိုင်းတွင် တစ်ဖက်ထိုင်းနိုင်ငံ မယ်ဆိုင်ရှိ ကုန်တိုက်သို့ နယ်စပ်ဂိတ်ကိုဖြတ်ကျော်ကာ ဈေးဝယ်ကြ လေ့ရှိသော မြန်မာလူမျိုးအများအပြားကိုလည်း တွေ့ရှိရမည်ဖြစ် သည်။ တာချီလိတ်မှ ကျိုင်းတုံသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် နေပြီဖြစ်သောကြောင့် ကားမောင်းချိန် သုံးနာရီလောက်သာ ကြာမြင့် တော့သည်။

ကျိုင်းတုံမြို့ကို ဒယ်အိုးပုံသဏ္ဌာန်ရှိသောမြို့ဟု တင်စားခေါ်ဝေါ် လေ့ရှိကြသည်ဟု သိရသည်။ တစ်ခေတ်တစ်ခါက ရှမ်းစော်ဘွားများ၏ ဟော်နန်းများ အများအပြားရှိခဲ့ပြီး ဆိတ်ငြိမ်သည့်မြို့ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်သည်။ နိုင်ငံခြားသားခရီးသွားအများစုမှာ ပြည်တွင်း မှ ကျိုင်းတုံမြို့သို့ လာရောက်လေ့ရှိကြသကဲ့သို့ တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိနေသော မိုင်းလားမြို့သို့ ဦးစွာသွားကြပြီးမှ ကျိုင်းတုံမြို့သို့ ဝင်လာလေ့လည်းရှိကြကာ တာချီလိတ်မြို့သို့ ကူးကြလေ့ရှိကြောင်း ခရီးသွားဧည့်လမ်းညွှန်များမှတစ်ဆင့် သိရသည်။

ကျိုင်းတုံမြို့၏ ၅၅ မိုင်အကွာတွင် တရုတ်နိုင်ငံနှင့် ထိစပ်နေသော မိုင်းလားမြို့တည်ရှိနေပြီး မည်သည့်ပစ္စည်းမဆိုဝယ်ယူနိုင်သည်ဟု ဆိုကြသည်။ ကျိုင်းတုံမြို့သည် တာချီလိတ်-မိုင်းလားကြားတွင် မြန်မာ ကျပ်ငွေသုံးသော မြို့တစ်မြို့ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ကာ ခရီး သွားများကိုဆွဲဆောင်နိုင်သောနေရာတွင် နောင်တုံကန်၊ လက်ကျန် စော်ဘွားဟော်နန်းများ၊ သစ်တစ်ပင်တောင်နှင့် မဟာမြတ်မုနိဘုရား တို့ရှိသည်ကို တွေ့ရသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်မှုမှာ ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား သုံးသန်းကျော် ဝင်ရောက်ခဲ့ရာ နယ်စပ်ဒေသမှ ၁ ဒသမ ၉၄ သန်း ဝင်ရောက်ခဲ့ကာ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဦးရေ ၄ ဒသမ ၆၈ သန်း အနက် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သူ ခရီးသွားဦးရေ ၃ ဒသမ ၃၇ သန်း ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။ တစ်နှစ် တာအတွင်း ခရီးသွားလုပ်ငန်းမှ ရရှိခဲ့သော ဝင်ငွေမှာ ယခင်နှစ်များ ထက်စာလျှင်၂၀၁၅ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရှိရပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၆ သန်း ရရှိခဲ့ကြောင်း သိရသည်။

**ကေသွယ်**

ကရင်ပြည်နယ်

# သံတောင်ကြီးမြို့နယ်၌ နာနတ်ပွင့်ရှေ့ပြေးစမ်းသပ်စိုက်ခင်း မြေယာပြုပြင်ခြင်းနှင့် ဥယျာဉ်ခြံသီးနှံများ ဝင်ငွေတိုးတက်ရရှိရေး ကွင်းဆင်းဆောင်ရွက်

တောင်သူလယ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာထွက်ကုန် များ အထွက်နှုန်းတိုးတက်ရေးနှင့် ဈေးကွက်ခိုင်မာစွာရရှိရန် အမယ်သစ်သီးနှံတစ်မျိုးဖြစ်သည့် ပရဆေးနှင့် ဟင်းခတ်အမွှေးအကြိုင်၊ နာနတ်ပွင့်ဧက ၄၀ အား သီးနှံရောနှောသစ်တောစိုက်ခင်း အဖြစ်စိုက်ပျိုးရန် မြေယာပြုပြင်နေမှုများကို မတ် ၁၄ ရက်က ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာနှင့် တာဝန်ရှိသူများက တောပြာကြီးကျေးရွာ၌ ကွင်းဆင်း ကြည့်ရှုခဲ့ကြသည်။

နာနတ်ပွင့်သီးနှံသည် စတင်စိုက်ပျိုးသည်မှ သုံးနှစ်သားတွင် အပွင့်များ စတင်ပွင့်ဖူး၍ ငါးနှစ်သားမှ ၂၅ နှစ်သားထိ စီးပွားဖြစ်ဆွတ်ခူးနိုင်ပြီး သက်တမ်းနှစ် ၅၀ အထက်ရှိသည်။ တစ်ပင်တွင် နာနတ်ပွင့်ပျမ်းမျှ ၉၀ ကီလို ထွက်ရှိပြီး တစ်ကီလိုလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချရကြောင်းသိရသည်။ တစ်ဧကလျှင် ပင်ကြားတန်းကြား ပေ (၁၅×၁၀) စနစ်ဖြင့် အပင်ရေ ၂၉၀ ခန့်ဝင်ဆံ့ရာ တစ်နှစ်ဝင်ငွေကျပ် ၁၉ သိန်းမှ သိန်း ၂၀ ခန့် ရရှိနိုင်မည်ဖြစ် သဖြင့် တောင်သူလယ်သမားများ၊ ဥယျာဉ်ခြံသမားများအတွက် ဝင်ငွေကောင်းသော ပို့ကုန် အမယ်သစ်သီးနှံအဖြစ် ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ကြစေရန် ရည်ရွယ်၍ စံနမူနာပြစိုက်ခင်းအဖြစ် ရှေ့ပြေးစမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး ဧက ၅၀၀ အထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်အဖွဲ့သည် သံတောင်ကြီးမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ သံတောင်ကြီး၊ လိပ်သို၊ ဘောဂလိဒေသများမှ စိုက်ပျိုးရေး ဦးစီးမှူး၊ ကော်ဖီနည်းပညာ ပြန့်ပွားရေးနှင့် သုတေသနခြံ(လိပ်သို)မှ ပညာရှင်များ၊ စိုက်ကွင်း ပညာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သံတောင်ကြီးဒေသ၏ မိုးရေချိန်၊ မြေမျက်နှာ သွင်ပြင်တည် ဆောက်ဖွဲ့စည်းမှုအပေါ် အယ်နီညိုရာသီဥတုဒဏ် ကျရောက်လာပါက စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန်အတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး သံတောင်ကြီးဒေသ၌ အကောင်အထည်ဖော်စိုက်ပျိုးထားသော ဥယျာဉ်ခြံသီးနှံစုံလက်ဖက်၊ ကျွဲကော၊ နာနတ် ၁၀ ဧက စိုက်ခင်း၊ လက်ဖက် ငါးဧကနှင့် အစေ့ထုတ်ပြောင်း နှစ်ဧက စံပြစိုက်ခင်းတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

သံတောင်ကြီးမြို့နယ်သည် ဖာလာသီးနှံ ၇၇၃၈၆ ဧက၊ ရော်ဘာ ၇၃၂၁ ဧက၊ ကော်ဖီ ၉၅၉၅ ဧက၊ လက်ဖက် ၁၁၁၂ ဧက၊ မိုးစပါး၊ တောင်ယာစပါးနှင့် နွေစပါး ၁၃၅၇၆ ဧက အဓိကစိုက်ပျိုးပြီး ဒေသခံတောင်သူလယ်သမားအများစုမှာ ဥယျာဉ်ခြံသီးနှံ ဒူးရင်း၊ လက်ဖက်၊ ကွမ်းသီး၊ ကျွဲကောတို့ကို စိုက်ပျိုးကြသည်ဖြစ်ရာ နယ်မြေ တည်ငြိမ်အေးချမ်းသာယာ၍ လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးကို ဒေသတာဝန်ရှိသူများ၊တောင်သူလယ်သမား များ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**



စစ်ကိုင်းတိုင်းဒေသကြီး

# လေရှီးမြို့နယ် ပန်ဆပ်အသေးစားရေအားလျှပ်စစ်ဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ပန်ဆပ်အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းလှိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး ၊ လေရှီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပန်ဆပ်ရေအားလျှပ်စစ်စက်ရုံသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၇၉သန်းဖြင့် တည်ဆောက်ခဲ့ပြီး ပန်ဆပ်နှင့် နှစ်မိုင်ခွဲခန့်ရှိ တောင်ကျချောင်းပေါ်၌ (10Kw) စက်ရုံတည်ဆောက်ထားခြင်းဖြစ်ပြီး ပန်ဆပ်ဒေသ ရှိ လူနေအိမ် ၂၆၄ လုံးကို ညနေ ၆ နာရီမှ ည ၁၁ နာရီခန့်အထိ လျှပ်စစ်မီးပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

ကယားပြည်နယ်

# ကယားပြည်နယ်ရှိ ဝေးလံခေါင်သီကျေးရွာများ အလင်းဝေပြော ထိန်လင်းတော့မည်

**“သူများမြို့တွေ မီးလင်းသလို မီးလင်းစေချင်ခဲ့တာတွေ၊ နောင်လာမယ့် ကလေးတွေရဲ့ ဘဝရှေ့ရေးတိုးတက်ဖို့အတွက် မီးလင်းစေချင်ခဲ့တာတွေက အခုတော့ အဲဒီဆန္ဒတွေအားလုံး ပြည့်ဝခဲ့လို့ ဝမ်းသာမဆုံးဖြစ်ရပါတယ်”ဟု ကယားပြည်နယ်မှ ဒေသခံတစ်ဦးဖြစ်သူ ကိုစိုင်းက လျှပ်စစ်မီးရ၍ ပျော်ရွှင်မှုပီတိကို ဖွင့်ဟပြောဆိုသည်။**

လျှပ်စစ်မီးကို အခြေခံပြီး ကယားပြည်နယ် တစ်ခွင်လုံး၌ ဒေသဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်သည်လည်း အရှိန်အဟုန်မြင့်လာပြီ ဖြစ်သည်။ သေနတ်သံ ဗုံးသံများကြားရာမှနေ ယခုအခါ ဒေသတည်ငြိမ်အေးချမ်းမှုနှင့်အတူ ကလေးငယ်များ၏ စာဖတ်သံစာအံသံများသည် ကြားရသူများအတွက် ကြည်နူးစရာများ ဖြစ်လာခဲ့သည်။

“မီးတွေရလာတော့ ကျွန်မတို့ ပျော်တယ်။ တယ်လီဖုန်းတွေ အသုံးပြုလို့ ရလာတော့ နည်းပညာတွေလည်း တိုးတက်ရရှိလာတယ်။ ဗဟုသုတတွေလည်း အများကြီး လေ့လာလို့ ရလာတယ်။ လျှပ်စစ်မီးမရခင်တုန်းက ဒီလို အခြေအနေ ရောက်လိမ့်မယ်လို့တောင် မထင်ခဲ့ဘူး။ အခုတော့ အရင်ကနဲ့ အများကြီး ပြောင်းလဲလာတယ်။ စာကြည့်တာလည်း လျှပ်စစ်မီးနဲ့၊ ထမင်းချက်တာလည်း လျှပ်စစ်ပဲ အသုံးပြုတယ်ဆိုတော့ ပိုပြီးအဆင်ပြေလာတယ်”ဟု လွိုင်ကော်မြို့နယ်မှ ကယန်းတိုင်းရင်းသူ မမေဆွိက ပြောပြသည်။

ကယားပြည်နယ်၌ ခရိုင်နှစ်ခု၊ မြို့နယ်ခုနစ်မြို့နယ်၊ မြို့ရှစ်မြို့၊ ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာပေါင်း ၅၁၁ ရွာဖြင့် ဖွဲ့စည်းထားပြီး အကျယ်အဝန်း ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆ မိုင် ကျယ်ဝန်းသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အသေးငယ်ဆုံးပြည်နယ်ဖြစ်ကြောင်း သိရသည်။

အများစုမှာ ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်မီးသည် အဓိက မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။

ကယားပြည်နယ်၌ ကျေးရွာပေါင်း ၅၁၁ ရွာရှိပြီး လက်ရှိအချိန်တွင် ၂၅၆ ရွာ မီးလင်းနေပြီဖြစ်သော်လည်း မီးမလင်းနိုင်သေးသည့် ကျေးရွာ ၂၅၀ ခန့်ကျန်ရှိနေသေးကြောင်း လျှပ်စစ်ဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းအရ သိရသည်။

“လျှပ်စစ်မီးရရှိမှုရဲ့ အကျိုးကျေးဇူးက များပါတယ်။ အရင်တုန်းက မီးမရသေးတော့ ထင်းနဲ့လည်း ချက်ပြုတ်စားသောက်ကြရတယ်။ လျှပ်စစ်မီးရလာတော့ ထင်းမခုတ်ရတော့ဘူး။ သဘာဝသစ်တောတွေ ပြုန်းတီးမှုလည်း လျော့နည်းသက်သာလာတယ်။ လျှပ်စစ်မီးသုံးစွဲရတာ နည်းနည်းတော့ အန္တရာယ်များပေမယ့် ဂရုပြုသုံးစွဲရင် အများကြီးအဆင်ပြေတယ်” ဟု ကယားပြည်နယ် ဒေသခံတစ်ဦးက ပြောသည်။

ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတစ်ဝန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ရှိလာပြီဖြစ်သော်လည်း ကယားပြည်နယ်မြို့များရှိ ကျေးရွာပေါင်းများစွာသည်အချိန်ကာလတစ်ခုအထိ လျှပ်စစ်မီးမရရှိခဲ့သည့်အတွက် ဖယောင်းတိုင်၊ ထင်းရှူးဆီနှင့် ဆိုလာပြားများကို အားကိုးအသုံးပြုခဲ့ကြရကြောင်း သိရသည်။



ရှားတောမြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

ကယားပြည်နယ်အတွင်း ဒေသခံပြည်သူများ လိုအပ်သလို လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် လျှပ်စစ်ဝန်ထမ်းများက သက်ဆိုင်ရာနေရာဒေသအလိုက် တာဝန်ယူပြီး နေ့စဉ်ဓာတ်အားများ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လျှပ်စစ်မီးမရသေးသည့် နေရာဒေသအချို့၌လည်း လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးမရရှိသေးသည့် ဒေသတချို့မှ ပြည်သူများက ယခုနောက်ပိုင်းတွင် ထင်းများ အလွန်ရှားပါးလာသည့်အတွက် မီးသွေးဝယ်ရသည့်အခါ ဈေးကြီးကြောင်း၊ ထမင်းဟင်းချက်ပြုတ်ရာတွင်လည်း ခက်ခဲကြောင်း ပြောပြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကယားပြည်နယ်အတွင်း လက်ရှိဆောင်ရွက်ပေးထားသည့် လျှပ်စစ်ဓာတ်အားပေးမှုအခြေအနေကို ကြည့်လျှင် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်တွင် ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုဦးရေပေါင်း ၁၇၈၈၀ အား ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်းများဖြင့် မီတာများ တပ်ဆင်ဆောင်ရွက်ပေးပြီး ၂၄ နာရီ ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဒီမောဆိုမြို့နယ်၌ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုဦးရေပေါင်း ၁၂၂၈၅ ဦး၊ လွိုင်နန်းဖကျေးရွာ၌ ၁၀ ကီလိုဝပ်ရှိ ဒီဇယ်မီးစက်ဖြင့် အိမ်ထောင်စုဦးရေ ၁၈၀ ၊ ထီးပိုးကလိုးကျေးရွာ၌ ၅ ကေဗွီအေ ဒီဇယ်မီးစက်ဖြင့် အိမ်ထောင်စု ဦးရေ ၈၀ ၊ ခူးပရာကျေးရွာ၌ ၁၀ ကေဗွီအေ ဒီဇယ်မီးစက်ဖြင့် အိမ်ထောင်စုဦးရေ ၁၀၀၊ တနီးလာလဲကျေးရွာ၌ ၅ ကေဗွီအေ ဒီဇယ်မီးစက်ဖြင့် အိမ်ထောင်စုဦးရေ ၇၀၊ ဒေါရောက်ခူကျေးရွာ၌ ၄ ဒသမ ၅ ကေဗွီအေ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၂၀၀၊ လိုဘာခိုကျေးရွာ၌ ၄ ဒသမ ၅ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၁၈၀ တို့အား ၂၄ နာရီပတ်လုံး ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ ဖရူဆိုမြို့နယ်တွင် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုဦးရေ ၅၉၄၈ ဦး၊ရှားတောမြို့နယ်၌ ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုဦးရေ ၆၁၅ ဦး၊ ဆီဘူးဒေသ၌ ၅၈ ဒသမ ၇ ကေဗွီအေ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၁၃၀၊ ဆီဘူးဒေသ တပ်ကုန်းကျေးရွာ၌ ၃၁ ကေဗွီ ကူဘိုတာ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၂၀၊ ဆီဘူးဒေသ ခရက်ဒုံကျေးရွာ၌ ၄ ကေဗွီ ကူဘိုတာ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၇၀၊ ဟိုဟာဒေသ၌ ၅၈ ဒသမ ၇ ကီလိုဝပ် နစ်ဆန်းဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၁၀၂ ဦး၊ ဗီယာဒေသ၌ ၃၁ ကေဗွီအေ ကူဘိုတာ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၇၈ ဦး၊ ရီခီးဘူးဒေသ၌ ၁၂ ဒသမ ၅ ကေဗွီအေ ချန်ယူဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၅၈ ဦးတို့အား ၂၄ နာရီ ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် ဘော်လခဲမြို့နယ်၌ ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စု ဦးရေ ၁၃၂၂ ဦး၊ ဖားဆောင်းမြို့နယ်၌ ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုဦးရေ ၃၄၄၃ ဦး၊ ရွာသစ်မြို့နယ်ခွဲ၌ ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုပေါင်း ၄၆၅ ဦးတို့အား ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ၂၄ နာရီ ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ဖားဆောင်းမြို့နယ်၌ လျှပ်စစ်မီး စတင်ပေးစဉ်က မီးသုံးစွဲသူ ဦးရေသည် ၉၁ ဦးသာရှိသော်လည်း ယခု ၂၀၁၆ ခုနှစ်မှ စတင်ပြီး မီးသုံးစွဲသူဦးရေမှာ ၁၀၅၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့မြို့မှာ ၂၀၁၀ ပြည့်နှစ်လောက်ကစပြီး ၃၃ ကေဗွီ ဓာတ်အားလိုင်းနဲ့ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရခဲ့တယ်။ အခုနှစ်က စပြီးတော့ မီးသုံးစွဲသူဦးရေက သိသိသာသာ တိုးတက်လာတယ်လို့သိရပါတယ်။ လျှပ်စစ်ဓာတ်အားရရှိတဲ့အတွက် ချက်ပြုတ်စားသောက်တာ၊ အဝတ်လျှော်တာ စတဲ့ အိမ်မှုကိစ္စတွေမှာ အချိန်ကုန်သက်သာစေပြီး အသေးစားလုပ်ငန်းတချို့ပါ လုပ်ကိုင်လို့ ရနေပါပြီ။ ဒါ့အပြင် အကြီးစားလုပ်ငန်းတွေပါ ဆက်လက်ပြီး ဆောင်ရွက်နိုင်အောင် တာဝန်ရှိသူတွေက ဖန်တီးပေးမယ်ဆိုရင် ကျွန်တော်တို့ဒေသမှာရှိတဲ့ ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာနိုင်ပါတယ်။ မျှော်မှန်းမထားတဲ့ လျှပ်စစ်မီးအလင်းရောင် ရရှိလာတဲ့အတွက် အိပ်မက်မက်သလို ခံစားရပြီး အတိုင်းမသိ ဝမ်းသာမိပါတယ်” ဟု ဖားဆောင်းမြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သူ ဦးထွန်းရွှေက ပြောသည်။

မယ်စဲ့မြို့နယ်၌ ဓာတ်အားစနစ်ဖြင့် အိမ်ထောင်စု ဦးရေ ၂၄၆ ဦးအား ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေပြီး ယင်းမြို့နယ်အတွင်းရှိ နန်းမန်းရွာ၌ ၁၀ ကီလိုဝပ် ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၁၃၀၊ ဝမ်ကန်ရွာ၌ ၃ ဒသမ ၂ ကူဘိုတာ ဒီဇယ်စက်ဖြင့် အိမ်ထောင်စုဦးရေ ၇၈ ဦးတို့အား ညစဉ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။

“နည်းလမ်းတွေအနေနဲ့ ဆိုလာစနစ်၊ ဒီဇယ်နဲ့ မီးစက်မောင်းနှင်တဲ့စနစ်၊ အသေးစားရေအားလျှပ်စစ်စနစ်၊ ဂျင်နရေတာအင်ဂျင်နဲ့ လည်ပတ်တဲ့စနစ်နဲ့ သဘာဝစနစ် စတဲ့ စနစ်တွေ အားလုံးပေါင်းပြီး လုပ်မယ်ဆိုရင် ကျန်တဲ့ ကျေးရွာတွေ အားလုံးလည်း မကြာခင်မှာ မီးလင်းနိုင်ပါတယ်”ဟု ပြည်နယ်လျှပ်စစ်ရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ် မတိုင်မီ ပြည်သူတိုင်း လျှပ်စစ်မီးသုံးစွဲနိုင်ရေးဆိုသည့် ရည်မှန်းချက်ရောက်ရှိနိုင်ရန် မဟာဓာတ်အားလိုင်းတိုးချဲ့ရေးနှင့် ကျေးလက်ဒေသများ၌ မဟာဓာတ်အားလိုင်းပြင်ပနည်းလမ်းများကိုအသုံးပြုကာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မည့် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး စီမံကိန်းကို ထောက်ပံ့ရန်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုထဲတွင် ကယားပြည်နယ်လည်း ပါဝင်သောကြောင့် လက်ရှိတွင် ယင်းစီမံကိန်း လုပ်ငန်းများ ကယားပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။



ဘော်လခဲမြို့တွင်း၌ လျှပ်စစ်ဖြန့်ဖြူးရေးအတွက် Cantilever Type 66 KV ဖြင့် ဓာတ်အား လိုင်းသွယ်တန်းထားရှိမှုကိုတွေ့ရစဉ်။

တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွှေး၊ လျှပ်စစ်

ဧရာဝတီတိုင်းဒေသကြီး

# အောင်ဓမ္မပါလ သုံးထပ်သာသနာ့ဗိမာန် အဆောက်အအုံ လွှဲပြောင်းခြင်းနှင့် ရေစက်ချမင်္ဂလာ ပုသိမ်မြို့၌ ကျင်းပ



ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ သာသနာတော်ဆိုင်ရာ အစည်းအဝေးပွဲများ၊ အခမ်းအနားများ၊ စာဖြေ/စာပြန်ပွဲကျင်းပနိုင်ရန် ဂိုဏ်းပေါင်းစုံတိုင်းသံဃနာယကအဖွဲ့ ဆရာတော်ကြီးများ အကြံပြုချက်သြဝါဒဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပုသိမ်မြို့ အမှတ် (၃) နယ်မြေ မဟာဗန္ဓုလလမ်း၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ မြေသန့်မင်္ဂလာကျင်းပခဲ့ပြီး အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီကတည်ဆောက်ခဲ့သော အလျား ပေ ၁၂၀၊ အနံ ၅၄ ပေ၊ အမြင့် ၃၈ပေရှိ စုလစ်မွန်းချွန်ဘုံပြာသာဒ်များဖြင့် သုံးထပ်အဆောက်အအုံ အောင်ဓမ္မပါလသာသနာ့ဗိမာန် အဆောက်အအုံကို ငွေကျပ်သိန်းပေါင်း ရှစ်ထောင်ကျော်ဖြင့် ခမ်းနားစွာတည်ဆောက်ခဲ့ပြီး မတ် ၁၆ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိဋကတ်သုံးပုံ ပါဠိ/မြန်မာ ကျမ်းစာအုပ်များ လှူဒါန်းရခြင်း၊ အောင်ဓမ္မပါလ သုံးထပ်သာသနာ့ဗိမာန်အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ယခင်အစိုးရဆောက်လုပ်ခဲ့သော သာသနာ့ဗိမာန်ကိုလည်း မွမ်းမံပြင်ဆင်ခြင်းတို့ကို စုပေါင်း၍ ရေစက်ချအခမ်းအနားကျင်းပရာ တိုင်းသံဃနာယကဥက္ကဋ္ဌ (သုဓမ္မာ) ဘဒ္ဒန္တသောပိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မရမ်းချိုဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က အောင်ဓမ္မပါလ သုံးထပ်သာသနာ့ဗိမာန် အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို တိုင်းသာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်ဌေးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

စစ်ကိုင်းတိုင်းဒေသကြီး

# နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ရေး ဘုတလင်၌ ကွင်းဆင်းဆောင်ရွက်

ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် နွေရာသီတွင် သောက်သုံးရေရရှိရေး ပြတ်လပ်မှုမဖြစ်ပေါ်စေရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မတ် ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်းရှိ ကုန်းသာကျေးရွာအုပ်စုတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းဝေက "ကျွန်တော်တို့အဖွဲ့တွေနဲ့ အင်ဂျင်နီယာတွေပူးပေါင်းပြီး လက်ရှိ ရေမပြတ်လပ်သော်လည်း ရာသီဥတုပြောင်းလဲပါက ရေရှားပါးနိုင်တဲ့ ကုန်းတွင်းလို နေရာမျိုးတွေနဲ့ ရေရှားပါးနိုင်မှုရှိတဲ့ ကျေးရွာတွေကို ကွင်းဆင်းပြီး သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်အောင် ကြိုတင်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ကျေးရွာတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ရုတ်တရက် သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရင်လည်း ဌာနကဆောင်ရွက်ရမယ့်နည်းလမ်းတွေကို စီမံဆောင်ရွက်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**



မန္တလေးတိုင်းဒေသကြီး



# တောင်သာချောင်းတံတား ရာနှုန်းပြည့်ပြီးစီး မကြာမီဖွင့်လှစ်မည်

မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာ-မြင်းခြံလမ်းပိုင်းပေါ်ရှိ တောင်သာချောင်းကိုဖြတ်၍ တောင်သာချောင်းတံတားကို တည်ဆောက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

"မနှစ်က ဇူလိုင်လက စပြီးဆောက်ခဲ့တာပါ။ တံတားပိုင်းကရာနှုန်းပြည့်ပြီးပါပြီ။အပြီးသတ်မွမ်းမံပြင်ဆင်နေပါတယ်။ ဒီလ နောက်ဆုံးပတ်မှာ ဖွင့်မှာပါ။ မြို့အဝင်မှာ အလှဆင်ကြိုးတွေနဲ့ ခံ့ညားလှပအောင် ဒီဇိုင်းဆွဲဆောက်ခဲ့တာပါ"ဟု တံတားတည်ဆောက်ရေး တာဝန်ခံတစ်ဦးက ပြောသည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ရာ အရှည်ပေ ၂၄၀၊ အကျယ်၂၄ ပေ၊ တစ်ဖက်တစ်ချက်တွင် လူသွားလမ်းအကျယ်သုံးပေစီပါဝင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာရေရရှိရေးတူးဖော်မှုလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၈ သန်းဖြင့် ညီညီဟိန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျွန်းတဲကျေးရွာရေပေးရေး(တွင်းနက်)တူးဖော်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဦးသက်ပိုင်ဝင်း အငယ်တန်းအင်ဂျင်နီယာ(၃)တို့ မတ်လ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယခုအခါ သခွတ်ချောင်းအုပ်စုအတွင်းရှိ ကျွန်းတဲကျေးရွာ ရွာသူ ရွာသားများအနေဖြင့် နွေရာသီရေရှားပါးပြတ်လပ်မှုနှင့် ပတ်သက်ပြီး ပူပန်စရာမလိုဘဲ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**

# မိုးလွန်မှထွန်ချတဲ့ နယူးကာဆယ်

■ ဝေမိုးဆက်




**ရှေ့ဖုံးမှ**

ပြောမယ်ဆိုရင်ပေါ့။ ဘင်နီတက်ဇ်ဟာ လီဗာပူးကို ဘောလုံးရာသီ ခြောက်ရာသီ ကိုင်တွယ်ခဲ့ဖူးတဲ့အပြင် ၂၀၁၂-၁၃ ဘောလုံးရာသီတုန်းကလည်း ချယ်လ်ဆီးကို ယာယီမန်နေဂျာအဖြစ် တာဝန်ယူဖူးသူဖြစ်တာနဲ့အမျှ ပရီမီယာလိဂ် အတွေ့အကြုံလည်းပြည့်ပြည့်ဝဝရှိတော့ ဘင်နီတက်ဇ်ရောက်ရှိလာမှုဟာ နယူးကာဆယ်ရဲ့ တန်းမဆင်းရရေးအိပ်မက်အတွက် မျှော်လင့်ချက်ဖြစ်လာနိုင်ပါတယ်လို့ တချို့ကသုံးသပ်ကြတယ်။

အထူးသဖြင့်ပေါ့။ ဘင်နီတက်ဇ်ဟာ ၂၀၁၂-၁၃ ဘောလုံးရာသီတုန်းက ချယ်လ်ဆီးကို ယာယီကိုင်တွယ်ခဲ့ရာမှာ ရာသီစကတည်းက ကိုင်တွယ်ခဲ့တာမျိုးမဟုတ်ဘူး။ အဲ့ဒီတုန်းကလည်း ဒီမက်တီယိုလက်ထက်မှာ ယိမ်းယိုင်နေတဲ့ ချယ်လ်ဆီးကို အခုလိုပဲ ဝင်ထိန်းပေးခဲ့ရတာဖြစ်ပြီး အဲ့ဒီတုန်းက ဘင်နီတက်ဇ်ဟာ ချယ်လ်ဆီးကို ယူရိုပါလိဂ်ဆုဖလားတောင် ရယူပေးနိုင်ခဲ့ဖူးတဲ့ မှတ်တမ်းကောင်းကလည်းရှိတယ်။ ဒါ့အပြင် ဘင်နီတက်ဇ်ဟာ ၁၉၉၅-၉၆ ဘောလုံးရာသီတုန်းက ဗယ်လာဒိုးလစ်ကို ကိုင်တွယ်ခဲ့ရာမှာ လာလီဂါကနေ တန်းမဆင်းရအောင် ဦးဆောင်ပေးနိုင်ခဲ့သလို သူကိုယ်တိုင်ကလည်း တန်းဆင်းဇုန်တိုက်ပွဲတွေနဲ့ပတ်သက်ပြီးတော့ လုံလောက်တဲ့အတွေ့အကြုံတွေရှိပါတယ်ဆိုပြီး ပြောဆိုထားတဲ့အခါ။ ဘင်နီတက်ဇ်ရဲ့ အရည်အသွေးကလည်း နယူးကာဆယ်ရဲ့ တန်းမဆင်းရရေးအိပ်မက်အတွက် မျှော်လင့်ချက်တစ်ခုဖြစ်တယ်လို့လည်း တချို့က ဆိုကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဒီရာသီမှာ နယူးကာဆယ်ရဲ့ ခြေပျက်ယွင်းယိမ်းယိုင်ခြင်းဟာ ကစားသမားစုဖွဲ့မှုကြောင့် မဟုတ်ဘူး။ နယူးကာဆယ်မှာက မီထရိုဗစ်၊ ဒမ်ဘီယာ၊ တောင်းဆန့်စ်၊ တိုင်အိုတီ၊ ရှယ်ဗေးလ်၊ ဂေါ်ဖရန့်၊ ဂျမ်မက်တို့လို ကစားသမားကောင်းတွေ ရှိတယ်။ ပြောချင်တာက နယူးကာဆယ်ရဲ့ လက်ရှိကစားသမားစုဖွဲ့မှုဟာ အလယ်အလတ်အဆင့်လောက်ကိုရှိပြီး အဲ့ဒီကစားသမားစုဖွဲ့မှုကို ဘင်နီတက်ဇ်ရဲ့ အတွေ့အကြုံ၊ အရည်အသွေးနဲ့ ပေါင်းထုပ်နိုင်ကာ အားစိုက်ရုန်းကန်နိုင်ခဲ့ရင် ဘင်နီတက်ဇ်ကို မက္ကလာရင်ရဲ့နေရာမှာ အစားထိုးခဲ့ခြင်းဟာ အသင်းရဲ့ တန်းမဆင်းရရေးမျှော်လင့်ချက်အတွက် နယူးကာဆယ်ရဲ့ အကောင်းဆုံးလုပ်ရပ်တစ်ခုလည်း ဖြစ်လာနိုင်ခြေရှိပါတယ်ဆိုပြီး ကောက်ချက်ဆွဲကြတယ်။

ဒီတော့ တကယ်ပဲ ဘင်နီတက်ဇ်အနေနဲ့ နယူးကာဆယ်ကို တန်းတင်ကျန်ရစ်အောင် ဦးဆောင်ပေးနိုင်မှာလားဆိုတာက ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာပေမယ့် တချို့တချို့သော ကျွမ်းကျင်သူတွေကတော့ နယူးကာဆယ်ရဲ့ အဆိုပါ အပြောင်းအလဲအပေါ် သံသယတချို့နဲ့ ထောက်ပြကြတယ်။ အထူးသဖြင့် မက္ကလာရင်ကို ထုတ်ပယ်မှုအပေါ် မှန်ကန်တဲ့လုပ်ရပ်တစ်ခုမဟုတ်ဘူးလို့ မဆိုကြသော်ငြား ဘင်နီတက်ဇ်နဲ့ အစားထိုးခြင်းဟာ နောက်ကျလွန်းတယ်လို့ ထောက်ပြလာကြတာဖြစ်တယ်။

အရှင်းဆုံးပြောရရင် လာမယ့်မတ် ၂၀ ရက်မှာ ကစားမယ့် ဆန်းဒါးလန်းနဲ့ပွဲဟာ နယူးကာဆယ်အတွက် ပွဲ ၃၀ မြောက် ပရီမီယာလိဂ်ပွဲစဉ်ဖြစ်နေပြီ။ တိတိကျကျပြောရရင် ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲကြောင့် ရွှေ့ဆိုင်းခဲ့ရတဲ့ မန်စီးတီးနဲ့ပွဲပါ ထည့်ပေါင်းပါမှ နယူးကာဆယ်အတွက် နောက်ထပ်ကိုးပွဲသာ ထပ်ကစားဖို့ကျန်တယ်ဆိုတော့။ အဲ့ဒီလို တိုတောင်းလှတဲ့ အချိန်တစ်ခုအတွင်းမှာ ဘင်နီတက်ဇ်အနေနဲ့ အတွေ့အကြုံဘယ်လောက်ပဲရှိရှိ နယူးကာဆယ်ကို ပြန်လည်ဦးမော့လာအောင်ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ပေးနိုင်ဖို့ဆိုတာ သံသယရှိစရာ သိပ်ကောင်းတယ်လို့ ထောက်ပြသုံးသပ်ကြတာပဲဖြစ်တယ်။

အထူးသဖြင့် နယူးကာဆယ်ဟာ ဒီရာသီအပြောင်းအလဲသိပ်များခဲ့တယ်။ အပြောင်းအရွှေ့ဈေးကွက်နှစ်ခုအတွင်း ကစားသမား ကိုးဦးခေါ်ယူခဲ့ပြီး ၂၁ ဦးတိတိ အသင်းကနေထွက်ခဲ့မှုအရ အပြောင်းအလဲသိပ်များပြီး အသင်းလိုက် ဟန်ချက်တည်ဆောက်နိုင်ဖို့ပါ ခက်ခဲခဲ့တာဆိုတော့ ကစားသမားအချင်းချင်း နားလည်မှုတည်ဆောက်ဆဲကာလမှာ မန်နေဂျာအပြောင်းအလဲနဲ့အတူ အယူအဆသစ်၊ ဗျူဟာသစ်တွေပါ ထပ်ဝင်လာရင်နယူးကာဆယ်အနေနဲ့တည်ငြိမ်မှုကို အချိန်မီရယူနိုင်ဖို့ဆိုတာကလည်း ခက်ခဲနေတယ်လို့ အခြေခံကျကျ သုံးသပ်ကောက်ချက်ဆွဲကြတယ်။

ဒါ့အပြင် အဆိုပါလက်ကျန်ကိုးပွဲမှာ နယူးကာဆယ်အတွက် ခက်ခဲလွန်းတဲ့ပွဲအချို့လည်းရှိနေတယ်။ အရှင်းဆုံးပြောရရင် နယူးကာဆယ်ရဲ့ လက်ကျန် ကိုးပွဲအတွင်းမှာ မန်စီးတီး၊ ဆောက်သမ်တန်၊ လီဗာပူး၊ စပါးတို့လို အသင်းကောင်းတွေနဲ့ ကျန်သလို အဲ့ဒီလိုပွဲတွေမှာ နယူးကာဆယ်အနေနဲ့ အမှတ်ရဖို့ဆိုတာ သိပ်ခက်တာနဲ့အမျှ ဘင်နီတက်ဇ်အနေနဲ့ရော နယူးကာဆယ်ကို တန်းတင်ကျန်ရစ်အောင် စွမ်းဆောင်ပေးနိုင်ပါ့မလားဆိုတာက သံသယရှိစရာသိပ်ကောင်းလာတယ်လို့ ဆိုကြတယ်။

ပြောရရင် နယူးကာဆယ်နဲ့ဘင်နီတက်ဇ်တို့ ချုပ်ဆိုထားတဲ့ စာချုပ်ထဲမှာ နယူးကာဆယ်သာ တန်းဆင်းသွားခဲ့ရရင် ဘင်နီတက်ဇ်အနေနဲ့ အသင်းကနေ လွတ်လွတ်လပ်လပ်ထွက်ခွာသွားနိုင်တယ်ဆိုတဲ့ အချက်ပါတယ်။ ဒီအချက်ကို စာချုပ်မှာထည့်ချုပ်ခဲ့ကတည်းက ဘင်နီတက်ကိုယ်တိုင်တောင်မှ နယူးကာဆယ်ရဲ့ လက်ရှိအခြေအနေအရ တန်းမဆင်းရဘူးလို့ ယတိပြတ်အာမခံနိုင်စွမ်းမရှိတာ မြင်သာပါတယ်လို့လည်း ထောက်ပြကြတယ်။

တကယ်တော့ ဘင်နီတက်ဇ်ဟာ ၂၀၁၆ ဇန်နဝါရီ ၄ ရက်မှာ ရီးရဲမက်ဒရစ်နည်းပြရာထူးကနေ ထုတ်ပယ်ခံရတယ်။ အဲ့ဒီအချိန်မှာ နယူးကာဆယ်ဟာ ရလဒ်တွေတည်ငြိမ်ကောင်းမွန်နေတာမျိုးမဟုတ်ဘူး။ အရှင်းဆုံးပြောရရင် ဘင်နီတက်ဇ်ကို ရီးရဲက နည်းပြရာထူးကနေ ထုတ်ပယ်လိုက်ချိန်မှာ နယူးကာဆယ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အဆင့် ၁၈ နေရာမှာသာ ရှိနေချိန်ဆိုတော့ အဲ့ဒီကတည်းက မန်နေဂျာအပြောင်းအလဲပြုလုပ်ဖို့ မကြိုးစားဘဲ မက္ကလာရင်ကို ဘုန်းမောက်နဲ့ပွဲအထိ အချိန်ဆက်ပေးခဲ့တာဟာ နယူးကာဆယ်ဘုတ်အဖွဲ့ရဲ့ အဓိကအမှားတစ်ခုအဖြစ် ထောက်ပြလာကြတာပဲဖြစ်တယ်။

ပြောရရင် မက္ကလာရင်ဟာ ရီးရဲကနေ ဘင်နီတက်ဇ်

**"ကာဆယ်အနေနဲ့ တန်းတင်ကျန်ရစ်ရေး မျှော်လင့်နိုင်ခြေရှိသေးကာ အဲဒါဟာ ကာဆယ်အတွက် နောက်ဆုံးကောက်ရိုးတစ်မျှင်လို့လည်း ဆိုနိုင်"**

ကို ထုတ်ပယ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း နယူးကာဆယ်ကို ရလဒ်ကောင်းတချို့ထပ်မံရယူပေးနိုင်ခဲ့တာကတော့ မှန်တယ်။ မက္ကလာရင်ဟာ နယူးကာဆယ်ကို ဇန်နဝါရီ ၄ ရက် နောက်ပိုင်းကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲတွေအတွင်း မန်ယူကို သရေကစားနိုင်အောင် ဦးဆောင်ပေးနိုင်ခဲ့သလို ဝက်စ်ဟမ်း၊ ဝက်စ်ဘရွန်းတို့ကို အနိုင်ရတဲ့အထိလည်း ကိုင်တွယ်ပေးနိုင်ခဲ့တယ်ဆိုသော်ငြား အဲ့ဒီ ဇန်နဝါရီ ၄ ရက်နောက်ပိုင်း ကစားခဲ့တဲ့ပွဲတွေအတွင်း အမှတ်ရယူနိုင်တဲ့ပွဲက အဆိုပါသုံးပွဲသာရှိခဲ့မှုအရ မက္ကလာရင်အပေါ် အချိန်ထပ်ပေးခဲ့တဲ့ နယူးကာဆယ်ရဲ့လုပ်ရပ်ဟာ မှန်ကန်တဲ့လုပ်ရပ်အဖြစ် ပြောဖို့ခက်တယ်လို့ ဆိုကြတယ်။

ပြောရရင် အဲ့ဒီပွဲတွေအတွင်း ဘုန်းမောက်၊ ဝက်ဖို့ဒ်တို့လို တန်းမဆင်းရရေးအတွက် ကြိုးစားရုန်းကန်နေရတဲ့ ဘဝတူအသင်းတွေကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲတွေတောင် ပါဝင်ခဲ့တာဆိုတော့ အဲ့ဒီပွဲတွေဟာ နယူးကာဆယ်အတွက် မက္ကလာရင်ကို အချိန်ဆက်ပေးခဲ့မှုကနေ ထွက်ပေါ်လာခဲ့တဲ့ ဆုံးရှုံးနစ်နာမှုတွေပဲဖြစ်တယ်လို့ ဆိုကြတာပဲဖြစ်တယ်။ အရှင်းဆုံးပြောရရင်တော့ နယူးကာဆယ်အတွက် မန်နေဂျာအပြောင်းအလဲ လုပ်ဆောင်မှုဟာ နောက်ကျလွန်းတယ်လို့ ဆိုချင်ကြတာပဲဖြစ်တယ်။

တစ်ခုတော့ရှိတယ်။ လက်ရှိ တန်းမဆင်းရဖို့အတွက် အားပြိုင်နေကြရတဲ့ လေးသင်းက အမှတ်မကွာဘူး။ အဲ့ဒီလိုအခြေအနေမှာ ကာဆယ်ဟာ လာမယ့် မတ် ၂၀ ရက်မှာ တန်းမဆင်းရရေး အားပြိုင်မှုအနက် အဓိကပြိုင်ဘက်ဖြစ်တဲ့ ဆန်းဒါးလန်းနဲ့ အိမ်ကွင်းမှာရင်ဆိုင်ရမယ်။ ဒီတော့ အဲဒီပွဲမှာသာအနိုင်ရခဲ့ရင် ကာဆယ်ဟာ ဆန်းဒါးလန်းထက် နှာတစ်ဖျားသာသွားမယ်။ ဆန်းဒါးလန်းရဲ့လက်ကျန်ပွဲတွေမှာလည်း အာဆင်နယ်၊ ချယ်လ်ဆီး၊ အဲဗာတန်တို့နဲ့ ကျန်နေသေးတယ်ဆိုတော့။ အဲဒီပွဲမှာသာ အနိုင်ရခဲ့ရင် ကာဆယ်အနေနဲ့ တန်းတင်ကျန်ရစ်ရေး မျှော်လင့်နိုင်ခြေရှိသေးကာ အဲဒါဟာ ကာဆယ်အတွက် နောက်ဆုံးကောက်ရိုးတစ်မျှင်လို့လည်း ဆိုနိုင်ပြန်တဲ့အခါ။ မတ် ၁၁ ရက်မှာ နယူးကာဆယ်ဟာ မက္ကလာရင်ကိုထုတ်ပယ်ပြီး ဘင်နီတက်ဇ်ကို မန်နေဂျာသစ်အဖြစ်ခန့်တယ်။ ဒီတော့ အဲဒါဟာ မိုးလွန်မှထွန်ချခြင်းလား။ ဒါမှမဟုတ်. . . . ။

## ပရီမီယာလိဂ်ချန်ပီယံဆုအတွက် ပရိသတ်များ စတင်အိပ်မက်နိုင်ပြီဟု လက်စတာမန်နေဂျာ ရေနာရီပြောဆို

လက်စတာစီးတီးအသင်း ပရိသတ်များအနေဖြင့် လက်ရှိအချိန်တွင် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးအတွက် စတင်အိပ်မက်နိုင်ပြီဖြစ်ကြောင်း လက်စတာအသင်းမန်နေဂျာ ရေနာရီက နယူးကာဆယ်အသင်းအား ၁-၀ ဖြင့် အနိုင်ရရှိခဲ့သောပွဲအပြီးတွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

လက်စတာအသင်းသည် နယူးကာဆယ်နှင့်ပွဲတွင် ဂျပန်ကစားသမား အိုကာဇာကီ၏ နောက်ပြန်ကန်ချက်ဖြင့် သွင်းယူခဲ့သောဂိုးကြောင့် ၁-၀ ဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါ အနိုင်ပွဲကြောင့် လက်ကျန်ပွဲ ရှစ်ပွဲကစားရန် ကျန်ရှိချိန်တွင် ဒုတိယနေရာမှ စပါးအသင်းထက် ငါးမှတ် အသာစီး ရရှိထားပြီဖြစ်သည်။



မန်နေဂျာ ရေနာရီသည် အစောပိုင်း လက်စတာအသင်း ပရီမီယာလိဂ် ချန်ပီယံဖြစ်ရေးနှင့် ပတ်သက်၍ ထင်ကြေးပေးရန် တောင်းဆိုမှုများကို ငြင်းဆိုခဲ့ဖူးသူဖြစ်သည်။

သို့သော်လည်း နယူးကာဆယ်နှင့် ပွဲအပြီးတွင် အီတလီလူမျိုး မန်နေဂျာ ရေနာရီက "လက်စတာအသင်း ပရိသတ်တွေအနေနဲ့ အခုအချိန်ကစပြီး ပရီမီယာလိဂ်ချန်ပီယံဆုအတွက် အိပ်မက်နိုင်ပါပြီ။ ကျွန်တော်တို့ကလည်း နောက်ပွဲတွေမှာ နိုင်ပွဲတွေဆက်လက်ရရှိဖို့ ဆန္ဒရှိပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ဆိုတာ ခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ပျော်ရွှင်မှုကိုရရှိချင်တယ်။ နယူးကာဆယ်နဲ့ ကစားခဲ့တဲ့ပွဲက ခက်ခဲတဲ့ပွဲတစ်ပွဲပါ။ အသင်းတစ်သင်းမှာ မန်နေဂျာအပြောင်းအလဲရှိလာပြီဆိုရင် အဲဒီအသင်းရဲ့ ကစားသမားတွေက မန်နေဂျာသစ်ကို သူတို့ရဲ့ သဘောထားကိုပြသဖို့ ဆန္ဒရှိကြပါတယ်"ဟု ပြောသွားသည်။

လက်စတာအသင်းသည် ပရီမီယာလိဂ်လက်ကျန်ပွဲများအဖြစ် ခရစ္စတယ်ပဲလေ့စ်၊ ဆောက်သမ်တန်၊ ဆန်းဒါးလန်း၊ ဝက်စ်ဟမ်း၊ ဆွမ်ဆီး၊ မန်ယူ၊ အဲဗာတန်၊ ချယ်လ်ဆီးတို့နှင့် ကစားရမည်ဖြစ်သည်။

လက်စတာအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ(ယခင်က အင်္ဂလန်ပထမတန်းပြိုင်ပွဲ)တွင် ချန်ပီယံအဖြစ် အောင်ပွဲခံခဲ့ဖူးခြင်းမရှိဘဲ ယခုနှစ်ရာသီတွင် ချန်ပီယံဆုရရှိပါက ပထမဆုံးအကြိမ် ချန်ပီယံဖြစ်လာမည်ဖြစ်ပြီး မန်နေဂျာ ရေနာရီသည်လည်း ၂၀၁၁-၁၂ ခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးအတွက် ပရီမီယာလိဂ်ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သူ အီတလီလူမျိုး ရောဘတ်တိုမန်ချီနီပြီးနောက် ချန်ပီယံဆုဖလားနောက်ထပ်ရရှိသည့် အီတလီလူမျိုး မန်နေဂျာဖြစ် လာမည်ဖြစ်သည်။ (အောင်က)

# ၈ နိုင်ငံတကာဘောလုံး

မြန်မာ့အလင်း

၁၈-၃-၂၀၁၆ (သောကြာနေ့)

# မန်စီးတီးကိုအနိုင်ရဖို့ခက်တဲ့ မန်ယူ

MANCHESTER CITY | KICK-OFF 22:30 | MANCHESTER UNITED

ပရီမီယာလိဂ်ပွဲစဉ် (၃၁)ကို လာမယ့် မတ် ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးနဲ့ မန်ယူတို့ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ မန်ယူအနေနဲ့ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရုန်းကန်နေရတာကြောင့်လည်း ဒီလိုပွဲစဉ်မှာ နိုင်ပွဲယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေသလို မန်စီးတီးကလည်း နောက်ဆုံးပွဲစဉ်မှာ နော့ဝှစ်ချ်နဲ့ သရေကျခဲ့ရတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲပြန်ယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် ဒီပွဲစဉ်ဟာ အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုလိုဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ အဲဗာတန်နဲ့ အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ ဝက်စ်ဟမ်းတို့ဆုံတွေ့တဲ့ပွဲတွေ ပါဝင်နေတာကြောင့်လည်း ပိုမိုစိတ်ဝင်စားဖို့ကောင်းနေပါတယ်။



## ချယ်လ်ဆီး vs ဝက်စ်ဟမ်း

| ပ-ကျော့ | ဝက်စ်ဟမ်း | ၂ | ၁ | ချယ်လ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးဟာ အက်ဖ်အေဖလားပြိုင်ပွဲကနေရော ချန်ပီယံလိဂ်ပြိုင်ပွဲကနေပါ ထွက်ခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်မှာသာ ဥရောပဝင်ခွင့် ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာပါ။ ချယ်လ်ဆီးရဲ့ လက်ရှိကစားပုံက မဆိုးဘူးဆိုပေမယ့်လည်း ဒီပွဲစဉ်မှာတော့ အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာ ပွဲပယ်ခံထားရလို့ တိုက်စစ်ပိုင်းကအားနည်းလာနိုင်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ကစားပုံကလည်း ကောင်းမွန်နေတာကြောင့် ချယ်လ်ဆီးတို့ ဒီပွဲစဉ်မှာလည်း ရုန်းကန်ရဦးမှာပါ။ ချယ်လ်ဆီး အနိုင်ရရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

## ကာဆယ် vs ဆန်းဒါးလန်း

| ပ-ကျော့ | ဆန်းဒါးလန်း | ၃ | ၀ | ကာဆယ် |
|---|---|---|---|---|

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံးက တန်းမဆင်းရရေးအတွက် အားစိုက်ကစားနေရတာကြောင့် အခုလိုထိပ်တိုက်ဆုံတွေ့လာချိန်မှာ နိုင်ပွဲရယူနိုင်ရေးအတွက် တိုက်စစ်ဖွင့်ကစားလာကြမှာ သေချာနေပါတယ်။ ကာဆယ်ကတော့ မန်နေဂျာအပြောင်းအလဲ ပြုလုပ်ထားကာ ဘင်နီတက်ဇ်ကို မန်နေဂျာသစ်အဖြစ် ခန့်အပ်ထားပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် နယူးကာဆယ်တို့ ပိုမိုအားစိုက်ကစားလာမှာလည်း သေချာနေပါတယ်။ ဆန်းဒါးလန်းကလည်း ခံစစ်က အားနည်းနေတာကြောင့် ကာဆယ်ပဲကပ်နိုင်မယ်။

## ဆွမ်ဆီး vs ဗီလာ

| ပ-ကျော့ | ဗီလာ | ၁ | ၂ | ဆွမ်ဆီး |
|---|---|---|---|---|

ဆွမ်ဆီးဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရရေး အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဆွမ်ဆီးရဲ့အသင်းလိုက်ကစားပုံကလည်း ကောင်းမွန်မှုရှိသလို တိုက်စစ်ကလည်းဂိုးသွင်းခြေရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် ဆွမ်ဆီးတို့ ခြေကုန်ထုတ်ကစားလာရင် ဗီလာကိုအသာရဖို့မခက်နိုင်ပါဘူး။ ဗီလာဟာ တန်းမဆင်းရဖို့ရုန်းကန်နေပေမယ့် ခြေစွမ်းအားနည်းမှုတွေ များလွန်းနေပါတယ်။ ခံစစ်ပိုင်းကအစ အားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲစဉ်မှာတော့ ဆွမ်ဆီးကသာ အနိုင်ရသွားမှာပါ။

## စပါး vs ဘုန်းမောက်

| ပ-ကျော့ | ဘုန်းမောက် | ၁ | ၅ | စပါး |
|---|---|---|---|---|

လက်ရှိအချိန်မှာ ဘုန်းမောက်ဟာ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဆွမ်ဆီးကို အနိုင်ရယူနိုင်ခဲ့သလို အခုအမှတ်ရရှိထားမှုအနေအထားအရလည်း ဘုန်းမောက်တို့တန်းမဆင်းရဖို့အတွက် ပိုမိုနီးစပ်လာပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်တို့ အတိမ်းအစောင်းအဖြစ်ခံမှာတော့မဟုတ်ပါဘူး။ စပါးကတော့ လက်စတာကို ဖိအားပေးနိုင်ရေးအတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ယူရိုပါလိဂ်ပွဲကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် စပါးကပ်ပြီးသာ အနိုင်ရမယ်။

## ဆောက်သမ်တန် vs လီဗာပူး

| ပ-ကျော့ | လီဗာပူး | ၁ | ၁ | ဆောက်သမ်တန် |
|---|---|---|---|---|

အခုနောက်ပိုင်းမှာ လီဗာပူးရဲ့ကစားပုံက ကောင်းမွန်နေပါတယ်။ တိုက်စစ်နဲ့ ကွင်းလယ်ကစားပုံကလည်း တည်ငြိမ်မှုရှိလာတာကိုတွေ့ရပါတယ်။ ဒါ့အပြင် လီဗာပူးရဲ့လက်ရှိအမှတ် ရရှိထားမှုဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အထိ မျှော်လင့်နိုင်တာကြောင့်လည်း လီဗာပူးတို့ ပိုမိုအားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် လီဗာပူးဟာ ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တာကိုတော့ သတိပြုရမှာပါ။ ဒါ့အပြင်ဆောက်သမ်တန်ခြေကလည်း ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်လို့ လီဗာပူးသရေလောက်ပဲရမယ်။

## မန်စီးတီး vs မန်ယူ

| ပ-ကျော့ | မန်ယူ | ၀ | ၀ | မန်စီးတီး |
|---|---|---|---|---|

မန်စီးတီးက နောက်ဆုံးပွဲစဉ်မှာ နော့ဝှစ်ချ်ကို သရေသာကစားနိုင်ခဲ့တာကြောင့် အောက်က အသင်းတွေနဲ့အမှတ်ကွာဟမှုလျော့နည်းသွားပါတယ်။ အဆင့် ၅ နေရာက ဝက်စ်ဟမ်းနဲ့နှစ်မှတ်၊ အဆင့် ၆ နေရာက မန်ယူနဲ့ လေးမှတ်သာ ကွာတော့တာကြောင့် ဒီပွဲမှာသာမန်စီးတီးတို့ ရှုံးနိမ့်ခဲ့မယ်ဆိုရင် မန်ယူနဲ့ တစ်မှတ်သာ ကွာတော့မှာဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တောင် ခက်ခဲသွားနိုင်ပါတယ်။ ဒါကြောင့် မန်စီးတီးတို့ အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေကာ ခြေသာမန်သာရှိတဲ့မန်ယူကို အနိုင်ယူသွားမှာပါ။

## အဲဗာတန် vs အာဆင်နယ်

| ပ-ကျော့ | အာဆင်နယ် | ၂ | ၁ | အဲဗာတန် |
|---|---|---|---|---|

အာဆင်နယ်ဟာ ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရဖို့ မန်စီးတီးရဲ့ ဖိအားပေးမှုကိုခံနေရတာကြောင့် နောက်ပိုင်းပွဲတွေမှာ နိုင်ပွဲရရေး အားစိုက်ကစားနေတာကိုတွေ့ရပါတယ်။ ဒါပေမယ့် အာဆင်နယ်ဟာ တိုက်စစ်ပိုင်း အားနည်းမှုတွေရှိနေသလို ချန်ပီယံလိဂ်ပွဲစဉ်မှာ ဘာစီလိုနာနဲ့ ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ အဲဗာတန်ကတော့ နောက်ဆုံးကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ကစားပုံကောင်းမွန်ခဲ့ပြီး ချယ်လ်ဆီးကိုတောင် အနိုင်ရခဲ့ပါတယ်။ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုကောင်းတတ်လို့လည်း အဲဗာတန်ပဲအနိုင်ရမယ်။

## ဝက်စ်ဘရွန်း vs နော့ဝှစ်ချ်

| ပ-ကျော့ | နော့ဝှစ်ချ် | ၀ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဝက်စ်ဘရွန်းခြေက ကောင်းမွန်နေပါတယ်။ တန်းမဆင်းရရေးအတွက်လည်း တဖြည်းဖြည်းနဲ့ စိတ်ချရမှုရှိလာတာကြောင့် ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာတော့မဟုတ်ပါဘူး။ ဒါပေမယ့် တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေတဲ့နော့ဝှစ်ချ်ရဲ့ ခံကစားအားကလည်း ကောင်းမွန်မှုရှိနေတာ တွေ့ရပါတယ်။ နောက်ဆုံးပွဲစဉ်မှာ မန်စီးတီးကိုတောင် အိမ်ကွင်းမှာ သရေကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း နော့ဝှစ်ချ်အနေနဲ့အဝေးကွင်း ဖြစ်ပေမယ့် တန်းမဆင်းရဖို့ခံကစားလာရင် ဝက်စ်ဘရွန်းတို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

## ပဲလေ့စ် vs လက်စတာ

| ပ-ကျော့ | လက်စတာ | ၁ | ၀ | ပဲလေ့စ် |
|---|---|---|---|---|

ချန်ပီယံဆုမှန်းနေတဲ့ လက်စတာအနေနဲ့ဒီလိုပွဲစဉ်မျိုးမှာ နိုင်ပွဲရယူနိုင်ရေးအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လက်စတာဟာ လက်ရှိအချိန်မှာ ခြေစွမ်းအနည်းငယ် ကျဆင်းနေပါတယ်။ တိုက်စစ်ကလည်းဂိုးသွင်းနှုန်း ကျဆင်းလာတာကို တွေ့ရပါတယ်။ ပဲလေ့စ်ကတော့ လက်ရှိခြေမတည်ငြိမ်ပေမယ့် အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားသွားမှာ သေချာနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ လက်စတာတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ လက်စတာ အားစိုက်ကစားလာမှာဖြစ်ပေမယ့် နိုင်ရင်တောင်ဂိုးမပြတ်ဘူး။

## ဝက်ဖို့ဒ် vs စတုတ်

| ပ-ကျော့ | စတုတ် | ၀ | ၂ | ဝက်ဖို့ဒ် |
|---|---|---|---|---|

စတုတ်ဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဆောက်သမ်တန်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ရေးအတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ စတုတ်ရဲ့ခြေကလည်း ရှုံးပွဲကြုံတွေ့ခဲ့ရတယ်ဆိုပေမယ့်လည်း အသင်းလိုက်ကစားပုံကောင်းမွန်နေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ကလည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် အမှတ်ရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာသေချာနေတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း စတုတ်အနေနဲ့ နိုင်ပွဲရယူနိုင်ဖို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ ဝက်ဖို့ဒ်ရဲ့ခံကစားအားကြောင့် သရေကျမယ်။

| ပရီမီယာလိဂ်ပွဲစဉ်(၃၁) | | | | |
|---|---|---|---|---|
| စနေနေ့ (၁၉-၃-၁၆) | | | | |
| ည ၇း၁၅ | အဲဗာတန် | vs | အာဆင်နယ် | |
| ည ၉း၃၀ | ပဲလေ့စ် | vs | လက်စတာ | |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | vs | နော့ဝှစ်ချ် | |
| ည ၉း၃၀ | ဝက်ဖို့ဒ် | vs | စတုတ် | |
| ည ၉း၃၀ | ချယ်လ်ဆီး | vs | ဝက်စ်ဟမ်း | |
| နံနက် ၀၀း၀၀ | ဆွမ်ဆီး | vs | အက်စ်တွန်ဗီလာ | |
| တနင်္ဂနွေနေ့ (၂၀-၃-၁၆) | | | | |
| ည ၈း၀၀ | ဆောက်သမ်တန် | vs | လီဗာပူး | |
| ည ၈း၀၀ | နယူးကာဆယ် | vs | ဆန်းဒါးလန်း | |
| ည ၁၀း၃၀ | စပါး | vs | ဘုန်းမောက် | |

| စပိန်လီဂါပွဲစဉ်(၃၀) | | | |
|---|---|---|---|
| သောကြာနေ့ (၁၈-၃-၁၆) | | | |
| နံနက် ၂း၀၀ | ဂီတာဖေး | vs | အီဘာ |
| စနေနေ့ (၁၉-၃-၁၆) | | | |
| ည ၉း၃၀ | ဂီဂွန် | vs | အက်သလက် |
| ည ၁၁း၄၅ | ဆိုစီဒက် | vs | လက်ပဲလ်မတ် |
| ည ၁၁း၄၅ | ဂရန်နာဒါ | vs | ဗယ်လက်ကာနို |

| စီးရီးအေပွဲစဉ်(၃၀) | | | |
|---|---|---|---|
| စနေနေ့ (၁၉-၃-၁၆) | | | |
| ည ၁၁း၃၀ | အမ်ပိုလီ | vs | ပါလာမို |
| နံနက် ၂း၁၅ | ရိုးမား | vs | အင်တာ |
| တနင်္ဂနွေနေ့ (၂၀-၃-၁၆) | | | |
| ည ၆း၀၀ | အတ္တလန္တာ | vs | ဘိုလော့ဂ်နာ |
| ည ၈း၃၀ | ဗီရိုနာ | vs | ကာပီ |
| ည ၈း၃၀ | ဆမ်ဒိုးရီးယား | vs | ချီယေဗို |
| ည ၈း၃၀ | ဖရိုစီနိုနီ | vs | ဗီအိုရင်တီးနား |
| ည ၈း၃၀ | တိုရီနို | vs | ဂျူဗင်တပ်စ် |
| ည ၈း၃၀ | ဆက်ဆူအိုလို | vs | အူဒီးနိစ် |
| ည ၁၁း၃၀ | နာပိုလီ | vs | ဂျီနိုအာ |
| နံနက် ၂း၁၅ | အေစီမီလန် | vs | လာဇီယို |

| | | | |
|---|---|---|---|
| နံနက် ၂း၀၀ | ဒီပို့တီဗို | vs | လီဗန်တေး |
| နံနက် ၃း၃၅ | ဘက်တစ် | vs | မာလာဂါ |
| တနင်္ဂနွေနေ့ (၂၀-၃-၁၆) | | | |
| ညနေ ၅း၃၀ | အက်စ်ပန်ညို | vs | ဘီဘာအို |
| ည ၉း၃၀ | ဗီလာရီးရဲ | vs | ဘာစီလိုနာ |
| ည ၁၁း၄၅ | ဗလင်စီယာ | vs | ဆယ်တာဗီဂို |
| နံနက် ၂း၀၀ | ရီးရဲ | vs | ဆီဗီလာ |